Myanmar Network Organization for Free and Fair Elections

MYNFREL

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲ

## စောင့်ကြည့်လေ့လာမှု အပြီးသတ်အစီရင်ခံစာ



Myanmar Network Organization for Free and Fair Elections

MYNFREL

# ၂၀၂၀ အထွေထွေရွေးကောက်ပွဲ

## အပြီးသတ်အစီရင်ခံစာ

မြန်ဖရယ်

**၂၀၂၀အထွေထွေရွေးကောက်ပွဲလေ့လာတွေ့ရှိချက်အပြီးသတ်အစီရင်စာ**
ရေးသားသူ - မြန်ဖရယ်
email : myanmar.mynfrel@gmail.com
Website : https://www.mynfrel.org/
၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် ပုံနှိပ်ထုတ်ဝေသည်။
ပုံနှိပ် - ဆည်းဆာ
ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃၊ ၀၉ ၂၅၄၂ ၇၈၃၈၄
အတွင်းဒီဇိုင်း - မြတ်မင်း၊ နေဇော်အောင်အောင်
မျက်နှာဖုံးဒီဇိုင်း - ဝဏ္ဏအောင်
စာမျက်နှာ - ၉၂၊ ၂၄ × ၁၆ စင်တီ

ယခုလေ့လာဆန်းစစ်မှုသည် မြန်ဖရယ်အဖွဲ့၏တွေ့ရှိချက်သာဖြစ်ပြီး စီမံကိန်းတွင်ပါဝင်သည့် အခြားသောအဖွဲ့များအား ကိုယ်စားပြုတင်ပြစေမည် မဟုတ်ပါ။ ထုတ်ဝေမှုမှ လေ့လာတွေ့ရှိချက်များအား ရည်ညွှန်းစာပေး၍ လွတ်လပ်စွာဖြင့်သုံးစွဲနိုင်ပါသည်။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


၁။ မြန်ဖရယ် (MYNFREL)အကြောင်း------------------------------------ ၇

၂။ ကျေးဇူးတင်လွှာ------------------------------------ ၈

၃။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းရည်ရွယ်ချက်------------------------------------ ၉

၄။ နောက်ခံအကြောင်းအရာ------------------------------------ ၁၁

၅။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုနည်းစနစ်------------------------------------ ၁၂

၆။ ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်------------------------------------ ၁၃

၇။ မြန်မာနိုင်ငံရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်နှင့် နိုင်ငံတကာစံနှုန်းများ--------------- ၁၅

၈။ ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအခင်းအကျင်း----------------- ၁၆


## အပိုင်း(က)
## ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအကြိုကာလ တွေ့ရှိချက်များ


၉။ မြို့နယ်ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းခြင်းဖြစ်စဉ်ကို
စောင့်ကြည့်လေ့လာခြင်းမှတွေ့ရှိချက်များ------------------------------------ ၁၉

၁၀။ နိုင်ငံရေးပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများနှင့်
တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်စဉ်ကို
စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ------------------------------------ ၂၂

၁၁။ မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာခြင်းဖြစ်စဉ်ကို
စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ------------------------------------ ၂၉

၁၂။ မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များမှတွေ့ရှိချက်များ------------------------------ ၃၂

၁၃။ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံကို
စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ------------------------------------ ၃၇

၁၄။ နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးခြင်းဖြစ်စဉ်ကို
စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ------------------------------------ ၄၀

၁၅။ ကြိုတင်မဲပေးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှတွေ့ရှိချက်များ----------------- ၄၇

၁၆။ ရွေးကောက်ပွဲမတိုင်မီတစ်ရက် (Silent Day)
မဲဆွယ်စည်းရုံးမှုအခြေအနေများမှ တွေ့ရှိချက်များ------------------------------------------၅၃
၁၇။ COVID-19 အခြေအနေမှာ ကျင်းပရသော အထွေထွေရွေးကောက်ပွဲများတွင်
မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊
လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသောအခက်အခဲများ-------------------- ၅၅

## အပိုင်း(ခ)
## ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနေ့တွေ့ရှိချက်များ

၁၈။ မဲရုံဝန်းကျင်အခြေအနေ------------------------------------------------------------------- ၅၈
၁၉။ မဲရုံဖွင့်လှစ်ခြင်း-------------------------------------------------------------------------- ၆၂
၂၀။ မဲပေးခြင်းဖြစ်စဉ်--------------------------------------------------------------------------- ၆၆
၂၁။ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း------------------------------------------------------------ ၇၂
၂၂။ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းအတွေ့အကြုံနှင့်ပတ်သတ်၍
မဲဆန္ဒရှင်များနှင့် အမေးအဖြေ--------------------------------------------------------------- ၇၇
၂၃။ ရွေးကောက်ပွဲနေ့တွင် မဲရုံများအား အဆင့်သတ်မှတ်ခြင်း-------------------------------- ၇၈
၂၄။ ကြိုတင်မဲပေးခြင်းဖြစ်စဉ်နှင့်ရွေးကောက်ပွဲနေ့မဲပေးခြင်းဖြစ်စဉ်နှစ်ရပ်အား
နှိုင်းယှဉ်လေ့လာခြင်းမှလေ့လာတွေ့ရှိချက်များ------------------------------------------- ၇၉

## အပိုင်း(ဂ)
## ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနောင်းပိုင်းကာလတွေ့ရှိချက်များ

၂၅။ ရွေးကောက်ပွဲအလွန် အငြင်းပွားမှုများအခြေအနေရွေးကောက်ပွဲနှင့်
ပတ်သက်ဆက်စပ်သူများသို့ တိုက်တွန်းအကြံပြုချက်များ--------------------------------- ၈၃
၂၆။ လွှတ်တော်သို့ တိုက်တွန်းအကြံပြုချက်များ--------------------------------------------------- ၈၄
၂၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုက်တွန်းအကြံပြုချက်များ-------------------- ၈၄
၂၈။ နိုင်ငံရေးပါတီများသို့ တိုက်တွန်းအကြံပြုချက်များ------------------------------------------ ၈၆
၂၉။ အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ-------------------------- ၈၇
၃၀။ အခြားအစိုးရဝန်ကြီးဌာနများသို့ တိုက်တွန်းအကြံပြုချက်---------------------------------- ၈၈
မှတ်တမ်းတင်ဂုဏ်ပြုခြင်း------------------------------------------------------------------------ ၈၉

# မြန်ဖရယ် (MYNFREL) အဖွဲ့အစည်းဆိုင်ရာ အကျဉ်းချုပ်

မြန်ဖရယ် (MYNFREL) အဖွဲ့အစည်းသည် အကျိုးအမြတ်မယူသောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများသေချာစေမှုကိုအားဖြည့်ပေးကာ ဒီမိုကရေစီကျကျ ကိုယ်စားပြုမှုဖြစ်လာပေါ်လာစေရန်ဆောင်ရွက်ခြင်းနှင့်ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် ပညာဗဟုသုတပြည့်ဝသော နိုင်ငံသားများပါဝင်ဆောင်ရွက်မှုကိုအားပေးခြင်းဖြင့်၊ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဒီမိုကရေစီထွန်းကားစေလိုသည့်မျှော်မှန်းချက်ဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ဖြစ်ပါသည်။

လူထုလူတန်းစားဘဝအလွှာအသီးသီးမှနိုင်ငံသားများ အမှန်တကယ်ကိုယ်စားပြုနိုင်မှသာလျှင် ဒီမိုကရေစီ မှန်ကန်စွာလည်ပတ်နိုင်လိမ့်မည်ဟု မိမိတို့မှယုံကြည်ပါသည်။ ရွေးကောက်ပွဲများလွတ်လပ်ပြီး တရားမျှတမှုဖြစ်စေရန်အရေးကြီးပြီး၊ နိုင်ငံသားများ၎င်းတို့၏ဒီမိုကရေစီအခွင့်အရေးများကို အပြည့်အဝ ရရှိခံစားစေနိုင်ရန်အတွက်နှင့်စစ်မှန်သည့် ဒီမိုကရေစီကျကျကိုယ်စားပြုမှုဖြစ်ပေါ်စေနိုင်ရန်အတွက် နိုင်ငံသားများ၏ပူပေါင်းပါဝင်ဆောင်ရွက်မှုသည် တက်ကြွ၊ ပညာဗဟုသုတနှင့် ပြည့်စုံပြီး စနစ်တကျစုစည်း ချိတ်ဆက်မှုဖြစ်ရန်လိုအပ်ပါသည်။

အထက်ပါယုံကြည်ချက်ကို စိတ်ထဲဆွဲကိုင်၍၊ ဒီမိုကရေစီရွေးကောက်ပွဲများ လွတ်လပ်ပြီးတရားမျှတမှု ရှိစေရန်ပံ့ပိုးကူညီပေးခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် နိုင်ငံသားများ၏ပါဝင်ဆောင်ရွက်မှုတိုးတက် လာစေရန်အတွက် ရွေးကောက်ပွဲများနှင့်ဒီမိုကရေစီရပိုင်ခွင့်များဆိုင်ရာ အမြင်ဖွင့်ပေးခြင်းနှင့် ရွေးကောက်ပွဲတိုင်းကိုစောင့်ကြည့်လေ့လာခြင်းကိုမိမိတို့မှဆောင်ရွက်ခဲ့ပြီး ဆက်လက်ဆောက်ရွက်ရန် သံဓိဋ္ဌာန်ချထားပါသည်။

ကျွန်ုပ်တို့အဖွဲ့အစည်းသည် စစ်အာဏာရှင်အုပ်ချုပ်ရေး နှစ်(၅၀)ကျော်ကာလအလွန်၊ မြန်မာ့ဒီမို ကရေစီအသွင်ကူးပြောင်းရေးကိုစတင်ဖော်ဆောင်သည့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲကို စောင့်ကြည့် လေ့လာရန်အတွက် အထူးအရေးပေါ်ကွန်ယက်အဖြစ် MYNFREL ကိုဇွန်လ (၁၀) ရက်နေ့တွင် ဖွဲ့စည်း တည်ထောင်ခဲ့ပါသည်။ ဖွဲ့စည်းတည်ထောင်သူများမှာ မတူကွဲပြားသည့်အဖွဲ့အစည်းနှင့် လူမှုရေးနောက်ခံ သမိုင်းကြောင်းမှဝင်ရောက်လာသူများဖြစ်ပြီး၊ တိုင်းပြည်အတွင်းချောမွေ့သည့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး သေချာစေရန်အတွက် အတူတကွဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးမှု စတင်ကတည်းက ရွေးကောက်ပွဲများကိုစောင့်ကြည့်လေ့လာသည့် ပထမဆုံးတစ်ခုတည်းသော စွန့်ဦး တည်ထောင်သည့်ကွန်ယက်အဖွဲ့အစည်းတစ်ခုဖြစ်ပသည်။

အဖွဲ့အစည်းတည်ထောင်ခဲ့သည့်နေရက်မှစတင်၍၊ တူညီသည့် စံနှုန်းတန်ဖိုးများထားရှိသည့် ပြည်တွင်း၊ ပြည်ပမိတ်ဖက်များနှင့်ရွေးကောက်ပွဲနှင့်ဆက်စပ်သည့်ကိစ္စရပ်များကို MYNFRELမှအတူတကွဆောင်ရွက် ခဲ့ပါသည်။

■

# ကျေးဇူးတင်လွှာ

မြန်မာ့နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်သည့် (၂၀၂၀)ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးကို Myanmar Network Organization for Free and Fair Elections (MYNFREL)မှ စောင့်ကြည့်လေ့လာခဲ့ရာတွင် တရားဝင်လွတ်လပ်စွာနှင့် အမှီအခိုကင်းစွာ စောင့်ကြည့်လေ့လာနိုင်စေရန်ခွင့်ပြုပေးခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ မိမိတို့၏စောင့်ကြည့်လေ့လာသူများ တရားဝင်စောင့်ကြည့်လေ့လာနိုင်စေရန်ရွေးကောက်ပွဲလေ့လာသူ သက်သေခံကတ်ပြားများရယူရာတွင် အဆင်ပြေချောမွေ့စေရန်အတွက်အကူအညီပေးခဲ့ကြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ခုံရုံးဌာနမှတာဝန်ရှိသူများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာရာတွင် လိုအပ်သောသတင်းအချက်အလက်များရယူနိုင်ရန် အကူအညီပေးခဲ့ကြသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ မဲရုံတွင်တာဝန်ထမ်းဆောင်ခဲ့ကြသော မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များနှင့် မဲဆန္ဒရှင်ပြည်သူများအားလုံးကိုအထူးပင်ကျေးဇူးတင်ရှိပါသည်။

ထို့အပြင် Myanmar Network Organization for Free and Fair Elections (MYNFREL)၏ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့ရှိ မြို့နယ်စုစုပေါင်း(၃၅)မြို့နယ်တွင် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းလုပ်ငန်းစဉ်ကိုအောင်မြင်စွာဆောင်ရွက်နိုင်ရန် အဓိကအားဖြင့်ဝိုင်းဝန်းကူညီပေးခဲ့ကြသော ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူများ၊ ရွေးကောက်ပွဲကာလတိုစောင့်ကြည့်လေ့လာသူများနှင့်တကွ (၂၀၂၀) ခုနှစ် အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရန် ပံ့ပိုးကူညီပေးခဲ့ကြသော MYNFREL အဖွဲ့သားများအားလုံးအား ကျေးဇူးအထူးတင်ရှိပါသည်။

ထိုကဲ့သို့လေ့လာစောင့်ကြည့်နိုင်စေရန် နည်းပညာပံ့ပိုးကူညီပေးခဲ့သော Democracy Reporting International (DRI)၊ ရံပုံငွေပံ့ပိုးကူညီပေးခဲ့သော နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် Norwegian People's Aid (NPA)၊ FHI ၃၆၀ နှင့် Democracy Reporting International (DRI) တို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်လိုက်ရပါသည်။

**ကျေးဇူးတင်စွာဖြင့်**

**Myanmar Network Organization**
**for Free and Fair Elections**
**( မြန်ဖရယ် - MYNFREL )**

■

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်းရည်ရွယ်ချက်

- တိုင်းရင်းသားလူနည်းစုများနှင့်လူငယ်များအနေဖြင့် ရွေးကောက်ပွဲဖြစ်စဉ်များတွင် တက်ကြွသောနိုင်ငံသားကောင်းများအဖြစ် ပိုမိုပါဝင်လာစေရန်။

- ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ဖြစ်စဉ်တစ်လျောက်လုံးတွင်ဘက်မလိုက်သော ပြည်တွင်းအရပ်ဘက်လူမှုအဖွဲ့အစည်းတစ်ခုအနေဖြင့် စောင့်ကြည့်လေ့လာခြင်းအားဖြင့် ရွေးကောက်ပွဲ၏သမာသမတ်ကျမှုနှင့်ရွေးကောက်ပွဲဖြစ်စဉ်အားလုံးအပေါ် အများယုံကြည်လက်ခံမှုကို မြှင့်တင်ရန်။

- ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရာမှရရှိလာသော တွေ့ရှိချက်များကို အခြေခံ၍ ပိုမိုကောင်းမွန်သောရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်များနှင့် လုပ်ထုံးလုပ်နည်းများဖြင့် အားလုံးပါဝင်မှုကိုမြှင့်တင်နိုင်သော ဒီမိုကရေစီနည်းကျ ရွေးကောက်ပွဲဖြစ်စဉ်များ အစဉ်ဖြစ်ထွန်းလာစေရန် ရွေးကောက်ပွဲ၌ပတ်သက်ဆက်စပ်သူများကို တိုက်တွန်းအကြံပြုပေးနိုင်ရန်။

■

# ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခြင်း အစီရင်ခံစာ

## နိုင်ငံရေးနောက်ခံအကြောင်းအရာ

မြန်မာနိုင်ငံသည် ဒီမိုကရေစီအသွင်ကူးပြောင်းဆဲ နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈)ရက်တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးရေချိန်နှင့် ဒီမိုကရေစီကိုယ်ခံအားမည်မျှရှိသည်ကိုစမ်းသပ်တိုင်းတာရမည့် အင်မတန်အရေးကြီးနေဆဲ အချိန်ကာလတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ပါလီမန်ဒီမိုကရေစီခေတ်က ရွေးကောက်ပွဲများထွန်းကားခဲ့သော်လည်း စစ်အစိုးရအဆက်ဆက်၏ နှစ်ပေါင်း (၆၀)ကြာအုပ်ချုပ်မှုကြောင့် ရွေးကောက်ပွဲယန္တယားပျက်ခဲ့ပြီး တရားဝင်အာဏာလွှဲပြောင်းမှုနှင့် လူထုထောက်ခံမှုရသော အစိုးရအုပ်ချုပ်မှုပုံစံဖြင့် အဆက်ပြတ်နေခဲ့သည်။ ထိုသို့သော နိုင်ငံရေးမတည်ငြိမ်မှုများကြားမှတက်ကြွလှုပ်ရှားသူများ၊ လူမှုအဖွဲ့အစည်းများနှင့် လူမျိုးစုတိုင်းရင်းသားများအားလုံးအနေဖြင့် စစ်အာဏာရှင်အုပ်ချုပ်ရေးပုံစံအား နည်းလမ်းမျိုးစုံဖြင့်တော်လှန်ခဲ့ကြပြီး လူထုထံတွင်အာဏာကိုနှင်းအပ်ထားသော (တနည်းအားဖြင့်) ပုံမှန်ကျင်းပသော ရွေးကောက်ပွဲများပေါ်ပေါက်လာစေရေးကိုအစဉ်တစိုက်အားထုတ်ခဲ့ကြသည်။ ထိုသို့ စုစည်းလှုပ်ရှားမှုများကြောင့် ၁၉၉၀ခုနှစ်တွင် နိုင်ငံရေးပါတီစုံဝင်ရောက်ယှဉ်ပြိုင်နိုင်သော ရွေးကောက်ပွဲတစ်ရပ်ကို စတင် ကျင်းပနိုင်ခဲ့ပါသည်။ ယင်း ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲသည်လည်း အာဏာလွှဲအပ်ခြင်းကိစ္စရပ်များတွင် အတိမ်းအစောင်းများကြောင့် အစိုးရဖွဲ့နိုင်သည်အထိ အထမမြောက်ဘဲ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမှစပြီး ၂၀၁၀ ခုနှစ်အထိ မည်သည့် ရွေးကောက်ပွဲမျှမပေါ်ပေါက်ခဲ့ဘဲ မြန်မာနိုင်ငံသည် တပ်မတော်ဦးဆောင်သောအစိုးရ အုပ်ချုပ်မှုလက်အောက်တွင်ရှိနေခဲ့သည်။ ထိုကဲ့သို့ နှစ်ပေါင်း(၂၀)ခန့်အကြာ မြန်မာနိုင်ငံတွင်ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းတစ်ရပ်အနေဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာလ (၇)ရက်နေ့တွင်ပါဝင်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီပေါင်း (၃၇)ပါတီဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပနိုင်ခဲ့သည်။ ထိုကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရာတွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုအခြေခံကာ ရွေးကောက်ပွဲဥပဒေများကိုရေးဆွဲပြဋ္ဌာန်းပြီးအထွေထွေရွေးကောက်ပွဲများမှတဆင့် ဒီမိုကရေစီနည်းကျအုပ်ချုပ်မှုလမ်းစဉ်ကို ဖော်ဆောင်

ခဲ့သော်လည်းသက်ဆိုင်ရာလွှတ်တော်များတွင်မူ ပြည်သူလူထုမှရွေးကောက်တင်မြှောက်ထားခြင်း မရှိသော တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များမှာ ၂၅ ရာခိုင်နှုန်းပါဝင်နေဆဲဖြစ်သည်။ ၂၀၁၀ ခုနှစ် နောက်ပိုင်း အထွေထွေရွေးကောက်ပွဲများအနေဖြင့် ၂၀၁၀ ခုနှစ် ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများအား ဖြတ်သန်းခဲ့ကြပြီးပြီးခဲ့သည့် ၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲ သည် ၁၉၉၀နောက်ပိုင်း မြန်မာနိုင်ငံ၏တတိယအကြိမ်မြောက်ကျင်းပသည့် အထွေထွေရွေးကောက်ပွဲ ဖြစ်သည်။

မြန်မာနိုင်ငံသည် နှစ်ပေါင်းများစွာတည်ရှိနေခဲ့သော ပြည်တွင်းပဋိပက္ခများနှင့်နယ်စပ်ပြဿနာများ ကြားမှ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကိုလည်း ယှဉ်ပြိုင်သူနိုင်ငံရေးပါတီပေါင်း (၉၁) ပါတီဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာမှအသိအမှတ်ပြုခံရသော လွတ်လပ်မျှတသည့်ရွေးကောက်ပွဲအဖြစ် ဆက်လက် ကျင်းပနိုင်ခဲ့သည်။

ယခု ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် မြန်မာနိုင်ငံအတွက် အထက်ပါ စိန်ခေါ်မှုများကြားမှ ကျင်းပခဲ့ရသည့်အပြင် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါနှင့် မှန်ကန်သောနိုင်ငံရေးလမ်း ကြောင်းများဖော်ဆောင်ရေး လမ်းနှစ်သွယ်ကြားမှကျင်းပရန်ဆုံးဖြတ်ခြင်းမှာ ဖွံ့ဖြိုးမှုနောက်ကျသော၊ ဒီမိုကရေစီရင့်သန်မှုအားနည်းသေးသော မြန်မာနိုင်ငံအတွက်စွန့်စားမှုတစ်ရပ်ပင်ဖြစ်ပါသည်။

## စီမံကိန်းနောက်ခံအကြောင်းအရာ

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) အဖွဲ့မှ (၂၀၂၀) ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုစောင့်ကြည့်လေ့လာရာတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ မြို့နယ်ပေါင်း (၂၇)မြို့နယ်တွင် ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦးဖြင့် (၂၀၂၀)ခုနှစ် စက်တင်ဘာလ မှစ၍ နိုဝင်ဘာလအထိ ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနှောင်းပိုင်းကာလ စသည်တို့ကို စောင့်ကြည့်လေ့လာခြင်းဖြစ်ပါသည်။ ထိုသို့ရွေးကောက်ပွဲကာလ(၃)ခုလုံးကို စောင့်ကြည့်လေ့ လာရာ၌ ရွေးကောက်ပွဲဖြစ်စဉ်တွင် တိုင်းရင်းသားလူနည်းစုပါဝင်မှုနှင့် လူငယ်များ၏ပါဝင်မှုအခန်းကဏ္ဍ ကိုအဓိကထားပြီး စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ပါသည်။ တိုင်းရင်းသားလူနည်းစုဆိုသည်မှာ ဥပမာ ကချင်ပြည်နယ်ဆိုလျှင် ကချင်လူမျိုးသည်တိုင်းရင်းသားလူမျိုးကြီးဖြစ်ပြီး ကချင်မဟုတ်သော ကချင်လူမျိုးစု ထဲမှာပါသော ကချင်တိုင်းရင်းသားလူနည်းစု(၁၁)မျိုးနှင့်အခြား ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတို့ကိုဆိုလိုခြင်း ဖြစ်ပါသည်။ တနင်္သာရီတိုင်းမှဆိုလျှင် ဗမာလူမျိုးသည်တိုင်းရင်းသား လူမျိုးကြီးဖြစ်ပြီး ဗမာမဟုတ်သောဗမာလူမျိုးစုထဲမှာပါရှိသော ဗမာတိုင်းရင်းသားလူနည်းစု(၈)မျိုးနှင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့်ရှမ်းတို့ကို ဆိုလိုခြင်းဖြစ်ပါသည်။ လူငယ်ဆိုသည်မှာ အသက်(၁၈)နှစ်ကနေ အသက်(၃၅)နှစ်အထိကို ဆိုလိုခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူများသည် မိမိတို့၏သက်ဆိုင်ရာမြို့နယ်များတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဖွဲ့စည်းပုံ၊ နိုင်ငံရေးပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာ ခြင်း၊ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံ၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ နှင့်ရွေးကောက်ပွဲရလဒ်ဆိုင်ရာအငြင်းပွားမှုစသည့်ရွေးကောက်ပွဲဖြစ်စဉ်များကိုစောင့်ကြည့်လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

ထို့အပြင် ရွေးကောက်ပွဲကာလတိုစောင့်ကြည့်လေ့လာသူ(၁၇၁)ဦးသည် ရွေးကောက်ပွဲနေ့ (နိုဝင်ဘာလ ၈ ရက်) တွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ မြို့နယ်ပေါင်း (၃၅)မြို့နယ်တွင် ၄င်းတို့တာဝန်ကျရာ မဲရုံများ၌ မဲရုံပတ်ဝန်းကျင်အခြေအနေ၊ မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်း၊ မဲရုံပိတ်ခြင်း၊ မဲရေတွက်ခြင်းနှင့် ထူးခြားဖြစ်စဉ်များစသည့်ရွေးကောက်ပွဲဖြစ်စဉ်များကို စောင့်ကြည့်လေ့လာခဲ့ကြပါသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) အဖွဲ့သည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ အသိအမှတ်ပြုလွှာကို ရရှိခဲ့ပြီး ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတို့ လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်စည်းကမ်း များနှင့်အညီ (၂၀၂၀)ခုနှစ် အထွေထွေရွေးကောက်ပွဲကို ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာ သူ(၂၇)ဦးနှင့် ရွေးကောက်ပွဲကာလတိုစောင့်ကြည့်လေ့လာသူ (၁၇၁)ဦးတို့နှင့်အတူ ပူးပေါင်းဆောင်ရွက် ခဲ့ပါသည်။ မြန်ဖရယ်(MYNFREL)အဖွဲ့နှင့်အတူ ရွေးကောက်ပွဲကိုကျင့်ဝတ်စည်းကမ်းများနှင့်အညီ အရည်အသွေးပြည့်ဝစွာစောင့်ကြည့်လေ့လာနိုင်စေရန်အတွက် ရွေးကောက်ပွဲစောင့်ကြည့် လေ့လာကြမည့် ကာလရှည်စောင့်ကြည့်လေ့လာသူတွေအတွက် (၅)ရက်သင်တန်းကို ဩဂုတ်လတွင် ရန်ကုန်မြို့၌လည်းကောင်း၊ ကာလတိုစောင့်ကြည့်လေ့လာသူတွေအတွက် (၂)ရက်သင်တန်းကို အွန်လိုင်းပလက်ဖောင်းမှ အောက်တို ဘာလကနေ နိုဝင်ဘာလအတွင်းလည်းကောင်း ပြုလုပ်ခဲ့ပါသည်။ မြန်ဖရယ်(MYNFREL)အဖွဲ့အနေဖြင့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလ၊ ရွေးကောက်ပွဲနှောင်းပိုင်းကာလတွေကို စောင့်ကြည့် လေ့လာရာတွင် Democracy Reporting International (DRI) အဖွဲ့မှလည်း နည်းပညာအကူအညီကို ပံ့ပိုးပေးခဲ့ပါသည်။

## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှုနည်းစနစ်

### (က) ရွေးကောက်ပွဲ အကြိုကာလ

တိုင်းဒေသကြီးနှင့်ပြည်နယ်(၄)ခုရှိ မြို့နယ်ပေါင်း(၂၇)မြို့နယ်မှ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့် လေ့လာသူ (၂၇)ဦးသည် သက်ဆိုင်ရာမြို့နယ်များ၌ မြန်ဖရယ် (MYNFREL)အဖွဲ့မှပြုလုပ်ထားသည့် စောင့်ကြည့်လေ့လာရေးဖောင်ပုံစံများကိုအသုံးပြု၍ ရွေးကောက်ပွဲအကြိုကာလဖြစ်စဉ်များနှင့်ပတ်သက် သော အချက်အလက်များကို စက်တင်ဘာလမှစ၍အောက်တိုဘာလအထိ (၂)လတာ လေ့လာကောက်ယူခဲ့ပါ သည်။ ရရှိလာသောရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို ရန်ကုန်မြို့ရှိ မြန်ဖရယ် (MYNFREL) ရုံးသို့ (၁၀)ရက်လျှင် (၁)ကြိမ်စီဖြင့် ပြန်လည်အစီရင်ခံတင်ပြခဲ့ကြပါသည်။

### (ခ) ရွေးကောက်ပွဲနေ့

တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုရှိ မြို့နယ်ပေါင်း(၃၅)မြို့နယ်မှ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့် လေ့လာသူ(၂၇)ဦးနှင့် ရွေးကောက်ပွဲကာလတိုစောင့်ကြည့်လေ့လာသူ(၁၇၁)ဦး စုစုပေါင်း(၁၉၈)ဦးတို့သည် ရွေးကောက်ပွဲနေ့ နိုဝင်ဘာလ(၈)ရက်နေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ မဲရုံများတွင် မဲရုံမဖွင့်ခင် နံနက် (၅း၃၀)မှစ၍ ညနေမဲရုံပိတ်ပြီး မဲလဒ်တွေထုတ်ပြန်ပြီးသည့်အချိန်အထိ တစ်ရက်တာစောင့်ကြည့်လေ့လာ ခဲ့ကြပါသည်။ ထိုသို့မဲရုံများကိုစောင့်ကြည့်လေ့လာရာတွင် ရွေးကောက်ပွဲကာလတိုစောင့်ကြည့်လေ့လာ သူ (၁၇၁) ဦးတို့သည် မဲရုံများ၌အခြေချစနစ်ဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့် လေ့လာသူ (၂၇) ဦးတို့သည် မဲရုံများ၌ရွေ့လျားစနစ်ဖြင့်လည်းကောင်း စောင့်ကြည့်လေ့လာခဲ့ကြပါသည်။

### (ဂ) ရွေးကောက်ပွဲနှောင်းပိုင်းကာလ

တိုင်းဒေသကြီးနှင့်ပြည်နယ်(၄)ခုရှိ မြို့နယ်ပေါင်း(၂၇)မြို့နယ်မှ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့် လေ့လာသူ (၂၇) ဦးသည် သက်ဆိုင်ရာမြို့နယ်များ၌ မြန်ဖရယ် (MYNFREL) အဖွဲ့မှ ပြုလုပ်ထားသည့် စောင့်ကြည့်လေ့လာရေးဖောင်ပုံစံများကိုအသုံးပြု၍ ရွေးကောက်ပွဲနှောင်းပိုင်းကာလဖြစ်စဉ်များနှင့် ပတ်သက်သောအချက်အလက်များကို ရွေးကောက်ပွဲနေ့ပြီးနောက် နိုဝင်ဘာလအတွင်း လေ့လာကောက်ယူ ခဲ့ပါသည်။ ရရှိလာသော ရွေးကောက်ပွဲဆိုင်ရာအချက်အလက်များကို ရန်ကုန်မြို့ရှိ မြန်ဖရယ် (MYNFREL) ရုံးသို့ (၁၀)ရက်လျှင်(၁)ကြိမ်စီဖြင့် ပြန်လည်အစီရင်ခံတင်ပြကြပါသည်။

## လေ့လာမှုနယ်ပယ်မှ ကန့်သတ်ချက်များ (Scope of Limitation)

ဤလေ့လာမှုသည် ပြည်နယ်နှင့်တိုင်းဒေသကြီး (၄)ခုမှ မြို့နယ် (၂၇) မြို့နယ်အားလေ့လာခဲ့ခြင်း ဖြစ်သည်။ လေ့လာမှုအတွက်အချိန်(၃)လကြာ မိမိတို့ရွေးချယ်သတ်မှတ်ခဲ့သောမြို့နယ်များအား စောင့်ကြည့် လေ့လာခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့ စောင့်ကြည့်လေ့လာရာတွင် ကိုဗစ်ကာလဖြစ်သည့်အတွက် တစ်ချို့သော လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် အကန့်အသတ်ရှိခဲ့ပါသည်။ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာ ခွင့်ကဒ်ပြားလျှောက်ထားခြင်းနှင့်လက်ဝယ်ရရှိမှုဖြစ်စဉ်၊ ပါတီများ၊ ကော်မရှင်ခွဲများ၊ ကိုယ်စားလှယ် လောင်းများ၊ ဌာနဆိုင်ရာများနှင့် အခြားသောအစုအဖွဲ့ဝင်များနှင့် ဆက်သွယ်ဆက်ဆံရေးကိစ္စရပ်များတွင် အခက်အခဲရှိသည်ကိုသတိချပ်စေလိုပါသည်။ အလားတူမိမိတို့လေ့လာသည့်မြို့နယ်အရေအတွက်မှာ (၂၇) မြို့နယ်သာရှိ၍ စာရင်းအင်းနည်းပညာအရရရှိဒေတာများမှာ မြန်မာတစ်နိုင်ငံလုံးရှိမြို့ပေါင်း(၃၃၀)ကို ဆီလျှော်စွာကိုယ်စားပြုနိုင်မည်မဟုတ်ပါ။ သတ်မှတ်မြို့နယ်အလိုက် စောင့်ကြည့်လေ့လာကြခြင်း ဖြစ်၍ မြို့နယ်အခြေစိုက်လေ့လာသူအခြေအနေပေါ်မူတည်ကာ လူသားကြောင့်ဖြစ်နိုင်သည့် ချို့ယွင်းချက်အချို့ ရှိနေမည်ဖြစ်ကြောင်းကိုလည်း ဝန်ခံပြောကြားလိုပါသည်။

## ရွေးကောက်ပွဲဆိုင်ရာ ဥပဒေမူဘောင်

ရွေးကောက်ပွဲဆိုင်ရာဥပဒေတွေအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်စသည့် သက်ဆိုင်ရာလွှတ်တော် အသီးအသီးအတွက် ဥပဒေ(၃)ခု၊ နည်းဥပဒေ(၃)ခု၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ပြင်ဆင် သည့်ဥပဒေကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေစသည်တို့ကို ပြဋ္ဌာန်းသတ် မှတ်ထားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေအဖြစ် စတင်ပြဋ္ဌာန်းခဲ့သည့် (၂၀၁၂)ခုနှစ်ကနေ (၂၀၂၀) ခုနှစ်ယနေ့အချိန်ထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ထိပြင်ဆင်ပြဋ္ဌာန်း ခဲ့သည်ကိုတွေ့ရှိရပါသည်။ (၂၀၁၆) ခုနှစ် အစိုးရအသစ်လက်ထက်၌ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်လက်ထက်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ်ဖြစ်(၂၈.၂.၂၀၁၇)နေ့တွင်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

လွှတ်တော်(၃)ရပ်ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများအဖြစ် စတင်ပြဋ္ဌာန်းခဲ့သည့် (၂၀၁၀) ခုနှစ်ကနေ (၂၀၂၀)ခုနှစ်ယနေ့အချိန်ထိ လွှတ်တော်(၃)ရပ်ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ပဉ္စမအကြိမ်ထိ လည်းကောင်း၊ နည်းဥပဒေများကို ဆဌမအကြိမ်ထိလည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါသည်။

(၂၀၁၆) ခုနှစ် အစိုးရအသစ်လက်ထက်၌ အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် လက်ထက်တွင် လွှတ်တော်(၃)ရပ်ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများကို စတုတ္ထအကြိမ်ဖြစ်(၈.၆.၂၀၁၆) နေ့တွင်လည်းကောင်း၊ ပဉ္စမအကြိမ်ဖြစ် (၂၄.၁၂.၂၀၁၉)နေ့တွင်လည်းကောင်း၊ လွှတ်တော် (၃) ရပ် ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေများကို ပဉ္စမအကြိမ်ဖြစ် (၃.၁၀.၂၀၁၉)နေ့တွင်လည်းကောင်း၊ ဆဋ္ဌမ အကြိမ်ဖြစ်(၅.၆.၂၀၂၀)ရက်နေ့တွင်လည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။

(၂၀၂၀)ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုဦးဆောင်ကျင်းပရသည့် ယခုလက်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်လက်ထက်တွင် လွှတ်တော်(၃)ရပ်ရွေးကောက်ပွဲဆိုင်ရာဥပဒေ မှုဘောင်ပြုပြင်ပြောင်းလဲမှုအဖြစ် အဓိကအချက်များအဖြစ်

- နည်းဥပဒေပုဒ်မ(၁၀)တွင် ပါရှိသော "အနည်းဆုံး ရက်ပေါင်း(၁၈၀)ထက်မနည်း" ဆိုသည့် စကားရပ်အား "အနည်းဆုံး ရက်ပေါင်း(၉၀)ထက်မနည်း" ဟု ပြင်ဆင်ခြင်း
- နည်းဥပဒေ ပုဒ်မ(၃၉)တွင် တပ်မတော်သားများနှင့်ယင်းတို့နှင့်အတူနေထိုင်ကြသည့် အိမ်ထောင်စု ဝင်များနေထိုင်ရာ တပ်ရင်းတပ်ဖွဲ့များအတွက် မဲရုံနေရာသတ်မှတ်ရာ၌ ပွင့်လင်းမြင်သာမှုရှိစေရန် ထိုတပ်ရင်းတပ်ဖွဲ့၏ပြင်ပ သင့်လျော်သည့်နေရာတွင် သတ်မှတ်ပေးရမည်ဟု ပြင်ဆင်ခြင်း
- နည်းဥပဒေ ပုဒ်မ(၅၆၊ ၅၇)တွင် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ စာရင်းများကိုလွှတ်တော်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းပုံစံ(၁)တွင် ယင်းတို့၏အမည်အောက်တွင် မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်လို့ပြင်ဆင်ခြင်း
- နည်းဥပဒေ ပုဒ်မ(၆၀)တွင် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးမည့် သူများအတွက် ဖြစ်လျှင် ကော်မရှင်က သတ်မှတ်ပေးသောနေ့ရက်နှင့် အချိန်အတွင်း၌သာ သက်ဆိုင်ရာတာဝန်ရှိ သူများက စီစဉ်ပေးရမည်လို့ပြင်ဆင်ခြင်း
- နည်းဥပဒေ ပုဒ်မ (၁၀၆)တွင် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန် နှင့် ရွေးကောက်ပွဲကာလအတွင်းဖြစ်ပေါ်လာနိုင်သည့်အငြင်းပွားမှုများကိုဖြေရှင်းနိုင်ရန် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ရွေးကောက်ပွဲတွင် ပါဝင်သက်ဆိုင်သူ များနှင့်ညှိနှိုင်း၍ လိုအပ်သလိုဖွဲ့စည်းနိုင်သည်လို့ပြင်ဆင်ခြင်း

စသည့်အချက်အလက်များကို ပြင်ဆင် အစားထိုးပြဋ္ဌာန်းနိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအဖြစ်စတင်ပြဋ္ဌာန်းခဲ့သည့် (၂၀၁၀) ခုနှစ် ကနေ (၂၀၂၀) ခုနှစ် ယနေ့အချိန်ထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေများကို ဒုတိယအကြိမ်ထိ လည်းကောင်း၊ နည်းဥပဒေများကို ဒုတိယအကြိမ်ထိလည်းကောင်း ပြင်ဆင်ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရ ပါသည်။ (၂၀၁၆)ခုနှစ် အစိုးရအသစ်လက်ထက်၌အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်လက်ထက်တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများကို ထပ်မံ ပြင်ဆင်ပြဋ္ဌာန်းခဲ့ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ကို ပြင်ဆင်သည့် ဥပဒေ ကြမ်းအတည်ပြုရေး ပြည်လုံးကြွတ်ဆန္ဒခံယူပွဲဥပဒေအဖြစ် (၂၀၁၅) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ တွင်စတင်ပြဋ္ဌာန်းခဲ့ပြီး၊ နည်းဥပဒေကို ၂၀၁၆ ခုနှစ် အစိုးရအသစ်လက်ထက်၌ အသစ်ပြန်လည်ဖွဲ့စည်း ခဲ့သောပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်လက်ထက် (၂၀၁၉) ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅) ရက်နေ့ တွင်ပြဋ္ဌာန်းခဲ့သည်ကို တွေ့ရှိရပါသည်။

## မြန်မာနိုင်ငံရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်နှင့် နိုင်ငံတကာစံနှုန်းများ

မြန်မာနိုင်ငံ၏ဒီမိုကရေစီရွေးကောက်ပွဲများအတွက် ဥပဒေမူဘောင်ပါပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်ကိုက်ညီရန် လိုသလိုမြန်မာနိုင်ငံကလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာစာချုပ်ပါ ပြဋ္ဌာန်းချက်တွေနှင့်မဆန့်ကျင့်ရန်လည်း အရေးကြီးပါသည်။ နိုင်ငံတကာစာချုပ်တစ်ခုခုတွင် ပါဝင်လက်မှတ်ထိုးလိုက်ခြင်းသည် ယင်းစာချုပ်ပါတာဝန်ဝတ္တရားများ လေးစားလိုက်နာပါမည်ဟူ၍ တစ်နည်းအားဖြင့် မြန်မာနိုင်ငံမှာကျင့်သုံးနေသောဥပဒေများတွင် လိုက်လျောညီထွေစွာထည့်သွင်း ပြဋ္ဌာန်းကျင့်သုံးပါမည်ဟုကတိကဝတ်ပေးခြင်းပင်ဖြစ်ပါသည်။ ထိုသို့မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားပြီး ဒီမိုကရေစီရွေးကောက်ပွဲများနှင့်သက်ဆိုင်သော နိုင်ငံတကာစာချုပ်ပါပြဋ္ဌာန်းချက်များကို ဖော်ပြရလျှင်-

## ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR) -အပိုဒ်(၂၁)

(၁) လူတိုင်းတွင် မိမိနိုင်ငံ၏အစိုးရအဖွဲ့အစည်း၌ တိုက်ရိုက်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်သည့် ကိုယ်စားလှယ်များမှတဆင့်ဖြစ်စေ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

(၃) အစိုးရအုပ်ချုပ်မှုအာဏာသည် ပြည်သူပြည်သားတို့၏ ဆန္ဒအပေါ်အခြေခံရမည်။ လူတိုင်းပါဝင်၍ တန်းတူညီမျှ ဆန္ဒမဲပေးနိုင်ခွင့်ရှိပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့်ဖြစ်စေ၊ အလားတူလွတ်လပ်သော မဲပေးစနစ်ဖြင့်ဖြစ်စေ အချိန်ကာလအပိုင်းအခြားအလိုက် ကျင်းပသောစစ်မှန်သည့်ရွေးကောက်ပွဲများတွင် အဆိုပါဆန္ဒကို ဖော်ထုတ်ရမည်။

## အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအား ပပျောက်ရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CEDAW) -အပိုဒ်(၇)

စာချုပ်အဖွဲ့ဝင်နိုင်ငံများသည် တိုင်းပြည်၏နိုင်ငံရေးနှင့် ပြည်သူ့ဘဝနယ်ပယ်တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကို သင့်လျော်ရာနည်းလမ်းများအားလုံးဖြင့် အမျိုးသားနှင့်အမျိုးသမီး အခွင့်အရေး တန်းတူညီမျှစွာရရှိရေးကို အောက်ဖော်ပြပါအတိုင်းဆောင်ရွက်ရမည်-

(က) ရွေးကောက်ပွဲများနှင့် ပြည်သူ့ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိရေးနှင့် ပြည်သူကရွေးကောက်တင်မြှောက်ထားသည့်အဖွဲ့အစည်းများတွင် ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိရေး၊

(ခ) အစိုးရမူဝါဒများချမှတ်ခြင်းနှင့်အကောင်အထည်ဖော်ဆောင်ရွက်သည့်လုပ်ငန်းများတွင် ပါဝင်ခွင့်ရှိရေးနှင့်အစိုးရယန္တရား၏မည်သည့်အဆင့်တွင်မဆို ပြည်သူ့လုပ်ငန်းများအားလုပ်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိရေး၊

(ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုင်ငံအတွင်း ပြည်သူလူထုနှင့် နိုင်ငံရေးပါဝင်ပတ်သက်နေသောအဖွဲ့အစည်းများ၌ ပါဝင်ဆောင်ရွက်ခွင့်ရှိရေး။

## မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ် (CRPD)

မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်သည် မသန်စွမ်းသူများအား (လွတ်လပ်စွာပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့်စုဝေးခွင့်)အခြေခံအခွင့်အရေးများကိုရရှိစေရန်အာမခံထားပြီး ၎င်းတို့သည်အစိုးရရေးရာများ အထူးသဖြင့်ရွေးကောက်ပွဲများမှတဆင့်ပါဝင်ရန်သို့မဟုတ် အဖွဲ့အစည်းများတွင် ပါဝင်ရန် ရပိုင်ခွင့်ကိုရယူနိုင်စွမ်းရှိရမည်။

## (၂၀၂၀)ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအခင်းအကျင်း

လက်ရှိအာဏာရပါတီအစိုးရမှ ပထမဆုံးဖွဲ့စည်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ၂၀၁၆ခုနှစ်၊ မတ်လ၊ (၃၀) ရက်နေ့တွင် ဥက္ကဋ္ဌအဖြစ် ဦးလှသိန်းဦးဆောင်သော ကော်မရှင်အဖွဲ့ဝင် (၄) ဦးဖြင့်စတင်ဖွဲ့စည်းခဲ့သည်။ ၁၄-၆-၂၀၁၇ ရက်နေ့တွင် အဖွဲ့ဝင် (၂) ဦး ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။ ယင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲတို့ကို ဦးဆောင်ကျင်းပပေးခဲ့သည်။ ထို့နောက် ၈-၃-၂၀၁၉ ရက်နေ့တွင် အဖွဲ့ဝင် (၈)ဦးကို ထပ်မံတိုးချဲ့ဖွဲ့စည်းခဲ့သည်။ ကြားကာလများတွင်ကော်မရှင်အဖွဲ့ဝင်သစ်များအား ခန့်အပ်လိုက်သဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တွင် ဥက္ကဋ္ဌ(၁)ဦး၊ ကော်မရှင်အဖွဲ့ဝင် (၁၄)ဦးနှင့် ညွှန်ကြားရေးမှူးချုပ်(၁)ဦး ရှိသည်။ ယင်းကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များဦးဆောင်ပြီး ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ၊ (၈)ရက် တွင် ရွေး၊ကောက်ပွဲရက် ပြောင်းရွှေ့သတ်မှတ်ခြင်းမရှိဘဲ မူလသတ်မှတ်ရက်အတိုင်း ကျင်းပခဲ့သည်။

မြန်မာနိုင်ငံတွင် တတိယအကြိမ်လွှတ်တော်သက်တမ်းအတွက် (၂၀၂၀)ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို (၂၀၂၀)ခုနှစ်၊ နိုဝင်ဘာလ(၈)ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်းကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ (၂၀၂၀)ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ကြေညာခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လွှတ်တော်(၃)ရပ်အတွက် ရွေးကောက်ပွဲများပြုလုပ်ပေးမည့် မဲဆန္ဒနယ်များအဖြစ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်(၃၃၀)နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်(၁၆၈)နယ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်(၆၄၄)နယ်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်(၂၉)နယ် စသည်ဖြင့် (၂၀၂၀)ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သော်လည်း(၂၀၂၀)ခုနှစ်၊ အောက်တိုဘာလ(၁၆)ရက်နေ့နှင့် (၂၇)ရက်နေ့များတွင် ထုတ်ပြန်ကြေညာခဲ့သော ရွေးကောက်ပွဲများကျင်းပခြင်း မပြုမည့်နယ်မြေများစာရင်းအရ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ မဲဆန္ဒနယ်အချို့တို့တွင် ရွေးကောက်ပွဲများကို ကျင်းပနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် (၂၀၂၀) ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အမှန်တကယ်ကျင်းပပြုလုပ်နိုင်ခဲ့သည့် မဲဆန္ဒနယ်များမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၃၁၅)နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် (၁၆၁)နယ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်(၆၁၂)နယ်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် (၂၉)နယ်၊ စုစုပေါင်းမဲဆန္ဒနယ် (၁၁၁၇)နယ် ဖြစ်ပါသည်။

မဲဆန္ဒနယ်(၁၁၁၇)နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော ကိုယ်စားလှယ်လောင်းများမှာ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင်(၁၅၆၅)ဦး၊ အမျိုးသားလွှတ်တော် မဲဆန္ဒနယ်တွင်(၇၇၉)ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်တွင်(၃၁၁၂)ဦး၊ တိုင်းရင်းသားလူမျိုးလွှတ်တော် မဲဆန္ဒနယ်တွင်(၁၈၃) ဦး စုစုပေါင်း(၅၆၃၉)ဦးဖြစ်ပြီး နိုင်ငံရေးပါတီ(၈၇)ပါတီမှ ကိုယ်စားပြုလွှတ်တော် ကိုယ်စားလှယ်လောင်း (၅၃၇၉) ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း(၂၆၀)ဦးတို့ ဖြစ်ပါသည်။

(၂၀၂၀)ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီ(၈၇)ပါတီအနက် (၁၉)ပါတီမှ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် (၁၁၁၃) ဦးနှင့်တစ်သီးပုဂ္ဂလမှ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ် (၄)ဦး စုစုပေါင်း (၁၁၁၇) ဦးတို့ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော် (၂၅၈)နေရာ၊ အမျိုးသားလွှတ်တော် (၁၃၈)နေရာ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော် (၅၀၁)နေရာနှင့်

တိုင်းရင်းသားလူမျိုးလွှတ်တော်(၂၃)နေရာဖြင့် လွှတ်တော်(၃)ရပ် စုစုပေါင်း(၉၂၀)နေရာတို့မှာ အများဆုံး အနိုင်ရပါတီအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပါသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်(၂၆)နေရာ၊ အမျိုးသားလွှတ်တော် (၇) နေရာနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်(၃၈)နေရာဖြင့် လွှတ်တော် (၃) ရပ် စုစုပေါင်း(၇၁)နေရာတို့မှာ ဒုတိယအများဆုံး အနိုင်ရပါတီအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပါသည်။ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်ပါတီသည် ပြည်သူ့လွှတ်တော်(၁၃)နေရာ၊ အမျိုးသားလွှတ်တော်(၂)နေရာနှင့်တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်(၂၇)နေရာဖြင့် လွှတ်တော် (၃) ရပ် စုစုပေါင်း(၄၂)နေရာတို့မှာ တတိယအများဆုံးအနိုင်ရပါတီအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရပါသည်။

■

# အပိုင်း(က)
# ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအကြိုကာလ တွေ့ရှိချက်များ

ရွေးကောက်ပွဲအကြိုကာလ စောင့်ကြည့်လေ့လာမှုအဖြစ် တိုင်းနှင့်ပြည်နယ် (၄)ခုရှိ မြို့နယ်ပေါင်း (၂၇)မြို့နယ်တွင် စက်တင်ဘာလမှစ၍ အောက်တိုဘာလအထိ (၂)လတာ စောင့်ကြည့်လေ့လာခဲ့ပါသည်။

**ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာမှုပြုသည့် ဒေသများ**

| စဉ် | တိုင်းနှင့်ပြည်နယ် | | မြို့နယ် |
|---|---|---|---|
| ၁ | ကချင် | ၁ | မြစ်ကြီးနား |
| | | ၂ | ဝိုင်းမော် |
| | | ၃ | မိုးညှင်း |
| | | ၄ | မိုးကောင်း |
| ၂ | ကယား | ၅ | လွိုင်ကော် |
| | | ၆ | ဒီးမော့ဆို |
| | | ၇ | ဖရူဆို |
| | | ၈ | ရှားတော |
| | | ၉ | ဘော်လခဲ |
| | | ၁၀ | မယ်စဲ့ |
| | | ၁၁ | ဖားဆောင်း |
| ၃ | ရှမ်း(ရှေ့) | ၁၂ | ကျိုင်းတုံ |
| | | ၁၃ | မိုင်းခတ် |
| | | ၁၄ | မိုင်းယန်း |
| | | ၁၅ | မိုင်းပျဉ်း |
| | | ၁၆ | မိုင်းဖြတ် |
| | | ၁၇ | တာချီလိတ် |
| | | ၁၈ | မိုင်းဆတ် |
| | | ၁၉ | မိုင်းတုံ |
| ၄ | ရှမ်း(မြောက်) | ၂၀ | ကွတ်ခိုင် |
| | | ၂၁ | လားရှိုး |
| | | ၂၂ | သီပေါ |
| | | ၂၃ | ကျောက်မဲ |
| ၅ | တနင်္သာရီ | ၂၄ | ကော့သောင်း |
| | | ၂၅ | ထားဝယ် |
| | | ၂၆ | သရက်ချောင်း |
| | | ၂၇ | ရေဖြူ |

အထက်ပါမြို့နယ်များကို ရွေးကောက်ပွဲအကြိုကာလအဖြစ် စောင့်ကြည့်လေ့လာရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းပုံ၊ နိုင်ငံရေးပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာခြင်း၊ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံ၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပေးခြင်းစသည့်ရွေးကောက်ပွဲဖြစ်စဉ်များကို ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦးဖြင့် စောင့်ကြည့်လေ့လာခဲ့ပါသည်။

## ၁။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းဖြစ်စဉ်ကိုစောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ (၂၇) ဦးသည် သူတို့၏သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့်အချက်အလက်များကို သိရှိနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလောင်းများ စသည်တို့ကို သွားရောက်တွေ့ဆုံမေးမြန်းခြင်း၊ ဖုန်းဖြင့်မေးမြန်းခြင်း စသည့်မေးမြန်းမှုပေါင်း (၁၄၁)ကြိမ်ကို စက်တင်ဘာလမှအောက်တိုဘာလအထိ ပြုလုပ်ခဲ့ပါသည်။

### (၁.၁) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် တိုင်းရင်းသားလူနည်းစုများ၏ ပါဝင်မှုဆိုင်ရာလေ့လာ တွေ့ရှိချက်

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းရာတွင်တိုင်းရင်းသားလူနည်းစုများကိုထည့်သွင်းထားမှုနဲ့ပတ်သက်ပြီး လေ့လာမှုပြုလုပ်ခဲ့သော(၂၇)မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၌ တိုင်းရင်းသားလူနည်းစုအား ဥက္ကဋ္ဌအဖြစ်ခန့်အပ်ဖွဲ့စည်းထားသည့် (၂၀) မြို့နယ်ထိရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အတွင်းရေးမှူးအဆင့်တွင်မူမြို့နယ်(၁၈)မြို့နယ်တွင် တိုင်းရင်းသားလူနည်းစုများကို ထည့်သွင်းဖွဲ့စည်းထားကြောင်းလေ့လာတွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းရာတွင် တိုင်းရင်းသားလူနည်းစုများပါဝင်မှုအနေဖြင့် ကချင်ပြည်နယ်တွင် ရှမ်းနီနှင့် ရခိုင်၊ ကယားပြည်နယ်တွင် ရှမ်းနှင့် ကရင်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့်မြောက်ပိုင်းတို့တွင် လားဟူ၊ အာခါ၊ ကချင်၊ ကရင်၊ ရခိုင်၊ မွန်၊ အင်းသားနှင့်ဗမာ၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကရင်၊ မွန်၊ ထားဝယ်နှင့် ချင်းစသည့်တိုင်းရင်းသားလူနည်းစုများအပါအဝင်ဖြင့်ဖွဲ့စည်းထားကြောင်းကို လေ့လာတွေ့ရှိရပါသည်။

### (၁.၂) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် လူငယ်များ၏ပါဝင်မှုဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ဖွဲ့စည်းပုံတွင် အများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာအရာရှိများနှင့် ပေါင်းစပ်ဖွဲ့စည်းထားကြပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ အခန်း(၅)၊ ပုဒ်မ ၁၆(က) အရ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများရှိအများယုံကြည်လေးစားခြင်းခံရသော ပုဂ္ဂိုလ်များ၏အရည်အချင်းများတွင် အသက်(၄၀)နှစ်ပြည့်ပြီးသူများသာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်ဟု ဖော်ပြထားပါသည်။ ထိုဖော်ပြချက်ကြောင့် လူငယ်များအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ရန် အဟန့်အတားဖြစ်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာအရာရှိများထဲတွင်လည်း လူငယ်ပါဝင်မှုအဖြစ် (၃.၆)ရာခိုင်နှုန်းခန့်သာပါဝင်ကြောင်း လေ့လာ

တွေ့ရှိရပါသည်။ ထို့ကြောင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများဖွဲ့စည်းရာတွင် လူငယ်အနည်းငယ်သာပါရှိသည်ကိုလေ့လာတွေ့ရှိရပြီး စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်(၂၇)မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၌ လူငယ်များအားဥက္ကဋ္ဌအဖြစ် လုံး၀(လုံး၀)ပါ၀င်ခြင်း မရှိပါ။ အတွင်းရေးမှူးအဆင့်တွင် မြို့နယ်(၅)မြို့နယ်၌ လူငယ်များပါ၀င်မှုရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၁.၃) နိုင်ငံရေးပါတီများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံတွင် သိလိုသည်များကို လွယ်ကူစွာမေးမြန်းခွင့်ရ မရနှင့်ပတ်သက်ပြီး လေ့လာတွေ့ရှိချက်

နိုင်ငံရေးပါတီများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံတွင် သိလိုသည်များကို လွယ်ကူစွာမေးမြန်းခွင့် ရ/မရနှင့်ပတ်သက်ပြီးလွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မြို့နယ်ပါတီဥက္ကဋ္ဌများ၊ မြို့နယ်ပါတီအတွင်းရေးမှူးများထံသို့ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူများက သွားရောက်တွေ့ဆုံမေးမြန်းခြင်း၊ ဖုန်းဖြင့်မေးမြန်းခြင်း စသည့်မေးမြန်းမှုပေါင်း (၁၄၁) ကြိမ်မေးမြန်းရာတွင် နိုင်ငံရေးပါတီအများစုမှာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံသို့ သိလိုသည်များကို အလွယ်တကူမေးမြန်းနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၄) ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံတွင် သိလိုသည်များကို လွယ်ကူစွာမေးမြန်းခွင့် ရ/မရနှင့်ပတ်သက်ပြီး လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံသို့ သိလိုသည်များကို သွားရောက်မေးမြန်းရာတွင် လွယ်ကူစွာမေးမြန်းခွင့်ရ/မရနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူများက ၄င်းတို့ကိုယ်တိုင်နှင့်၄င်းတို့မြို့နယ်ရှိ ရွေးကောက်ပွဲစောင့်ကြည့်လေလာသူများထံသို့သွားရောက်တွေ့ဆုံမေးမြန်းခြင်း၊ ဖုန်းဖြင့်မေးမြန်းခြင်းစသည့် မေးမြန်းမှုပေါင်း (၁၄၁)ကြိမ်မေးမြန်းရာတွင် ရွေးကောက်ပွဲစောင့်ကြည့်လေလာသူများအများစုမှာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံသို့သိလိုသည်များကို အလွယ်တကူမေးမြန်းနိုင်ခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။

## (၁.၅) သတင်းမီဒီယာများအနေဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံတွင် သိလိုသည်များကို လွယ်ကူစွာမေးမြန်းခွင့် ရ/မရနှင့်ပတ်သက်ပြီး လေ့လာတွေ့ရှိချက်

သတင်းမီဒီယာများအနေဖြင့်လည်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံသို့ သိလိုသည်များကို သွားရောက်မေးမြန်းရာတွင် လွယ်ကူစွာမေးမြန်းခွင့် ရ၊ မရနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူများကသွားရောက်တွေ့ဆုံ မေးမြန်းခြင်း၊ ဖုန်းဖြင့်မေးမြန်းခြင်းစသည့် မေးမြန်းမှုပေါင်း (၈၆) ကြိမ်မေးမြန်းရာတွင် မီဒီယာအားလုံးက မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံသို့ သိလိုသည်များကို အလွယ်တကူ မေးမြန်းနိုင်ခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင် မြို့နယ် (၂၅)မြို့နယ်ရှိမီဒီယာများကိုသာလေ့လာနိုင်ခဲ့ပြီး ကျန်(၂)မြို့နယ်ဖြစ်သော ရှမ်းပြည်နယ်ရှိသီပေါမြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့တွင် သတင်းမီဒီယာသမားများမရှိသောကြောင့် မေးမြန်းခြင်းတို့ကို မပြုလုပ်နိုင်ခဲ့ပါ။

## (၁.၆) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဘက်လိုက်မှုရှိသည်၊ မျှတမှုမရှိ ဆိုသည့်သတင်းစကားများကြားရခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဘက်လိုက်မှုရှိ၊ မရှိနှင့်ပတ်သက်ပြီး ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေလာသူများက နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို သွားရောက်တွေ့ဆုံမေးမြန်းခြင်း၊ ဖုန်းဖြင့်မေးမြန်းခြင်း စသည့်မေးမြန်းမှုပေါင်း (၁၃၆)ကြိမ်မေးမြန်းရာတွင် ဘက်လိုက်မှုမရှိဟုဖြေဆိုသည့်အကြိမ် (၁၃၀)နှင့် ဘက်လိုက်မှုရှိဟု ဖြေဆိုသည့်အကြိမ်(၆)ကြိမ်ခန့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်က ဘက်လိုက်မှုရှိသည်ဟုအနည်းငယ်တွေ့ရှိမှုသည် မဲဆွယ်စည်းရုံးရေးကာလတွင်ဖြစ်ပြီး ကချင်ပြည်နယ်တွင်(၃) ကြိမ်၊ တနင်္သာရီတိုင်းဒေသကြီးတွင်(၂)ကြိမ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် (၁)ကြိမ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၁.၇) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏အခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်(၂၇)မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကြုံတွေ့ရသော အခက်အခဲများအဖြစ် မူလအစီအစဉ်များရပ်ဆိုင်းရခြင်း၊ ရွှေ့ဆိုင်းရခြင်း၊ ရွေးကောက်ပွဲဆိုင်ရာသင်တန်းလုံလုံလောက်လောက်မရခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ အထောက်အကူပစ္စည်းနည်းပါးခြင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၏ ပူးပေါင်းပါဝင်မှုအားနည်းခြင်း၊ ဝန်ထမ်းလုံလုံလောက်လောက်မရှိခြင်း၊ လုံခြုံရေးပဋိပက္ခဖြစ်ပွားနေသောမြို့ဖြစ်နေခြင်းနှင့် အခြားသောအခက်အခဲများကိုလည်း လေ့လာတွေ့ရှိရပါသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အများဆုံးကြုံတွေ့ရသည့် အခက်အခဲများအဖြစ် ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၏ပူးပေါင်းပါဝင်မှု အားနည်းခြင်း၊ ရွေးကောက်ပွဲဆိုင်ရာသင်တန်း လုံလုံလောက်လောက်မရခြင်းနှင့် ဝန်ထမ်းလုံလုံလောက်လောက် မရှိခြင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ရွေးကောက်ပွဲဆိုင်ရာသင်တန်းလုံလုံလောက်လောက်မရခြင်း၊ အထောက်အကူပစ္စည်းနည်းပါးခြင်းနှင့်လုံခြုံရေးပဋိပက္ခ ဖြစ်ပွားနေသောမြို့ဖြစ်နေခြင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် ရွေးကောက်ပွဲဆိုင်ရာသင်တန်းလုံလုံလောက်လောက်မရခြင်း၊ ကယားပြည်နယ်တွင် ဝန်ထမ်းလုံလုံလောက်လောက်မရှိခြင်း၊ ကချင်ပြည်နယ်တွင် အထောက်အကူပစ္စည်းနည်းပါးခြင်း စသည့်အခက်အခဲများကို လေ့လာတွေ့ရှိရပါသည်။ မြို့နယ်(၂၇)မြို့နယ်ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် တူညီသော အခက်အခဲများအဖြစ် ရွေးကောက်ပွဲဆိုင်ရာသင်တန်း လုံလုံလောက်လောက်မရခြင်းနှင့် ဝန်ထမ်းလုံလုံလောက်လောက်မရှိခြင်းတို့ကို လေ့လာတွေ့ရှိရပါသည်။

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ အခြားသော အခက်အခဲများအဖြစ် လူအင်အားနည်းပါခြင်း၊ အခြားဌာနဆိုင်ရာများ၏ ပူးပေါင်းဆောင်ရွက်မှု နည်းပါးခြင်း၊ ပါတီအများစုက ဥပဒေ၊ နည်းဥပဒေများကို သိရှိမှုအားနည်းခြင်း၊ ရန်ပုံငွေမလုံလောက်ခြင်း၊ ဆင့်ပွားသင်တန်းများပေးရန် အချိန်မလုံလောက်ခြင်း၊ အထက်မှညွှန်ကြားစာများ ပုံစံမျိုးစုံထွက်နေ၍အလုပ်မတွင်ခြင်း စသည်ဖြင့်လေ့လာတွေ့ရှိရပါသည်။

■

# မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းနှင့်ဆောင် ရွက်ချက်များကို စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိ ချက်များအပေါ် ခြုံငုံသုံးသပ်ချက်

လွတ်လပ်မျှတသောရွေးကောက်ပွဲများ ပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ် (၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်းနှင့်ဆောင်ရွက်ချက်များကို စောင့်ကြည့်လေ့လာရာတွင် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၌ တိုင်းရင်းသားလူနည်းစုများကို ထည့်သွင်းဖွဲ့စည်းထားသည်ကို လေ့လာတွေ့ရှိရပြီး ပြည်ထောင်စုရွေးကောက်ပွဲဥပဒေမှာပါသည့် အခန်း(၅)၊ ပုဒ်မ ၁၆(က)အရ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် အသက်(၄၀)နှစ်ပြည့်ပြီးသူများသာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်ဟု ဖော်ပြထားချက်အရ လူငယ်များအနေဖြင့် ပိုမိုပါဝင်လာနိုင်ဖို့အတွက် အဟန့်အတားဖြစ်နေကြောင်းလေ့လာတွေ့ရှိရပါသည်။

နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲလေ့လာသူများနှင့် သတင်းမီဒီယာများသည် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံသို့ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များကို အလွယ်တကူမေးမြန်းနိုင်ခဲ့ကြောင်းလေ့လာတွေ့ရှိရပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သူတို့၏လုပ်ဆောင်ချက်များကို ဘက်လိုက်မှုမရှိဘဲ မျှတစွာဆောင်ရွက်လျက်ရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်မြောက်ပိုင်းတို့ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေနှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသောအခက်အခဲများမှာ အခြားကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကြုံတွေ့ရသော အခက်အခဲများထက် ပိုမိုများပြားကြောင်းလေ့လာတွေ့ရှိရပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင်သာ နယ်မြေလုံခြုံရေးပဋိပက္ခကြောင့်အခက်အခဲကြုံနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၂။ နိုင်ငံရေးပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှတွေ့ရှိချက်များ

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ (၂၇) ဦးသည် သူတို့၏ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ မြို့နယ်ရွေးကောက်ပွဲကော်မရှင်နှင့်သက်ဆိုင်သည့်အချက်အလက်များကို သိရှိနိုင်ရန်အတွက်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ၊ လွှတ်တော်ကိုယ်စားလောင်းများ စသည်တို့ကို သွားရောက်တွေ့ဆုံမေးမြန်းမှုပေါင်း (၁၆၁)ခုကို စက်တင်ဘာလမှအောက်တိုဘာလအထိ ပြုလုပ်ခဲ့ပါသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL)မှ စောင့်ကြည့်လေ့လာခဲ့သောတိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သောနိုင်ငံရေးပါတီစုစုပေါင်း (၃၃)ပါတီနှင့်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းစုစုပေါင်း(၂၂)ဦးရှိခဲ့ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် (၁၈၄)ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် (၁၉၇)ဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ်(၃၃၅) ဦးနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် (၈၇)ဦး စုစုပေါင်းကိုယ်စားလှယ်လောင်း (၈၀၃) ဦးတို့၏ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်စဉ်များကို စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။ ၎င်းတို့အနက် တိုင်းရင်းသားလူနည်းစုများ ကိုယ်စားလှယ်လောင်းအဖြစ်ပါဝင်မှုမှာ (၄၅)ရာခိုင်နှုန်းဖြစ်ပြီး လူငယ်ကိုယ်စားလှယ်လောင်းအဖြစ်ပါဝင်မှုမှာ(၁၁)ရာခိုင်နှုန်း ဖြစ်ပါသည်။

# စောင့်ကြည့်လေ့လာခဲ့သော မြို့နယ်(၂၇)မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီအရေအတွက်နှင့် တစ်သီးပုဂ္ဂလများ

| စဉ် | နိုင်ငံရေးပါတီနှင့်တစ်သီးပုဂ္ဂလများ |
|---|---|
| ၁ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ |
| ၂ | လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၃ | ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ |
| ၄ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) |
| ၅ | ကယန်းအမျိုးသားပါတီ |
| ၆ | ကရင်ပြည်သူ့ပါတီ |
| ၇ | တအာင်း(ပလောင်)အမျိုးသားပါတီ |
| ၈ | ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ |
| ၉ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ၁၀ | အမျိုးသားဒီမိုကရေစီအင်အားစုပါတီ |
| ၁၁ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| ၁၂ | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၁၃ | ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် |
| ၁၄ | ကချင်အမျိုးသားကွန်ဂရက်ပါတီ |
| ၁၅ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ(ဒူးလေးပါတီ) |
| ၁၆ | ထားဝယ်တိုင်းရင်းသားများပါတီ |
| ၁၇ | ကရင်အမျိုးသား ပါတီ |
| ၁၈ | မြန်မာနိုင်ငံ တောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ |
| ၁၉ | ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ |
| ၂၀ | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-ni Solidarity Party(SSP)] |
| ၂၁ | လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| ၂၂ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ |
| ၂၃ | ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ |
| ၂၄ | ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ |

| | |
|---|---|
| ၂၅ | ပြည်သူ့ပါတီ (People's Party) |
| ၂၆ | ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ [UNION BETTERMENT PARTY (UBP)] |
| ၂၇ | အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ(DNP) |
| ၂၈ | ကချင်ပြည်နယ်ပြည်သူ့ပါတီ[Kachin State People`s Party(KSPP)] |
| ၂၉ | မွန်ညီညွတ်ရေးပါတီ (Mon Unity Party) |
| ၃၀ | ဒီမိုကရေစီပါတီသစ်(ကချင်) [New Democracy Party (Kachin)] [N.D.P (Kachin)] |
| ၃၁ | ပြည်သူ့ရှေ့ဆောင်ပါတီ (People's Pioneer Party) |
| ၃၂ | ကချင်အမျိုးသားပါတီ (Kachin National Party) |
| ၃၃ | 'ဝ'အမျိုးသားပါတီ (WA NATIONAL PARTY) |
| ၃၄ | တစ်သီးပုဂ္ဂလ(၂၂)ဦး |

## ၂.၁) နိုင်ငံရေးပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများတွင် လူနည်းစုတိုင်းရင်းသားများနှင့် လူငယ်များ၏ပါဝင်မှုဆိုင်ရာ လေ့လာတွေ့ရှိချက်

၂၇ မြို့

ရခိုင်နွှန်း < တိုင်းရင်းသားလူနည်းစု < လူငယ် ★

၄၅% ၁၁%

၃၃ ပါတီ

တသီးပုဂ္ဂလ
၂၂ ဦး

ကိုယ်စားလှယ်လောင်း အရေအတွက်
၈၀၃ ဦး

(၂၇) မြို့နယ်ရှိ ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်မှု အခြေအနေ



## (၂.၂) တိုင်းရင်းသားလူနည်းစုများ နိုင်ငံရေးပါတီများတွင် ကိုယ်စားလှယ်လောင်းဖြစ်လာရန် ကြုံတွေ့ရသည့် ယေဘုယျစိန်ခေါ်မှုအခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

တိုင်းရင်းသားလူနည်းစုများ နိုင်ငံရေးပါတီများတွင် ကိုယ်စားလှယ်လောင်းဖြစ်လာရန် ကြုံတွေ့ရသည့် ယေဘုယျစိန်ခေါ်မှုအခက်အခဲများအဖြစ် မြို့နယ်(၂၇)မြို့နယ်မှတိုင်းရင်းသားလူနည်းစုလွှတ်တော် ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းမှုပေါင်း(၁၆၀)ကြိမ် မေးမြန်းရာတွင်အခက်အခဲမရှိပါဟု အများဆုံးဖြေကြားပြီး အခက်အခဲရှိသည်ဟုဖြေကြားရာတွင်နိုင်ငံရေးအတွေ့အကြုံနည်းပါးခြင်း၊ ငွေကြေးခက်ခဲခြင်း၊ ပညာအရည်အချင်းနည်းပါးခြင်း၊ ဘာသာစကားအခက်အခဲရှိခြင်း၊ အပြိုင်အဆိုင်များ၍ ပိုကြိုးစားရခြင်းနှင့် စကားပြောစွမ်းရည်အားနည်းခြင်းစသည့် အချက်အနည်းငယ်သာတွေ့ရှိရပြီး တိုင်းရင်းသားကိုယ်စားလောင်းအများစုမှာနိုင်ငံရေးပါတီများတွင် ကိုယ်စားလှယ်လောင်းဖြစ်လာရန် အခက်အခဲကြီးကြီးမားမားမရှိနေသည်ကိုလေ့လာတွေ့ရှိရပါသည်။



တိုင်းရင်းသားလူနည်းစုများ နိုင်ငံရေးပါတီများတွင် ကိုယ်စားလှယ်လောင်းဖြစ်လာရန် ကြုံတွေ့ရသည့် အခက်အခဲများ

## (၂.၃) လူငယ်များ နိုင်ငံရေးပါတီများတွင် ကိုယ်စားလှယ်လောင်းဖြစ်လာရန် ကြုံတွေ့ရသည့် ယေဘုယျစိန်ခေါ်မှုအခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

လူငယ်ဆိုသည်မှာ အသက်(၁၈)နှစ်ကနေအသက်(၃၅)နှစ်အထိကို ဆိုလိုခြင်းဖြစ်ပါသည်။ လူငယ်များ နိုင်ငံရေးပါတီများတွင် ကိုယ်စားလှယ်လောင်းဖြစ်လာရန် ကြုံတွေ့ရသည့် ယေဘုယျစိန်ခေါ်မှု အခက်အခဲများအဖြစ် မြို့နယ်(၂၇)မြို့နယ်မှ လူငယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းမှုပေါင်း(၅၇)ကြိမ်မေးမြန်းရာတွင် အခက်အခဲမရှိပါဟုအများဆုံးဖြေကြားကြပြီး အခက်အခဲရှိသည်ဟု ဖြေကြားရာတွင်အခက်အခဲများအဖြစ်ငွေကြေးခက်ခဲခြင်း၊ မဲဆန္ဒရှင်များမှ ယုံကြည်မှုနည်းခြင်း၊ နိုင်ငံရေးအတွေ့အကြုံနည်းပါးခြင်း၊ လူသိနည်းခြင်း၊ မိသားစုဝင်များနားလည်ရန် သေချာစွာရှင်းပြရခြင်း၊ အလုပ်အားစွန့်ရ၍ စီးပွားရေးအခက်အခဲကြုံရခြင်း၊ ထောက်ခံအားပေးမှုနည်းပါးခြင်း၊ လူအင်အားအခက်အခဲရှိခြင်း၊ နည်းပညာ

အခက်အခဲရှိခြင်း၊ လေးစားမှုမခံရခြင်းစသည့်အချက်အနည်းငယ်သာတွေ့ရှိရပြီး လူငယ်ကိုယ်စားလောင်းအများစုမှာ နိုင်ငံရေးပါတီများတွင်ကိုယ်စားလှယ်လောင်းဖြစ်လာရန် အခက်အခဲကြီးကြီးမားမားမရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။



## (၂.၄) တိုင်းရင်းသားတစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသည့် ယေဘုယျစိန်ခေါ်မှုအခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

တိုင်းရင်းသားတစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသည့်ယေဘုယျစိန်ခေါ်မှု အခက်အခဲများအဖြစ် မြို့နယ် (၂၇) မြို့နယ်မှ တိုင်းရင်းသားတစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများကို တွေ့ဆုံမေးမြန်းမှုပေါင်း (၂၁) ကြိမ်မေးမြန်းရာတွင် အခက်အခဲမရှိပါဟု အများဆုံးဖြေကြားပြီး အခက်အခဲရှိသည်ဟု ဖြေကြားရာတွင်အခက်အခဲများအဖြစ် ငွေကြေးခက်ခဲခြင်း၊ လူသိနည်းခြင်း၊ လမ်းခရီးခက်ခဲခြင်း၊ လူ့စွမ်းအားအရင်းအမြစ်မရှိခြင်းစသည့်အချက်အနည်းငယ်သာတွေ့ရှိရပြီး တိုင်းရင်းသားတစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအများစုမှာ အခက်အခဲကြီးကြီးမားမားမရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။



## (၂.၅) လူငယ်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသည့် ယေဘုယျစိန်ခေါ်မှုအခက်အခဲများဆိုင်ရာလေ့လာတွေ့ရှိချက်

လူငယ်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသည့်ယေဘုယျစိန်ခေါ်မှုအခက်အခဲများ အဖြစ် မြို့နယ် (၂၇) မြို့နယ်မှ လူငယ်တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း(၃)ဦးကို တွေ့ဆုံမေးမြန်းမှု ပေါင်း (၇) ကြိမ်မေးမြန်းရာတွင် အခက်အခဲများအဖြစ်သွားလာရန်အခက်အခဲရှိခြင်း၊ တိုက်ခိုက်ထိုးနှက်ခံရ ခြင်း (online, offline)၊ လုံခြုံမှုအားနည်းခြင်း၊ အထင်အမြင်သေးခံရခြင်း၊ မဲဆန္ဒရှင်များ၏ ထောက်ခံမှုအား နည်းခြင်း၊ မဲလာခွဲသည်ဟ ပြောဆိုခံရခြင်းစသည့်အခက်အခဲများကို လေ့လာတွေ့ရှိရပါသည်။



## နိုင်ငံရေးပါတီများ၊ ပါတီကိုယ်စားလှယ်လောင်းများနှင့် တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့(MYNFREL)မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော နိုင်ငံရေးပါတီ စုစုပေါင်း(၃၃)ပါတီရှိသည့် တိုင်းရင်းသားလူမျိုးအမည်ဖြင့် ဖော်ပြထားသောတိုင်းရင်းသားပါတီ (၂၂)ပါတီ ရှိသည့်အတွက် ဗမာမဟုတ်သောတိုင်းရင်းသားပါတီများ၏ဝင်ရောက်ယှဉ်ပြိုင်မှုအားကောင်းကြောင်းလေ့လာတွေ့ရှိရပါသည်။

နိုင်ငံရေးပါတီ(၃၃)ပါတီထဲတွင် တိုင်းရင်းလူနည်းစုကိုယ်စားလှယ်လောင်းပါဝင်မှုသည် (၄၅)ရာခိုင်နှုန်းရှိသည့်အတွက် တိုင်းရင်းသားလူနည်းစုများကို လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရာတွင် ပိုမိုရွေးချယ်လာကြသည်ကိုတွေ့ရပါသည်။

နိုင်ငံရေးပါတီ(၃၃)ပါတီထဲတွင် လူငယ်ကိုယ်စားလှယ်လောင်းများပါဝင်မှုသည် (၁၁) ရာခိုင်နှုန်းရှိသည်အတွက်လွှတ်တော်ကိုယ်စားလှယ်ရွေးချယ်ရာတွင် လူငယ်များကိုပိုမိုရွေးချယ်လာကြသည်ကို လေ့လာတွေ့ရပါသည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ် တိုင်းရင်းသားလူနည်းစုနှင့်လူငယ်များကို ပိုမိုရွေးချယ်လာကြသော်လည်း ယင်းကိုယ်စားလှယ်လောင်းများတွင် နိုင်ငံရေးအတွေ့အကြုံအားနည်းခြင်းနှင့်ဘဏ္ဍာငွေဆိုင်ရာအခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေကြသည်ကို လေ့လာတွေ့ရပါသည်။

### ၃။ မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲစာရင်းကပ်ထားကြေညာခြင်းကို (၂) ကြိမ်ပြုလုပ်ခဲ့ပြီး ပထမအကြိမ်မဲစာရင်းကို(၂၁) ရက်ကြာ (၂၅·၇·၂၀၂၀) ရက်နေ့မှ (၁၄·၈·၂၀၂၀)ရက်နေ့ထိနှင့် ဒုတိယအကြိမ်မဲစာရင်းကို(၁၄)ရက်ကြာ (၁·၁၀·၂၀၂၀)ရက်နေ့မှ (၁၄·၁၀·၂၀၂၀)ရက်နေ့ထိ ကပ်ထားကြေညာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်ဖရယ်(MYNFREL)အဖွဲ့မှ တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင်ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာခြင်းကို စက်တင်ဘာလမှစတင်ပြုလုပ်သည့်အတွက် မဲစာရင်း(၂)ကြိမ်ကပ်ထားကြေညာခဲ့ရာတွင် မဲစာရင်းပထမအကြိမ်ကပ်ထားကြေညာခြင်းကို စောင့်ကြည့်လေ့လာနိုင်ခြင်းမရှိခဲ့ဘဲ မဲစာရင်းဒုတိယအကြိမ်ကပ်ထားကြေညာတဲ့အခါမှ စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။

#### (၃.၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာသည့်အခါ သတ်မှတ်ထားသောနေ့ရက်များတွင် မဲစာရင်းကပ်ထားကြေညာမှုအခြေအနေဆိုင်ရာလေ့လာတွေ့ရှိချက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသောနေ့ရက်များတွင် သက်ဆိုင်ရာရပ်ကွက်

သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မဲစာရင်းကပ်ထားကြေညာထားသည်မှာ (၉၇) ရာခိုင်နှုန်းခန့်ရှိပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ထားသောနေ့ရက်များတွင် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မဲစာရင်းကပ်ထားကြေညာခြင်းမရှိသည်မှာ (၃)ရာခိုင်နှုန်းခန့်ရှိပါသည်။




## (၃.၂) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မဲစာရင်းကပ်ထားကြေညာထားခြင်းကို စောင့်ကြည့်လေ့လာနိုင်မှုအခြေအနေဆိုင်ရာ လေ့လာတွေ့ရှိချက်

### (၃.၂.၁) ရွေးကောက်ပွဲလေ့လာသူများ ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင်မဲစာရင်း ကပ်ထားကြေညာထားခြင်းကို စောင့်ကြည့်လေ့လာနိုင်မှုအခြေအနေဆိုင်ရာ လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦးသည် မြို့နယ်(၂၇)မြို့နယ်ရှိ သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မဲစာရင်းကပ်ထားကြေညာခြင်းနှင့် ပတ်သက်ပြီး အနှောင့်အယှက်၊ အဟန့်အတားများမရှိဘဲ လွတ်လပ်စွာ စောင့်ကြည့်လေ့လာနိုင်ခဲ့ကြပါသည်။

### (၃.၂.၂) ပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ရပ်ကျေး ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲများတွင် မဲစာရင်းကပ်ထား ကြေညာထားခြင်းကို စောင့်ကြည့်လေ့လာနိုင်မှုအခြေအနေ ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မြို့နယ်(၂၇)မြို့နယ်ရှိသက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် မဲစာရင်းကပ်ထားကြေညာခြင်းနှင့် ပတ်သက်ပြီး အနှောက်အယှက်၊ အဟန့်အတားများမရှိဘဲ လွတ်လပ်စွာစောင့်ကြည့်လေ့လာ နိုင်ခဲ့ကြပါသည်။

## (၃.၃) ပြည်သူများ(တိုင်းရင်းသားလူနည်းစုနှင့် လူငယ်များမပါဝင်ပါ)၊ တိုင်းရင်းသားလူနည်းစုများနှင့် လူငယ်များအနေဖြင့် မဲစာရင်းနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးခြင်းနှင့် ၎င်းတို့၏အမည်များအား ပြန်လည် ဖြည့်သွင်းခြင်းဖြစ်စဉ်တွင် ကြုံတွေ့ရသောအခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦးသည် သူတို့၏သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင်မဲစာရင်းကပ်ထားကြေညာသောကာလတွင် ပြည်သူများ (တိုင်းရင်းသားလူနည်းစုနှင့်လူငယ်များမပါဝင်ပါ)၊ တိုင်းရင်းသားလူနည်းစုများနှင့် လူငယ်များအနေဖြင့် မဲစာရင်းနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးခြင်းနှင့် ၎င်းတို့၏အမည်များအားပြန်လည်ဖြည့်သွင်းခြင်း ဖြစ်စဉ်တွင် ကြုံတွေ့ရသောအခက်အခဲများကိုလေ့လာသိရှိနိုင်ရန်အတွက် ၎င်းတို့ထံသွားရောက်တွေ့ဆုံ မေးမြန်းမှုပေါင်း(၄၈၀)ကို ဒုတိယအကြိမ်မဲဆန္ဒရှင်စာရင်းကပ်သည့်(၁.၁၀.၂၀၂၀)ရက်နေ့မှ (၁၄.၁၀.၂၀၂၀) ရက်နေ့ထိ ပြုလုပ်ခဲ့ပါသည်။

### (၃.၃.၁) ပြည်သူများ(တိုင်းရင်းသားလူနည်းစုနှင့် လူငယ်များမပါဝင်ပါ)အနေဖြင့် မဲစာရင်းနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးခြင်းနှင့်၊ တို့၏အမည်များအား ပြန်လည်ဖြည့်သွင်းခြင်းဖြစ်စဉ်တွင် ကြုံတွေ့ရသောအခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

ပြည်သူများ (တိုင်းရင်းသားလူနည်းစုနှင့်လူငယ်များမပါဝင်ပါ) အနေဖြင့် မဲစာရင်းကြည့်ရှုစစ်ဆေး ရာတွင် ကြုံတွေ့ရသောအခက်အခဲများတွင် မဲစာရင်းဆိုင်ရာသတင်းအချက်အလက်များရရှိမှု နည်းပါးခြင်းကို အများဆုံးအနေဖြင့် လေ့လာတွေ့ရှိရပါသည်။ မဲစာရင်းတွင် မိမိ၏အမည် (သို့မဟုတ်) အချက် အလက်များ မှားယွင်းဖော်ပြထားသည်ကို ဒုတိယအများဆုံးအဖြစ်လေ့လာတွေ့ရှိရပါသည်။

### (၃.၃.၂) တိုင်းရင်းသားလူနည်းစုများအနေဖြင့် မဲစာရင်းများကပ်ထားကြေညာထားရှိမှုကို လာရောက်ကြည့်ရှုစစ်ဆေးခြင်းနှင့်မှားယွင်းမှုများကို ပြန်လည်ဖြည့်စွက်၊ ပြင်ဆင်ရာတွင် ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

တိုင်းရင်းသားလူနည်းစုများအနေဖြင့် မဲစာရင်းကြည့်ရှုစစ်ဆေးရာတွင် ကြုံတွေ့ရသော အခက်အခဲများ တွင် မဲစာရင်းတွင်မိမိ၏အမည်(သို့မဟုတ်)အချက်အလက်များ မှားယွင်းဖော်ပြထားသည်ကို အများဆုံး အနေဖြင့်လေ့လာတွေ့ရှိရပါသည်။ မဲစာရင်းဆိုင်ရာသတင်းအချက်အလက်များရရှိမှု နည်းပါးခြင်းကို ဒုတိယအများဆုံးအဖြစ် လေ့လာတွေ့ရှိရပါသည်။

### (၃.၃.၃) လူငယ်များအနေဖြင့် မဲစာရင်းများကပ်ထားကြေညာထားရှိမှုကိုလာရောက် ကြည့်ရှုစစ်ဆေးခြင်းနှင့်မှားယွင်းမှုများကို ပြန်လည်ဖြည့်စွက်၊ ပြင်ဆင်ရာတွင်ကြုံတွေ့ရသော အခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

လူငယ်များအနေဖြင့် မဲစာရင်းကြည့်ရှုစစ်ဆေးရာတွင် ကြုံတွေ့ရသောအခက်အခဲများတွင် မဲစာရင်း ဆိုင်ရာသတင်းအချက်အလက်များရရှိမှုနည်းပါးခြင်းကို အများဆုံးအနေဖြင့်လေ့လာတွေ့ရှိရပါသည်။ မဲစာရင်းတွင် မိမိ၏အမည်(သို့မဟုတ်)အချက်အလက်များ မှားယွင်းဖော်ပြထားသည်ကို ဒုတိယအများဆုံး အဖြစ် လေ့လာတွေ့ရှိရပါသည်။




## မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများကို ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အချိန်နှင့်တစ်ပြေးညီကပ်ထားကြေညာခြင်းများကိုတွေ့ရပြီး ရွေးကောက်ပွဲလေ့လာသူများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် လွတ်လပ်စွာသွားရောက်လေ့လာနိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

မဲဆန္ဒရှင်စာရင်းကပ်ထားချိန်တွင် ပြည်သူများ(တိုင်းရင်းသားလူနည်းစုနှင့်လူငယ်များမပါ)၊ တိုင်းရင်းသားလူနည်းစုများနှင့်လူငယ်များအနေဖြင့် မဲစာရင်းနှင့်ပတ်သက်၍ ကြည့်ရှုစစ်ဆေးရာတွင် အခက်အခဲများအဖြစ် မဲစာရင်းတွင် ၎င်းတို့၏ အမည်သို့မဟုတ် အချက်အလက်များကို မှားယွင်းစွာဖော်ပြထားခြင်းနှင့် မဲစာရင်းနှင့်ပတ်သက်သည့်သတင်းအချက်အလက်များရရှိမှုနည်းပါးခြင်းတို့ကို အများဆုံးအခက်အခဲများအဖြစ် လေ့လာတွေ့ရှိရပါသည်။

## ၄။ မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များမှ တွေ့ရှိချက်များ

လွတ်လပ်မျှတသောရွေးကောက်ပွဲများ ပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL)မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင်ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူ (၂၇) ဦးဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ (၂၀၂၀) ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့မှစ၍ (၂၀၂၀)ခုနှစ် နိုဝင်ဘာလ(၇)ရက်နေ့အထိ စောင့်ကြည့်လေ့လာခဲ့ကြပါသည်။

## (၄.၁) မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှပြုလုပ်သော မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်

စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ မဲဆန္ဒရှင်ပြည်သူများအတွက် မဲဆန္ဒရှင်အသိပညာပေးခြင်းသင်တန်းများကိုပြုလုပ်ခဲ့ခြင်းကို မတွေ့ရဘဲ အရပ်ဖက်အဖွဲ့အစည်းများမှပြုလုပ်သောမဲဆန္ဒရှင်အသိပညာပေးခြင်းသင်တန်းများတွင် တက်ရောက်ပါဝင်ပြီး ရွေးကောက်ပွဲဆိုင်ရာသတင်းအချက်အလက်များကိုရှင်းလင်းပြောကြားခြင်းများကိုတော့ ပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၂) နိုင်ငံရေးပါတီများမှပြုလုပ်သော မဲဆန္ဒရှင်အသိပညာပေးခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်

စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင်နိုင်ငံရေးပါတီများမှ မဲဆန္ဒရှင်အသိပညာပေးခြင်းသင်တန်းများကို (၁၃၆)ကြိမ်ပြုလုပ်ခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် သင်တန်းမဟုတ်သော အခြားသောမဲဆန္ဒရှင်အသိပညာပေးခြင်းနည်းလမ်းတွေအဖြစ်လုပ်ဆောင်မှုအပေါ် အကြိမ်ပေါင်း(၁၆၂) ကြိမ်လေ့လာရာတွင် မဲဆွယ်စည်းရုံးရေးဆိုင်ရာလှုပ်ရှားမှုများမှ (၃၇) ရာခိုင်နှုန်း၊ လူမှုကွန်ရက်စာမျက်နှာများမှ(၁၇)ရာခိုင်နှုန်း၊ လက်ကမ်းစာစောင်၊ ဂျာနယ်များမှ(၁၅) ရာခိုင်နှုန်း၊ ရုပ်သံများမှ (၄)ရာခိုင်နှုန်းစသည့်နည်းလမ်းများဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းများကိုလည်းပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ နိုင်ငံရေးပါတီများအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးရာတွင် မြန်မာဘာသာစကားကို အများဆုံးအသုံးပြုခဲ့ပြီး ရှမ်း၊ ကချင်၊ ကယား၊ ထားဝယ်၊ အာခါ၊ လားဟူတို့၏ ဘာသာစကားများကိုလဲအသုံးပြုခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

နိုင်ငံရေးပါတီများ မဲဆွယ်စည်းရုံးရေးဆိုင်ရာလှုပ်ရှားမှုများမှ မဲဆန္ဒရှင်အသိပညာပေးသည့် ပွဲပေါင်း (၂၇၆)ပွဲတွင် တိုင်းရင်းသားလူနည်းစုများကို ဦးတည်ပြီးပေးသည့် မဲဆန္ဒရှင်အသိပညာပေးခြင်း (၄၅)ရာခိုင်နှုန်းနှင့် လူငယ်များကိုဦးတည်ပြီးပေးသည့်မဲဆန္ဒရှင်အသိပညာပေးခြင်း (၃၃)ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၃) ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှပြုလုပ်သော မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်

စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင် ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ မဲဆန္ဒရှင်အသိပညာပေးခြင်းသင်တန်းများကို (၇၂)ကြိမ် ပြုလုပ်ခဲ့သည်ကိုလေ့လာတွေ့ ရှိရပါသည်။ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် သင်တန်းမဟုတ်သော အခြားသောမဲဆန္ဒရှင် အသိပညာပေးခြင်းနည်းလမ်းတွေအဖြစ် လုပ်ဆောင်မှုအပေါ် အကြိမ်ပေါင်း(၁၆၂) ကြိမ်လေ့လာရာတွင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများမှ (၁၅)ရာခိုင်နှုန်း၊ လူမှုကွန်ရက်စာမျက်နှာ များမှ (၁၂)ရာခိုင်နှုန်း၊ လက်ကမ်းစာစောင်၊ ဂျာနယ်များမှ (၇)ရာခိုင်နှုန်း၊ ရုပ်သံများမှ (၅)ရာခိုင်နှုန်း စသည့် နည်းလမ်းများဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းများကိုလဲ ပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပြည်တွင်း၊ ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးရာတွင် မြန်မာ ဘာသာစကားကို အများဆုံးအသုံးပြုခဲ့ပြီး ရှမ်း၊ ကချင်၊ ကယား၊ အာခါ၊ လားဟူတို့၏ဘာသာစကား

များကိုလဲအသုံးပြုခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ပြည်တွင်း၊ ပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှမဲဆွယ်စည်းရုံးရေးဆိုင်ရာလှုပ်ရှားမှုများမှ မဲဆန္ဒရှင်အသိပညာပေးသည့် ပွဲပေါင်း(၅၉)ပွဲတွင် တိုင်းရင်းသားလူနည်းစုများကို ဦးတည်ပြီးပေးသည့် မဲဆန္ဒရှင်အသိပညာပေးခြင်းကို ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် မတွေ့ရဘဲ ကျန်ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်မြောက်ပိုင်းတို့ရှိ မြို့နယ်(၁၂)မြို့နယ်တွင် တိုင်းရင်းသားလူနည်းစု များကို ဦးတည်ပြီးပေးသည့် မဲဆန္ဒရှင်အသိပညာပေးခြင်း (၂၈)ရာခိုင်နှုန်းရှိပြီ လူငယ်များကိုဦးတည်ပြီး ပေးသည့်မဲဆန္ဒရှင်အသိပညာပေးခြင်းကို မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင် (၄၈)ရာခိုင်နှုန်းရှိကြောင်းလေ့လာ တွေ့ရှိရပါသည်။

## (၄.၄) ဒေသအခြေစိုက်ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများမှပြုလုပ်သော မဲဆန္ဒရှင်အသိပညာပေးခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်

စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင် ဒေသအခြေစိုက်ပြည်တွင်းအရပ်ဖက် အဖွဲ့အစည်းများမှမဲဆန္ဒရှင်အသိပညာပေးခြင်းသင်တန်းများကို (၂၆)ကြိမ်ပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိ ရပါသည်။ ဒေသအခြေစိုက်ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် သင်တန်းမဟုတ်သောအခြားသော မဲဆန္ဒရှင် အသိပညာပေးခြင်းနည်းလမ်းတွေအဖြစ်လုပ်ဆောင်မှုအပေါ် အကြိမ်ပေါင်း(၁၆၂)ကြိမ် လေ့လာရာ တွင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများမှ (၁၂)ရာခိုင်နှုန်း၊ လူမှုကွန်ရက်စာမျက်နှာများမှ (၆)ရာခိုင်နှုန်းရှိပြီ လက်ကမ်းစာစောင်၊ ဂျာနယ်များမှ မဲဆန္ဒရှင်အသိပညာပေးခြင်းများကို ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စုစုပေါင်းမြို့နယ် (၁၂) မြို့နယ်တွင်မတွေ့ရဘဲ ကျန်ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ စုစုပေါင်းမြို့နယ် (၁၅) မြို့နယ်တွင် (၂)ကြိမ် စသည့် နည်းလမ်းများဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းများကိုလဲ ပြုလုပ်ခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။ ဒေသအခြေစိုက်ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်အသိပညာပေးရာတွင် မြန်မာဘာသာ စကားကို အများဆုံးအသုံးပြုခဲ့ပြီး ရှမ်း၊ ကချင်၊ ကယား၊ ထားဝယ်၊ အာခါ၊ လားဟူတို့၏ဘာသာစကားများ ကိုလဲအသုံးပြုခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဒေသအခြေစိုက်ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများမှ မဲဆွယ်စည်းရုံးရေးဆိုင်ရာလှုပ်ရှားမှုများမှ မဲဆန္ဒရှင်အသိပညာပေးသည့်ပွဲပေါင်း(၃၈)ပွဲတွင် တိုင်းရင်းသားလူနည်းစုများနှင့်လူငယ်များကို ဦးတည်ပြီး ပေးသည့်မဲဆန္ဒရှင်အသိပညာပေးခြင်းကို ကချင်ပြည်နယ်တွင်မတွေ့ရဘဲ ကျန်ကယားပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့်မြောက်ပိုင်းတို့ရှိ မြို့နယ်(၂၃)မြို့နယ်တွင် တိုင်းရင်းသား လူနည်းစုများကို ဦးတည်ပြီးပေးသည့် မဲဆန္ဒရှင်အသိပညာပေးခြင်း (၃၀)ရာခိုင်နှုန်းရှိပြီး လူငယ်များကို ဦးတည်ပြီးပေးသည့် မဲဆန္ဒရှင်အသိပညာပေးခြင်း (၅၅)ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၄.၅) အခြားသောအဖွဲ့အစည်းများမှပြုလုပ်သော မဲဆန္ဒရှင်အသိပညာပေးခြင်း လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်

စောင့်ကြည့်လေ့လာခဲ့သည့် မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင် အခြားသောအဖွဲ့အစည်းများမှ မဲဆန္ဒရှင် အသိပညာပေးခြင်း သင်တန်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ မြို့နယ်စုစုပေါင်း(၈) မြို့နယ်တွင်ပြုလုပ်ခဲ့ခြင်းမရှိဘဲ ကျန်ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်း

တို့ရှိ မြို့နယ်စုစုပေါင်း(၁၉)မြို့နယ်တို့တွင်(၂၂)ကြိမ်ပြုလုပ်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ အခြားသော အဖွဲ့အစည်းများအနေဖြင့် သင်တန်းမဟုတ်သော အခြားသောမဲဆန္ဒရှင်အသိပညာပေးခြင်း နည်းလမ်းတွေ အဖြစ်လုပ်ဆောင်မှုအပေါ် အကြိမ်ပေါင်း(၁၆၂)ကြိမ်လေ့လာရာတွင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု များမှ မဲဆန္ဒရှင်အသိပညာပေးခြင်းကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း တို့ရှိ မြို့နယ်ပေါင်း(၈) မြို့နယ်တို့တွင်ပြုလုပ်ခဲ့ခြင်းမရှိဘဲ ကျန်ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် အရှေ့ပိုင်းတို့တွင် မြို့နယ်စုစုပေါင်း(၁၉)မြို့နယ်တို့တွင် (၉)ရာခိုင်နှုန်း၊ လူမှုကွန်ရက် စာမျက်နှာများမှ မဲဆန္ဒရှင်အသိပညာပေးခြင်းကို ကချင်ပြည်နယ်နှင့်ကယားပြည်နယ်တို့ရှိ မြို့နယ်ပေါင်း (၁၁)မြို့နယ် တို့တွင်ပြုလုပ်ခဲ့ခြင်းမရှိဘဲ ကျန်တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့် မြောက်ပိုင်းတို့ရှိ မြို့နယ်စုစုပေါင်း(၁၆)မြို့နယ်တို့တွင် လူမှုကွန်ရက်စာမျက်နှာများမှ မဲဆန္ဒရှင်အသိပညာပေးခြင်း (၂)ရာ ခိုင်နှုန်းသာရှိပြီး လက်ကမ်းစာစောင်၊ ဂျာနယ်များမှမဲဆန္ဒရှင်အသိပညာပေးတာတွေကို တနင်္သာရီတိုင်း ဒေသကြီးနှင့်ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ စုစုပေါင်းမြို့နယ်(၁၂)မြို့နယ်တွင် (၂) ကြိမ်နှင့် ရုပ်သံမှမဲဆန္ဒရှင် အသိပညာပေးခြင်းကို တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်(၄)မြို့နယ်တွင်(၁) ကြိမ်ခန့် စသည့်နည်းလမ်းများဖြင့် မဲဆန္ဒရှင်အသိပညာပေးခြင်းများကိုလဲ ပြုလုပ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ အခြားသောအဖွဲ့အစည်းများ အနေဖြင့် မဲဆန္ဒရှင်အသိပညာပေးရာတွင် မြန်မာဘာသာစကားကို အများဆုံးအသုံးပြုခဲ့ပြီး ရှမ်း၊ ကချင်၊ ကယား၊ ထားဝယ်၊ အာခါ၊ လားဟူတို့၏ဘာသာစကားများကိုလဲ အသုံး ပြုခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

အခြားသောအဖွဲ့အစည်းများမှ မဲဆွယ်စည်းရုံးရေးဆိုင်ရာလှုပ်ရှားမှုများမှ မဲဆန္ဒရှင်အသိပညာပေးသည့် ပွဲပေါင်း(၂၅)ပွဲတွင် တိုင်းရင်းသားလူနည်းစုများနှင့် လူငယ်များကို ဦးတည်ပြီးပေးသည့် မဲဆန္ဒရှင်အသိ ပညာပေးခြင်းကို စောင့်ကြည့်လေ့လာခဲ့သော မြို့နယ်ပေါင်း(၂၇)မြို့နယ်တွင် တွေ့ရှိရခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

■

# မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များမှ တွေ့ရှိချက်များအပေါ်ခြုံငုံသုံးသပ်ချက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ် (၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသအခြေစိုက်ပြည်တွင်းအရပ်ဖက် အဖွဲ့အစည်းများနှင့်အခြားသောအဖွဲ့အစည်းများမှ မဲဆန္ဒရှင်အသိပညာပေးခြင်းလုပ်ငန်းစဉ်များကိုလေ့လာရာတွင် ကိုဗစ်ကာလမှာပြုလုပ်ရသည့်ရွေးကောက်ပွဲဖြစ်သည့်အတွက် မြေပြင်မှာပြုလုပ်သည့်မဲဆန္ဒရှင်အသိပညာပေးခြင်းများ သိသိသာသာနည်းပါးခဲ့တာကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံရေးပါတီတွေအနေနှင့်သာ မဲဆွယ်စည်းရုံးရေးသွားရင်းနဲ့မဲဆန္ဒရှင်အသိပညာပေးတွေကို အကြိမ်ရေများစွာပေးနိုင်ခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများက မြေပြင်မှာသင်တန်းမပေးနိုင်ခြင်းမရှိသည့်အပြင် အခြားနည်းလမ်းတွေဖြစ်သော လူမှုကွန်ရက်တွေ၊ လက်ကမ်းစာစောင်တွေ၊ ရုပ်သံမီဒီယာတွေကနေမဲဆန္ဒရှင်အသိပညာပေးတာတွေစသည့်လုပ်ဆောင်မှုတွေလည်း နည်းပါးခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။



## ၅။ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံကိုစောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ (၁၀၆) တွင် ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန်နှင့်ရွေးကောက်ပွဲကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန်ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ရွေးကောက်ပွဲတွင် ပါဝင်သက်ဆိုင်သူများနှင့်ညှိနှိုင်း၍ လိုအပ်သလိုဖွဲ့စည်းနိုင်သည်လို့ ပြင်ဆင်ခြင်းကို (၃.၁၀.၂၀၁၉)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၅၅/၂၀၁၉)ဖြင့် ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေ ပဥ္စမအကြိမ်မြောက်ပြင်ဆင်ခြင်းတွင် ထည့်သွင်းပြင်ဆင်ခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် (၂၀၂၀) ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့တွင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီအပါအဝင်တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီ(၁၄)ခု၊ ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီတို့နှင့် ယင်းတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်အသီးသီးတို့အတွက် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်တို့ကိုဖွဲ့စည်းပေးခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၏သက်တမ်းမှာ ကော်မတီအဆင့်ဆင့်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကဖွဲ့စည်းပြီးသည့်နေ့မှစ၍ရွေးကောက်ပွဲကျင်းပြီးစီးသည့်နေ့အထိ ဖြစ်သည်။

## မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးကော်မတီတိုင်းတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ (ဌာနဆိုင်ရာဝန်ထမ်းများအပါအဝင်)က အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြို့နယ်အတွင်းရှိ ရွေးကောက်ပွဲဝင်ရောက်သည့်ပါတီများနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြို့နယ်အတွင်းရှိ ဩဇာတိက္ကမရှိသူ အများဆုံး(၅)ဦး ဖြစ်နိုင်ပါက အနည်းဆုံး အမျိုးသမီး (၁) ဦးပါဝင်ဖွဲ့စည်းရန်)ကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက အတွင်းရေးမှူးအဖြစ်ဖွဲ့စည်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

## မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ဆောင်ရွက်ချက်များဆိုင်ရာ လေ့လာတွေ့ရှိချက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် စက်တင်ဘာလမှ အောက်တိုဘာလ (၂)လတာအတွင်း စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးများကို မြို့နယ်အများစုမှာ (၁)ကြိမ်ခန့်သာ ပြုလုပ်ကြပြီး ပုံမှန်တွေ့ဆုံဆောင်ရွက်နေခြင်းများကိုမတွေ့ရှိရပါ။ သို့သော်လည်း တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်မှာတော့ စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးများကို (၈)ကြိမ်ခန့် လုပ်ဆောင်သွားသည်ကို လေ့လာတွေ့ရှိရပါသည်။

## (၅.၁) မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရာတွင် တိုင်းရင်းသားလူနည်းစုပါဝင်မှုဆိုင်ရာလေ့လာတွေ့ရှိချက်

မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရာတွင် တိုင်းရင်းသားလူနည်းစုများကိုထည့်သွင်းထားမှုနဲ့ပတ်သက်ပြီး လေ့လာမှုပြုလုပ်ခဲ့သော မြို့နယ်(၂၇)မြို့နယ်တွင် မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်စုစုပေါင်း(၈၂၃)ဦးရှိခဲ့ပါသည်။ ယင်းတို့ထဲတွင်တိုင်းရင်းသားလူနည်းစုအဖွဲ့ဝင်ပေါင်း(၁၆၀)ဦးထိပါဝင်ခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် ၁၉.၄ ရာခိုင်နှုန်းရှိသည်ဟု ဆိုရမည်ဖြစ်ပါသည်။ တိုင်းရင်းသားလူနည်းစုများအဖြစ် ကချင်ပြည်နယ်တွင် ရှမ်းနီ၊ လော်ဝေါ်၊ လီဆူး၊ ဗမာ၊ ရှမ်း တို့အား တွေ့ရှိရပါသည်။ ကယားပြည်နယ်တွင် ကရင်၊ ရှမ်း၊ ပအိုဝ်းနှင့် ဗမာတို့ကိုတွေ့ရပါသည်။ တနင်္သာရီတိုင်းတွင်မူ ထားဝယ်၊ မွန်၊ ကရင်တို့ကို တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင်မူ ဝ၊ အာခါ၊ လားဟူ၊ ဗမာ တို့ကိုတွေ့ရပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင်မူ တအာင်း(ပလောင်)၊ ကချင်၊ ကိုးကန့် ၊ ဗမာတို့စသည့် တိုင်းရင်းသားလူနည်းစုများပါဝင်ဖွဲ့စည်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။

မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရာတွင် အရေးကြီးရာထူးခန့်အပ်ထားမှုတွင် တိုင်းရင်းသားလူနည်းစုပါဝင်မှု မြင့်မားခြင်းနှင့်ပက်သက်၍ လေ့လာမှုပြုလုပ်ခဲ့ရာတိုင်းရင်းသားလူနည်းစုများအား ဥက္ကဋ္ဌအဖြစ်ခန့်အပ်ဖွဲ့စည်းထားသည့် မြို့နယ် (၂၀) မြို့နယ်ထိရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ အတွင်းရေးမှူးအဆင့်တွင်မူ မြို့နယ် (၁၈)မြို့နယ်တွင် တိုင်းရင်းသားလူနည်းစုများကို ထည့်သွင်းဖွဲ့စည်းထားကြောင်း လေ့လာတွေ့ရှိရသည်။ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရာတွင် ယင်းမြို့နယ်တွင်ယှဉ်ပြိုင်သည့်ပါတီများနှင့်တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီသည်အဖွဲ့ဝင်များအဖြစ်ပါဝင်ရသည်။ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီအင်အားသည် ပါတီများဝင်ရောက် ယှဉ်ပြိုင်သည့်ပါတီအရေအတွက်များပေါ်တွင်မူတည်၍ လူအင်အားအနည်းအများကွာခြားကြောင်း လေ့လာ တွေ့ရှိရပါသည်။

## (၅.၂) မြို့နယ်စေ့စပ်ညှိနှိုင်းရေကော်မတီဖွဲ့စည်းရာတွင် လူငယ်ပါဝင်မှု မြင့်မားခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကပြန်လည်ပါဝင်ကြသည့်အတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဖွဲ့စည်းပုံတွင် လူငယ်ဝင်မှုအတိုင်း မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံတွင်းလဲလူငယ်များကို အတွင်းရေးမှူးများအဖြစ်ခန့်အပ်ထားသည့် မြို့နယ်(၅)မြို့နယ်သာရှိကြောင်းလေ့လာတွေ့ရှိရပါသည်။ မြန်ဖရယ် (MYNFREL) အဖွဲ့မှ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦးသည် မြို့နယ်စေ့စပ်ညှိ နှိုင်းရေးကော်မတီဖွဲ့စည်းရာတွင် ရွေးကောက်ပွဲဝင်ရောက်သည့်ပါတီများနှင့်တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်တစ်ဦးစီ၏အသက်အပိုင်းအခြားများကို စုံစမ်းမေးမြန်းနိုင်ခဲ့ခြင်းမရှိပါ။ ထို့ကြောင့် မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရာတွင် လူငယ်များ၏ပါဝင်မှုကိုသေသေချာချာ လေ့လာနိုင်ခဲ့ခြင်းမရှိပါ။

## (၅.၃) မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်သို့ တိုင်တန်းသည့် ပြဿနာများဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်တွင် လာရောက်တိုင်တန်းကြခြင်းနှင့်ပက်သက်၍မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီသို့ မေးမြန်းမှုပေါင်း(၁၄၁)ကြိမ် မေးမြန်းခဲ့ပါသည်။ ထိုသို့မေးမြန်းခဲ့ရာတွင် လာရောက်တိုင်းတန်း

သည့်ပြဿနာ (၂၆)ခုကိုတွေ့ရှိခဲ့ရပါသည်။ ယင်းတို့မှာ ပါတီဆိုင်းဘုတ်ဖျက်ဆီးခံရခြင်းများ၊ ပါတီတခုမှ မဲဆွယ်စည်းရုံးရေးတင်သည့်ရက်အတိုင်း အခြားပါတီမှလိုက်တင်ခြင်း၊ တစ်ပါတီနှင့်တစ်ပါတီ ပုတ်ခတ်ပြောဆိုခြင်း၊ မဲပုံးချိတ်ပိတ်ခြင်းနှင့်ပက်သက်၍ပြဿနာဖြစ်ခြင်း၊ မဲဆွယ်စဉ်မဲဆန္ဒရှင်များမှ နှောင့်ယှက်မှုနှင့် ကြုံရခြင်းနှင့် ကြိုတင်မဲပေးရာတွင် တိုင်းရင်းသားလူမျိုးမဲစာအုပ်မှားပြီး မဲပေးခြင်းတို့ဖြစ်ပါသည်။

## (၅.၄) မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီ၏လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များအပေါ် ကျေနပ်မှုရှိ မရှိဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်တွင် မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ဆောင်ချက်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်များအပေါ် ကျေနပ်မှုရှိမရှိကိုတိုင်းတန်းသူနှင့်တိုင်းကြားခံသူများကိုမေးမြန်းကြည့်ရာ မြို့နယ်စေ့စပ် ညှိနှိုင်းရေးကော်မတီဝင်များ၏ဖြေရှင်းမှုအများစုကို ကျေနပ်မှုရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ တိုင်တန်းမှုများအပေါ် မကျေနပ်၍စောဒကတက်သည့်ကိစ္စရပ်များ မိမိတို့လေ့လာသည့်ကာလအတွင်း မတွေ့ခဲ့ရပါ။ တချို့ပြဿနာများမှာရဲအရေးပိုင်အမှုဖြစ်၍ ရဲလက်အပ်သည်များလည်းရှိပါသည်။

## (၅.၅) မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ လုပ်ငန်းဆောင်ရွက်ရာတွင် တွေကြုံရသော အခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်တွင် မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များ လုပ်ငန်းဆောင်ရွက်ရာတွင်တွေ့ကြုံရသောအခက်အခဲနှင့် ပက်သက်၍ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဝင်များသို့ မေးမြန်းမှုပေါင်း (၁၄၁) ကြိမ် မေးမြန်းခဲ့ရာတွင်(၁)ကြိမ်သာ အခက်အခဲရှိကြောင်းတွေ့ခဲ့ရပါသည်။ ယင်းအခက်အခဲမှာ ရှားတောမြို့တွင်ဖြစ်ပြီး သက်ဆိုင်ရာဌာနများပါဝင်မှုနည်းခြင်းဖြစ်သည်ဟု လေ့လာတွေ့ရှိရပါသည်။

## မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံကို စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းပုံနှင့်ဆောင်ရွက်ချက်များကိုစောင့်ကြည့်လေ့လာရာတွင် မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီ၌ တိုင်းရင်းသားလူနည်းစု ပါဝင်မှုသည် ၁၉.၄ ရာခိုင်နှုန်းပါဝင်သည့်အတွက် တိုင်းရင်းသားလူနည်းစုများကို ထည့်သွင်းဖွဲ့စည်းထားသော်လည်း မပါလာသေးသည့် အခြားတိုင်းရင်းသားလူနည်းစုများကို ထည့်သွင်းဖွဲ့စည်းပေးဖို့ကိုလည်းလိုအပ်နေကြောင်းလေ့လာတွေ့ရှိရပါသည်။ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီများကို ဖွဲ့စည်းရာတွင် ကော်မတီဝင်များ၏အသက်အရွယ်အပိုင်းအခြားနှင့် လူမျိုးအမည်အချက်အလက်များကို ပြည့်ပြည့်စုံစုံ မှတ်တမ်းထားရှိခြင်းမရှိသဖြင့် မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီ၌ လူငယ်များပါဝင်မှုကို လေ့လာနိုင်ရန်အတွက်အခက်အခဲများကိုကြုံတွေ့ခဲ့ရပါသည်။ မြို့နယ်စေ့စပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးများကို မြို့နယ်အများစုမှာ (၁)ကြိမ်ခန့်သာပြုလုပ်ကြပြီး ပုံမှန်တွေ့ဆုံဆောင်ရွက်နေခြင်းများကို မတွေ့ရှိရပါ။ ဖြေရှင်းစရာကိစ္စရပ်ပေါ်လာမှအစည်းအဝေးပြုလုပ်သည်ကို အများစုမြို့နယ်များမှာ လေ့လာတွေ့ရှိရပါသောကြောင့် မိမိတို့လေ့လာခဲ့သောမြို့နယ်(၂၇)မြို့နယ်တွင် မဲဆွယ်စည်းရုံးကာလတွင် အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များ အများအပြားမဖြစ်ပေါ်ခဲ့တာကိုလေ့လာတွေ့ရှိရပါသည်။

## ၆။ နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှတွေ့ရှိချက်များ

နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်ကို (၂၀၂၀) ပြည့်နှစ်၊ ဇွန်လ(၂၆)ရက်နေ့တွင် နိုင်ငံရေးပါတီ(၉၀)ကျော်အနက်(၆၄)ပါတီမှ လက်မှတ်ရေးထိုးထားပါသည်။ ယင်းရွေးကောက်ပွဲဆိုင်ရာကျင့်ဝတ်တွင် အမျိုးသားခေါင်းဆောင်ဗိုလ်ချုပ်အောင်ဆန်းနှင့် သမိုင်းဝင်ပုဂ္ဂိုလ်များ၏ရုပ်ပုံများသုံးစွဲခြင်းမပြုရန်တားမြစ်ချက်ပါဝင်လာခြင်းမရှိဟုဆိုပြီး ပါတီတစ်ချို့ကလက်မှတ်ထိုးခဲ့ခြင်းမရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ (၈.၉.၂၀၂၀ ရက်နေ့ နံနက် ၀၆း၀၀ နာရီမှ ၆.၁၁.၂၀၂၀ ရက်နေ့ ည ၁၂း၀၀ အထိ) ခွင့်ပြုကြောင်းကို (၆.၉.၂၀၂၀)ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

ကိုဗစ်ကာလတွင် မဲဆန္ဒရှင်ပြည်သူများကို မဲဆွယ်စည်းရုံးကြမည့် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကိုဗစ်ဆိုင်ရာစံလုပ်ငန်းလမ်းညွှန် – အပိုင်း(၁)အဖြစ် “မဲဆွယ်စည်းရုံးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရန်အချက်များ” ကို (၇.၉.၂၀၂၀)ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာခဲ့ပါသည်။

မြန်ဖရယ် (MYNFREL) အဖွဲ့မှ တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် ရွေးကောက်ပွဲ ကာလရှည်စောင့်ကြည့်လေ့လာခြင်းကို စက်တင်ဘာလမှ နိုဝင်ဘာလအထိပြုလုပ်ခဲ့သောကြောင့် နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ရသည့်ရက်ပေါင်း(၆၀)ကို စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။

### (၆.၁) မဲဆွယ်စည်းရုံးရေးဖြစ်စဉ်များတွင် လူငယ်များ၏ပါဝင်မှုဆိုင်ရာလေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်တွင် ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦးက နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးပွဲ(၄၁၆)ပွဲကို လူငယ်များ၏ပါဝင်မှုကို စောင့်ကြည့်လေ့လာခဲ့ရာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် ထောက်ခံအားပေးသူများအဖြစ် တက်ကြွစွာပါဝင်ခဲ့ကြသော်လည်းခေါင်းဆောင်အဖြစ်ပါဝင်မှုမှာ (၁၇.၅)ရာခိုင်နှုန်းခန့်သာရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၆.၂) မဲဆွယ်စည်းရုံးခြင်းနည်းလမ်းများဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်တွင် မဲဆွယ်စည်းရုံးခြင်းနည်းလမ်းများကို စောင့်ကြည့်လေ့လာခဲ့ရာတွင် နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းအများစုသည် စုဝေးဟောပြောခြင်း၊ ပိုစတာများစိုက်ထူခြင်း၊ ချီတက်ပွဲများလုပ်ဆောင်ခြင်းနှင့် အသံချဲ့စက်ဖြင့်လှုံ့ဆော်ခြင်း စသည်တို့ကို အများဆုံး အသုံးပြုသကဲ့သို့ (၂၀၂၀) ခုနှစ်တွင် အထူးသဖြင့် Social Media (Facebook) မှ မဲဆွယ်စည်းရုံးခြင်းများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ခဲ့သည်ကိုတွေ့ရှိခဲ့ရပါသည်။

**စောင့်ကြည့်ကာလအတွင်း တွေ့ရသည့် စည်းလုံးရေးအမျိုးအစားများ**




## ၆.၃) နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးရေး လုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူနည်းစုများကို ဦးတည်သည့် ရွေးကောက်ပွဲကတိကဝတ်များ ဆိုင်ရာလေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်ရှိ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူနည်းစုများကို ဦးတည်သည့်ရွေးကောက်ပွဲကတိကဝတ်များအဖြစ် တိုင်းရင်းသားလူနည်းစုအရေး၊ ပညာရေး၊ ဖက်ဒရယ်အရေး၊ မြေယာအရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ စသည့်ကတိကဝတ်များကိုပေးကာ တိုင်းရင်းသားလူနည်းစုများကို မဲဆွယ်စည်းရုံးခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။

**ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားလူနည်းစုများကို ဦးတည်သည့် ရွေးကောက်ပွဲကတိကဝတ်များ**



## (၆.၄) နိုင်ငံရေးပါတီများနှင့်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ တွင် လူငယ်များကိုဦးတည်သည့် ရွေးကောက်ပွဲကတိကဝတ်များဆိုင်ရာ လေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်ရှိ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး လုပ်ငန်းစဉ်များတွင် လူငယ်များကို ဦးတည်သည့် ရွေးကောက်ပွဲကတိကဝတ်များအဖြစ် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးမယ်၊ မူးယစ်ဆေးဝါးကင်းစင်အောင် လုပ်ပေးမယ်၊ ပညာရေးကို ဦးစားပေးဆောင်ရွက်မယ်နှင့် လူငယ်ရေးရာမူဝါဒတွေကိုရေးဆွဲမယ် စသည့်ကတိကဝတ်များပေးကာ လူငယ်များကိုမဲဆွယ်စည်းရုံးခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။




## (၆.၅) မဲဆွယ်စည်းရုံးရာတွင် နိုင်ငံတော်အရင်းအမြစ်များအား အလွဲသုံးစားပြုခြင်းဆိုင်ရာလေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်မှ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် နိုင်ငံတော်ပိုင်အရင်းအမြစ်များကိုအလွဲသုံးစားပြုသည်များကို အများအားဖြင့်မတွေ့ရပါ။ အနည်းငယ်အားဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့သည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ အုပ်ချုပ်ရေးမှူးခန်းမတွင် စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းစဉ်များ၊ မဲဆန္ဒရှင် အသိပညာပေးသင်တန်းများကို တစ်ကြိမ်ခန့်ပြုလုပ်ခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။

## (၆.၆) မဲဆွယ်စည်းရုံးရာတွင် အမုန်းစကားများ(အွန်လိုင်း သို့မဟုတ် အော့ဖ်လိုင်း) ဖြန့်ဝေခြင်းမျိုး တွေ့ရှိခြင်းဆိုင်ရာလေ့လာတွေ့ရှိချက်

မြို့နယ်(၂၇)မြို့နယ်မှ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံး

ရာတွင် အမုန်းစကားများ(အွန်လိုင်း သို့မဟုတ် အော့ဖ်လိုင်း)ဖြန့်ဝေခြင်းမျိုးအဖြစ် ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူများက (၁၆၂)ကြိမ်လေ့လာရာတွင် (၁၇)ကြိမ်အဖြစ် အမုန်းစကားများကိုပြောဆို ဖြန့်ဝေခြင်းများရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ အမုန်းစကားများအဖြစ်ပါတီတစ်ခုနှ အခြားပါတီတစ်ခုသို့ မကောင်းကြောင်း ဟောပြောခြင်း၊ အပြန်အလှန် ပြင်းထန်စွာတိုက်ခိုက်ရေးသားခြင်း၊ ကုလားပါတီဟု ပုတ်ခတ်ပြောဆိုခြင်း၊ သူခိုးပါတီဟု ပုတ်ခတ်ပြောဆိုခြင်း၊ လူမျိုးရေးဆိုင်ရာသွေးခွဲစကား ပြောဆိုခြင်း၊ အခြားပါတီ၏အတွင်းရေးကိစ္စများကို မဟုတ်မမှန်ပြောဆိုခြင်းစသည့်အမုန်းစကားများကို လေ့လာတွေ့ရှိ ခဲ့ပါသည်။

## (၆.၇) လွှတ်တော်ကိုယ်စားလှယ်လောင်းအများစု မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာ၌ကြုံတွေ့ရသည့် အခက်အခဲများဆိုင်ရာလေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူများက မြို့နယ်(၂၇)မြို့နယ်မှ လွှတ်တော်ကိုယ်စား လှယ်လောင်းများကိုမေးမြန်းမှုပေါင်း (၁၁၇)ကြိမ်မေးမြန်းခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း အများစု မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲအများဆုံးအဖြစ် ကိုဗစ်ကန့် သတ်ချက်များကြောင့်ဖြစ်ပြီး ရန်ပုံငွေမလုံလောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လူစွမ်းအား အရင်းအမြစ်မရှိခြင်းစသည့် အခက်အခဲများလဲရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**စည်းလုံးရေးလုပ်ငန်းများတွင် ကိုယ်စားလှယ်လောင်းအများစုကြုံတွေ့ရသည့် အခက်အခဲများ**



## (၆.၈) တိုင်းရင်းသားလူနည်းစုကိုယ်စားလှယ်လောင်းအများစု မဲဆွယ်စည်းရုံးရေး လုပ်ငန်းစဉ်များလုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲများဆိုင်ရာလေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူများသည် မြို့နယ် (၂၇) မြို့နယ်မှ တိုင်းရင်းသားလူနည်းစုလွှတ်တော်ကိုယ်စားလှယ်လောင်းများကိုမေးမြန်းမှုပေါင်း (၁၁၃) ကြိမ် မေးမြန်းခဲ့ရာ တိုင်းရင်းသားလူနည်းစု လွှတ်တော်ကိုယ်စားလှယ်လောင်းအများစု မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့် အခက်အခဲအများဆုံးအဖြစ် ကိုဗစ်ကန့်သတ်ချက်များကြောင့်ဖြစ်ပြီး ရန်ပုံငွေမလုံလောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လူစွမ်းအားအရင်းအမြစ်မရှိခြင်းစသည့် အခက်အခဲများလဲရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလူနည်းစု ကိုယ်စားလှယ်လောင်းအများစုကြုံတွေ့ရသည့် အခက်အခဲများ**



## (၆.၉) လူငယ်ကိုယ်စားလှယ်လောင်းအများစု မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာ၌ကြုံတွေ့ရသည့် အခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူများက မြို့နယ်(၂၇)မြို့နယ်မှ လူငယ်လွှတ်တော်ကိုယ်စားလှယ်လောင်းများကို မေးမြန်းမှုပေါင်း(၈၉)ကြိမ် မေးမြန်းခဲ့ရာ လူငယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအများစု မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များလုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့်အခက်အခဲအများဆုံးအဖြစ် ကိုဗစ်ကန့်သတ်ချက်များကြောင့်ဖြစ်ပြီး ရန်ပုံငွေမလုံလောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လူစွမ်းအားအရင်းအမြစ်မရှိခြင်းစသည့် အခက်အခဲများလဲရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်တွင် လူငယ်ကိုယ်စားလှယ်လောင်းအများစုကြုံတွေ့ရသည့် အခက်အခဲများ**



## (၆.၁၀) တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအများစု မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ လုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့်အခက်အခဲများဆိုင်ရာ လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူများက မြို့နယ်(၂၇)မြို့နယ်မှ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများကိုမေးမြန်းမှုပေါင်း(၅၁)ကြိမ် မေးမြန်းခဲ့ရာ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအများစု မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များလုပ်ဆောင်ရာ၌ ကြုံတွေ့ရသည့်အခက်အခဲအများဆုံးအဖြစ် ကိုဗစ်ကန့်သတ်ချက်များကြောင့်ဖြစ်ပြီး ရန်ပုံငွေမလုံလောက်ခြင်း၊ လူစွမ်းအားအရင်းအမြစ်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင် စသည့်အခက်အခဲများလဲရှိနေကြောင်း လေ့လာတွေ့ရှိရပါသည်။

**တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းအများစုကြုံတွေ့ရသည့် အခက်အခဲများ**



# နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ၏မဲဆွယ်စည်းရုံးခြင်းဖြစ်စဉ်များကို စောင့်ကြည့်လေ့လာရာတွင် လူငယ်များ၏ပူးပေါင်းပါဝင်မှုသည် မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များတွင် ထောက်ခံအားပေးသူများအဖြစ် တက်ကြွစွာပါဝင်ခဲ့ကြသော်လည်း ခေါင်းဆောင်အဖြစ်ပါဝင်မှုမှာ (၁၇.၅)ရာခိုင်နှုန်းခန့်သာရှိခဲ့သောကြောင့် လူငယ်များမဲဆွယ်စည်းရုံးရေးတွင် ခေါင်းဆောင်အဖြစ်ပါဝင်မှုမှာနည်းပါးနေသေးကြောင်း လေ့လာတွေ့ရှိရပါသည်။ မဲဆွယ်စည်းရုံးရေးဆိုင်ရာကတိကဝတ်များအဖြစ် တိုင်းရင်းသားလူနည်းစုများနှင့်လူငယ်များအတွက် ပညာရေးဆိုင်ရာအခန်းကဏ္ဍကို အလေးထားလုပ်ဆောင်ပေးမည်ဟုပြောဆိုစည်းရုံးခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ မဲဆွယ်စည်းရုံးရေးတွင် ကိုဗစ်ဆိုင်ရာကန့်သတ်ချက်များက နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် အများဆုံးကြုံတွေ့ရသောအခက်အခဲများအဖြစ် တွေ့ရှိရပါသည်။ ထို့အပြင် ရန်ပုံငွေမလုံလောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ လူစွမ်းအားအရင်းအမြစ်မလုံလောက်ခြင်းများကိုလည်း အခက်အခဲများအဖြစ်ကြုံတွေ့ခဲ့ရကြောင်း  လေ့လာတွေ့ရှိခဲ့ရပါသည်။

## ၇။ ကြိုတင်မဲပေးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှတွေ့ရှိချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ (၅၆၊ ၅၇)တွင် မဲဆန္ဒနယ်ပြင်ပရောက်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်းများကို လွှတ်တော်ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းပုံစံ(၁)တွင် ယင်းတို့၏အမည်အောက်တွင်မင်နီသား၍ ကြိုတင်ဆန္ဒမဲပေးမည့်သူများဖြစ်ကြောင်း မှတ်သားရမည်လို့ ပြင်ဆင်ခြင်းနှင့်ရွေးကောက်ပွဲနည်းဥပဒေပုဒ်မ(၆၀)တွင် မဲဆန္ဒနယ်ပြင်ပရောက်ကြိုတင်ဆန္ဒမဲပေးမည့်သူများအတွက်ဖြစ်လျှင် ကော်မရှင်ကသတ်မှတ်ပေးသောနေ့ရက်နှင့်အချိန်အတွင်း၌သာ သက်ဆိုင်ရာတာဝန်ရှိသူများကစီစဉ်ပေးရမည်လို့ ပြင်ဆင်ခြင်းကို (၃.၁၀.၂၀၁၉)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၅၅/၂၀၁၉)ဖြင့် ရွေးကောက်ပွဲဆိုင်ရာနည်းဥပဒေ ပဥ္စမအကြိမ်မြောက်ပြင်ဆင်ခြင်းတွင် ထည့်သွင်းပြင်ဆင်ခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL)မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်မဲပေးခြင်းဖြစ်စဉ်ကိုစောင့်ကြည့်လေ့လာခဲ့ခြင်းမရှိဘဲ   မဲဆန္ဒနယ်အတွင်းကြိုတင်မဲပေးခြင်းဖြစ်စဉ်ကိုသာ အဓိကထား  စောင့်ကြည့်လေ့လာခဲ့ပါသည်။

မဲဆန္ဒနယ်အတွင်း  ကြိုတင်မဲပေးနိုင်ရေးအတွက်  ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည်  -

- (၁၀.၁၀.၂၀၂၀ )ရက်စွဲပါ ကြေညာချက်အမှတ်(၁၈၉/(၂၀၂၀) )ဖြင့် အသက်အရွယ်ကြီးရင့်သူ (အသက် ၆၀ နှစ်နှင့်အထက်ရှိသူ)များကို (၂၉.၁၀.၂၀၂၀) ရက်နေ့မှ (၅.၁၁.၂၀၂၀) ရက်နေ့အထိ  ကြိုတင်ဆန္ဒမဲပေးခွင့်ပြုကြောင်း  ထုတ်ပြန်ကြေညာခြင်း၊
- (၂၄.၁၀.၂၀၂၀)ရက်နေ့တွင်  ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍  လေ့လာနိုင်ကြောင်းအသိ

ပေးကြေညာခြင်းတွင် မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ ကိုယ်တိုင်လာရောက်ဆန္ဒမဲမပေးနိုင်သူများသည် (၆.၁၁.၂၀၂၀)ရက်နေ့နှင့် (၇.၁၁.၂၀၂၀)ရက်နေ့များတွင် ကြိုတင်မဲပေးရန်နှင့်မဲဆန္ဒနယ်အတွင် ဆေးရုံတက်ရောက်နေသူများ၊ အချုပ်ခံနေရသူများနှင့် ရွေးကောက်ပွဲကျင်းပမည့်နေ့တွင်မိမိအမည်စာရင်းပါရှိသော မဲဆန္ဒနယ်မှကျော်လွန်၍ နိုင်ငံတာဝန်များဖြင့် ခရီးဝေးသွားလာရန်ရှိသောနိုင်ငံဝန်ထမ်းများနှင့် အစိုးရဝန်ထမ်းများသည် (၂၉.၁၀.၂၀၂၀)ရက်နေ့မှ (၇.၁၁.၂၀၂၀)ရက်နေ့အထိ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း စသည့် အသိပေးကြေညာခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

- (၃၀.၁၀.၂၀၂၀)ရက်နေ့တွင် ကြိုတင်မဲပေးကြသည့် မဲဆန္ဒရှင်များသို့ အသိပေးကြေညာချက်တစ်စောင်ကိုထုတ်ပြန်ခဲ့ပြီး ယင်းထုတ်ပြန်ချက်ထဲတွင် -၁)အမှတ်ခြစ်တံဆိပ်တုံးဖြင့် ဆန္ဒပြုရမည့်အစားဘောလ်ပင်ဖြင့် အမှန်ခြစ်၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်- ၂)ကြိုတင်ဆန္ဒမဲလက်မှတ်ပေါ်တွင် မဲရုံမှူး၏လက်မှတ် သို့မဟုတ် ဆန္ဒမဲလက်မှတ်၏ကျောဘက်တွင် ကော်မရှင်အဖွဲ့ခွဲတံဆိပ်တုံးသို့မဟုတ် တာဝန်ခံထုတ်ပေးသူ၏လက်မှတ်နှင့်အမည်ပါရှိသော ဆန္ဒမဲလက်မှတ် -၃)လွှတ်တော်အလိုက်ထည့်သွင်းရမည့် ကြိုတင်မဲလက်မှတ်နှင့် စာအိတ်လွဲမှားသော်လည်း မဲဆန္ဒရှင်က မှန်ကန်စွာဆန္ဒပြုထားသောလက်မှတ်စသည့်လက်မှတ်များကိုပယ်မဲအဖြစ် သတ်မှတ်မည်မဟုတ်ကြောင်းကို အသိပေးကြေညာခဲ့ပါသည်။

အထူးကိစ္စရပ်အနေနှင့် ကိုဗစ်နှင့်စပ်လျဉ်းသည့်ညွှန်ကြားချက်များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည်ဆန္ဒမဲပေးခြင်းမပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များအနေဖြင့် ပုံစံ(၁၅)များ ရယူလျှောက်ထားနိုင်ကြောင်းကို(၈.၁၀.၂၀၂၀)ရက်နေ့တွင် အသိပေးကြေညာပြီး ယင်းပုံစံ(၁၅)များကို မဲဆန္ဒရှင်များအနေဖြင့် မိမိတို့ရောက်ရှိနေသော မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံသို့ (၂၅.၁၀.၂၀၂၀)နေ့ နောက်ဆုံးထားပြီး ဆောင်ရွက်ရန်အတွက် (၁၇.၁၀.၂၀၂၀)ရက်စွဲဖြင့် အသိပေးကြေညာခဲ့ပါသည်။

## (၇.၁) မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးရသည့်မဲရုံများမှ ကြိုတင်မဲပေးသည့်ဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှတွေ့ရှိချက်များ

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) သည် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးသည့်ဖြစ်စဉ်ကို မြို့နယ် (၂၇) မြို့နယ်တွင် ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူ (၂၇) ဦးမှ မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးရသည့်မဲရုံများမှ ကြိုတင်မဲပေးသည့်ဖြစ်စဉ်ကို ကြိုတင်မဲရုံစုစုပေါင်း (၂၂၇)ရုံကို (၂၉.၁၀.၂၀၂၀)ရက်နေ့မှ(၇.၁၁.၂၀၂၀)ရက်နေ့ထိ စောင့်ကြည့်လေ့လာမှု ပြုလုပ်ခဲ့ပါသည်။

### (၇.၁.၁) ကြိုတင်မဲပေးရသည့်မဲရုံသည် မဲဆန္ဒရှင်များလာရောက်မဲပေးရန် အဆင်ပြေလွယ်ကူသည့်အခြေအနေ

ကြိုတင်မဲပေးရသည့်မဲရုံသည် မဲဆန္ဒရှင်များလာရောက်မဲပေးရန်အဆင်ပြေလွယ်ကူမှုကို စောင့်ကြည့်လေ့လာခဲ့ရာမဲဆန္ဒရှင်များ လာရောက်မဲပေးရန်အဆင်ပြေလွယ်ကူသော မဲရုံများမှာ(၇၉.၇)ရာခိုင်နှုန်းရှိပြီး မဲဆန္ဒရှင်များလာရောက်မဲပေးရန် အဆင်မပြေမလွယ်ကူသောမဲရုံများမှာ(၂၀.၃)ရာခိုင်နှုန်းရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

*မှတ်ချက်။ ။ မဲဆန္ဒရှင်များလာရောက်မဲပေးရန် မလွယ်ကူဟုယူဆရသော မဲရုံများဆိုသည်မှာ*

*ရပ်ကျေးများတွင် သက်ဆိုင်ရာရပ်ကျေးအုပ်စုများသို့ သွားရောက်မဲပေးရသောကြောင့် လမ်းခရီးဝေးခြင်း၊ မဲရုံအခင်းအကျင်းမှာ ကျဉ်းကျပ်နေခြင်း၊ မဲရုံသည် တောင်ပေါ်နေရာများတွင်တည်ရှိနေခြင်းနှင့် အချို့မဲရုံများတွင် မဲဆန္ဒရှင်များအနေဖြင့် တန်းစီစောင့်ဆိုင်းရန် နေရာအခက်အခဲရှိခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပါသည်။*

### (၇.၁.၂) ကြိုတင်မဲပေးရသည့်မဲရုံသွားရာလမ်းကို (မည်သည့်ပုံစံဖြင့်ဖြစ်စေ) ပိတ်ဆို့ထားသည့် အခြေအနေ

မဲရုံသို့သွားရောက်ရာလမ်းများကို(မည်သည့်ပုံစံဖြင့်ဖြစ်စေ) ပိတ်ဆို့ထားရှိမှုနှင့်ပတ်သတ်၍ စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံများ၏(၉၃.၈၃)ရာခိုင်နှုန်းလမ်းပိတ်ဆို့မှုများမရှိဘဲ မဲရုံ (၆.၁၇)ရာခိုင်နှုန်းတွင်မှု မဲရုံသွားရာလမ်းတွင်အတားအဆီးများရှိနေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

*မှတ်ချက် ။ ။မဲရုံသွားရာလမ်းတွင်တွေ့ရှိရသော အတားအဆီးများဆိုသည်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျေးရွာအဝင်၊ အထွက်လမ်းများကို ပိတ်ဆို့ထားခြင်းဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် အနည်းငယ်အခက်အခဲရှိသည်မှအပ မဲရုံသို့သွားရောက်မဲပေးရန်အခွင့်အရေးဆုံးရှုံးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။*

### (၇.၁.၃) ကြိုတင်မဲပေးရသည့် မဲရုံရှိလမ်းညွှန်အမှတ်အသားများကို တိုင်းရင်းသားဘာသာစကားများဖြင့် ဖော်ပြထားခြင်းအခြေအနေ

ကြိုတင်မဲပေးရသည့် မဲရုံရှိလမ်းညွှန်အမှတ်အသားများကို တိုင်းရင်းသားဘာသာစကားများဖြင့် ဖော်ပြထားခြင်းအခြေအနေနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခဲ့ရာမဲရုံ (၁၆.၃)ရာခိုင်နှုန်းတွင် လမ်းညွှန်များနှင့်အမှတ်အသားများကို မဲဆန္ဒရှင်အများစုနားလည်နိုင်သော ဘာသာစကားဖြင့်ဖော်ပြထားပြီး ကျန်(၈၃.၇)ရာခိုင်နှုန်းတွင်မှု မဲဆန္ဒရှင်အများစုနားလည်နိုင်သောဘာသာစကားဖြင့် ဖော်ပြထားခြင်းမရှိပါ။

MYNFREL မှစောင့်ကြည့်လေ့လာခဲ့သောမဲရုံများတွင် လမ်းညွှန်အမှတ်အသားများကို အများအားဖြင့် မြန်မာဘာသာစကားဖြင့်သာဖော်ပြထားပြီး အခြားတိုင်းရင်းသားဘာသာစကားများဖြင့် ဖော်ပြထားမှု နည်းပါးသောကြောင့် အထူးသဖြင့်တိုင်းရင်းသားအများစုနေထိုင်သောဒေသများမှ မြန်မာဘာသာစကားကို နားမလည်သော တိုင်းရင်းသားလူမျိုးများအတွက် အခက်အခဲအနည်းငယ်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၇.၁.၄) ကြိုတင်မဲကို မဲဆန္ဒရှင်များလာရောက်မဲပေးနိုင်သည့်အချိန်အခြေအနေ

မဲဆန္ဒရှင်များကြိုတင်မဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာရပ်ကျေးရုံးများရှိ ကြိုတင်မဲရုံများကို နံနက်(၉)နာရီမှ ညနေ(၅)နာရီထိအများဆုံးဖွင့်လှစ်ထားကြပြီး နံနက်(၇)နာရီမှ ညနေ(၅)နာရီနှင့် နံနက်(၉)နာရီမှ ညနေ(၃း၃၀)အထိ ဖွင့်လှစ်ထားကြသည့်ကြိုတင်မဲရုံများလည်း ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

### (၇.၁.၅) ကြိုတင်မဲပုံးကိုလုံခြုံရေးကြိုးနှင့် ပိတ်ထားခြင်းအခြေအနေ

ကြိုတင်မဲပုံးကို လုံခြုံရေးကြိုးနှင့် ပိတ်ထားခြင်းအခြေအနေနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံ(၈၂.၃၈)ရာခိုင်နှုန်းတွင် ကြိုတင်မဲပုံးများကို လုံခြုံရေးကြိုးနှင့် ပိတ်ထားသည်ကိုတွေ့ရှိရပြီး ကျန်(၁၇.၆၂) ရာခိုင်နှုန်းတွင်မှု ကြိုတင်မဲပုံးများကိုလုံခြုံရေးကြိုးနှင့် ပိတ်ထားခြင်းမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၇.၁.၆) ကြိုတင်မဲပေးသူများကို တစ်ဦးနှင့်တစ်ဦး အနည်းဆုံး(၆)ပေအကွာဖြင့် စီစဉ်ထားမှုအခြေအနေ

ကြိုတင်မဲပေးသူများကို တစ်ဦးနှင့်တစ်ဦး အနည်းဆုံး(၆)ပေအကွာဖြင့် စီစဉ်ထားမှုအခြေအနေနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံ(၄၃.၂)ရာခိုင်နှုန်းတွင် ကြိုတင်မဲပေးသူများကို တစ်ဦးနှင့်တစ်ဦး အနည်းဆုံး(၆)ပေအကွာဖြင့် စီစဉ်ထားသည်ကိုတွေ့ရှိရပြီး ကျန်(၅၆.၈)ရာခိုင်နှုန်းတွင်မှ ကြိုတင်မဲပေးသူများကိုတစ်ဦးနှင့်တစ်ဦး အနည်းဆုံး(၆)ပေအကွာဖြင့် စီစဉ်ထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၇.၁.၇) ကြိုတင်မဲပေးခြင်းမပြုမီမဲဆန္ဒရှင်များကို သေချာစိစစ်မှုအခြေအနေ

ကြိုတင်မဲပေးခြင်းမပြုမီ မဲဆန္ဒရှင်များကိုသေချာစိစစ်မှုအခြေအနေနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံ(၈၁.၅)ရာခိုင်နှုန်းတွင် ကြိုတင်မဲပေးခြင်းမပြုမီ မဲဆန္ဒရှင်များကိုသေချာစိစစ်မှုရှိခဲ့ပြီး ကျန်(၁၈.၅)ရာခိုင်နှုန်းတွင်မှ ကြိုတင်မဲပေးခြင်းမပြုမီမဲဆန္ဒရှင်များကို သေချာစိစစ်မှုမရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

### (၇.၁.၈) ကြိုတင်မဲပေးသူများသည် ၄င်းတို့ကိုစောင့်ကြည့်နေမှုမရှိဘဲ လျှို့ဝှက်စွာမဲပေးခွင့်အခြေအနေ

ကြိုတင်မဲပေးသူများသည် ၄င်းတို့ကိုစောင့်ကြည့်နေမှုမရှိဘဲ လျှို့ဝှက်စွာမဲပေးခွင့်အခြေအနေနှင့် ပတ်သက်၍စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံ(၇၀.၅)ရာခိုင်နှုန်းတွင် ကြိုတင်မဲပေးသူများသည် ၄င်းတို့ကို စောင့်ကြည့်နေမှုမရှိဘဲ လျှို့ဝှက်စွာမဲပေးခွင့်ရကြပြီး ကျန်(၂၉.၅)ရာခိုင်နှုန်းတွင်မှ ကြိုတင်မဲပေးသူများသည် ၎င်းတို့ကိုစောင့်ကြည့်နေမှုမရှိဘဲ လျှို့ဝှက်စွာမဲပေးခွင့်မရခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၇.၁.၉) စောင့်ကြည့်လေ့လာသူများသည် လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်အခြေအနေ

စောင့်ကြည့်လေ့လာသူများသည် လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့် အခြေအနေနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံ(၈၂)ရာခိုင်နှုန်းတွင်စောင့်ကြည့်လေ့လာသူများသည် လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ရခဲ့ကြပြီး ကျန်(၈)ရာခိုင်နှုန်းတွင်မှ စောင့်ကြည့်လေ့လာသူများသည် လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ကိုမရခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

### (၇.၁.၁၀) ကြိုတင်မဲပေးရာတွင် မဲဆန္ဒရှင်များ လူစုလူဝေးဖြစ်ပေါ်နေခြင်းအခြေအနေ

ကြိုတင်မဲပေးရာတွင်မဲဆန္ဒရှင်များ လူစုလူဝေးဖြစ်ပေါ်နေခြင်းအခြေအနေနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံ(၂၉)ရာခိုင်နှုန်းတွင် ကြိုတင်မဲပေးရာတွင် မဲဆန္ဒရှင်များ လူစုလူဝေးဖြစ်ပေါ်ခြင်းများ ရှိခဲ့ပြီး ကျန်(၇၁)ရာခိုင်နှုန်းတွင်မှ ကြိုတင်မဲပေးရာတွင် မဲဆန္ဒရှင်များ လူစုလူဝေးဖြစ်ပေါ်နေခြင်းများ မရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။

## (၇.၂) မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခဲ့သည့် မဲဆန္ဒရှင်များကို တွေ့ဆုံမေးမြန်းခြင်းမှတွေ့ရှိချက်များ

လွတ်လပ်မျှတသောရွေးကောက်ပွဲများ ပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) သည် မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးသည့်ဖြစ်စဉ်ကို မြို့နယ် (၂၇) မြို့နယ်တွင် ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူ (၂၇)ဦးမှမဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခဲ့သည့်မဲဆန္ဒရှင်(၄၈၀)ဦးကို တွေ့ဆုံမေးမြန်းမှုအဖြစ် (၂၉.၁၀. ၂၀၂၀)ရက်နေ့မှ (၇.၁၁.၂၀၂၀)ရက်နေ့အထိ ပြုလုပ်ခဲ့ပါသည်။

## (၇.၂.၁) ကြိုတင်မဲပေးရာတွင် မဲဆန္ဒရှင်အများစုအခက်အခဲ

ကြိုတင်မဲပေးရာတွင်မဲဆန္ဒရှင်အများစု အခက်အခဲများနှင့်ပတ်သက်၍ ကြိုတင်မဲပေးခဲ့သည့် မဲဆန္ဒရှင် (တိုင်းရင်းသားလူနည်းစုမပါ) (၂၄၀)ဦးကို တွေ့ဆုံမေးမြန်းရာတွင် မဲဆန္ဒရှင်(၉၁)ရာခိုင်နှုန်းသည် မည်သည့်အခက်အခဲမှမရှိဘဲ ကျန်မဲဆန္ဒရှင်(၉)ရာခိုင်နှုန်းတွင်မူ ကြိုတင်မဲပေးရာ၌ အခက်အခဲအနည်းငယ် ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ကြိုတင်မဲပေးရာ၌ ကြုံတွေ့ရသောအခက်အခဲများမှာ ကြိုတင်မဲပေးဖို့ သတင်းအချက်အလက် လက်လှမ်းမီမှု အားနည်းခြင်းကြောင့် ဘယ်လိုကြိုတင်မဲပေးရမည်ကို မသိရှိခြင်း၊ မဲဆန္ဒရှင်အချို့အသက်အရွယ်ကြောင့် မက်တပ်ရပ်ရန်အခက်အခဲရှိခြင်း၊ မဲဆန္ဒရှင်များသည့်အတွက် နေရာခက်ခဲခြင်း၊ ဘာသာစကား၊ အချိန်အဆင်ပြေလွယ်ကူချောမွေ့မှုမရှိခြင်း၊ တံဆိပ်တုံးထုရာမှာ အခက်အခဲဖြစ်ခြင်း၊ စာအိတ်မပိတ်တတ်ခြင်း၊ တချို့မဲရုံမှာသက်ကြီးရွယ်အိုများသွားလာ၍ခက်ခဲမှုရှိခြင်း စသည် အခက်အခဲများကို လေ့လာတွေ့ရှိရပါသည်။

## (၇.၂.၂) ကြိုတင်မဲပေးရာတွင် တိုင်းရင်းသားလူနည်းစုမဲဆန္ဒရှင်များ၏အခက်အခဲ

ကြိုတင်မဲပေးရာတွင်တိုင်းရင်းသားလူနည်းစုမဲဆန္ဒရှင်များ၏ အခက်အခဲများနှင့်ပတ်သက်၍ ကြိုတင်မဲပေးခဲ့သည့် တိုင်းရင်းသားလူနည်းစုမဲဆန္ဒရှင် (၂၄၀) ဦးကို တွေ့ဆုံမေးမြန်းရာတွင် မဲဆန္ဒရှင် (၉၁)ရာခိုင်နှုန်းသည် မည်သည့်အခက်အခဲမှမရှိဘဲ ကျန်မဲဆန္ဒရှင်(၉)ရာခိုင်နှုန်းတွင်မူ ကြိုတင်မဲပေးရာ၌ အခက်အခဲအနည်းငယ်ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ကြိုတင်မဲပေးရာ၌ ကြုံတွေ့ရသောအခက်အခဲများမှာ ကြိုတင်မဲပေးဖို့ သတင်းအချက်အလက်လှမ်းမှီမှု အားနည်းခြင်းကြောင့် ဘယ်လိုကြိုတင်မဲပေးရမည်ကို မသိရှိခြင်း၊ မဲဆန္ဒရှင်အချို့ အသက်အရွယ်ကြောင့် မက်တပ်ရပ်ရန်အခက်အခဲရှိခြင်း၊ မဲဆန္ဒရှင်များသည့်အတွက်နေရာခက်ခဲခြင်း၊ ဘာသာစကား၊ အချိန် အဆင်ပြေလွယ်ကူချောမွေ့မှု မရှိခြင်း၊ စာမတတ်ခြင်း၊ တံဆိပ်တုံးထုရာမှာ အခက်အခဲဖြစ်ခြင်း၊ စာအိတ်မပိတ်တတ်ခြင်း၊ တချို့မဲရုံမှာသက်ကြီးရွယ်အိုများ သွားလာ၍ခက်ခဲမှုရှိခြင်း စသည်အခက်အခဲများကို လေ့လာတွေ့ရှိရပါသည်။

■

# ကြိုတင်မဲပေးခြင်းဖြစ်စဉ်ကို စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

(၂၀၂၀) ခုနှစ် အထွေထွေရွေးကောက်ပွဲကာလတွင် COVID-19 ကပ်ရောဂါကျရောက်နေခြင်းကြောင့် အသက်(၆၀)နှင့်အထက်သက်ကြီးရွယ်အိုများကို ကြိုတင်မဲပေးနိုင်ရန်နှင့်မိမိတို့နေရပ်များသို့ ပြန်လည်မဲပေးရန်အခက်အခဲရှိနေသူများကိုကြိုတင်မဲပေးနိုင်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှစီစဉ်ဆောင်ရွက်ပေးခဲ့ခြင်းသည် ကောင်းမွန်သောဆောင်ရွက်ချက်များဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အထူးကိစ္စရပ်များအနေဖြင့် ယခုလိုကြေညာချက်များထုတ်ပြန်၍ ကြိုတင်မဲပေးခြင်းများကိုစီမံပေးသောကြောင့် အသက်အရွယ်ကြီးရင့်သူများ၏ မဲပေးပိုင်ခွင့်တို့ကို မဆုံးရှုံးစေဘဲလွယ်ကူစွာဖြင့်မဲပေးနိုင်ခဲ့ကြပြီး ရွေးကောက်ပွဲနေ့တွင်မဲရုံကိုလာရောက်၍ ဆန္ဒမဲပေးရမည့်သူ အရေအတွက်နှင့်အသက်အရွယ်ကြီးရင့်သူများကိုကပ်ရောဂါကူးစက်နိုင်ခြေရှိမှုတို့ကိုလဲ လျှော့ချနိုင်ခဲ့ပါသည်။

မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းဖြစ်စဉ်တွင် စီမံခန့်ခွဲမှုအားနည်းချက်များကိုတွေ့ရှိရပြီး မဲဆန္ဒရှင်များကိုစိတ်ပူပန်စေခြင်းများ ဖြစ်ပွားခဲ့ပါသည်။ ကြိုတင်မဲပေးရာတွင် တံဆိပ်တုံးကိုအသုံးပြု၍ မဲပေးရမည့်အစားဘောပင်ဖြင့် အမှန်ခြစ်စေခြင်းများ၊ ကြိုတင်မဲလက်မှတ်များထည့်ရန် စာအိတ်များသည်အရည်အသွေးအဆင့်မမီခြင်း၊ မဲဆန္ဒရှင်များ လုံခြုံဘေးကင်းစေရန် COVID-19 အကာအကွယ်အစီအမံများကိုကောင်းစွာမစီမံနိုင်ခြင်း၊ ကြိုတင်မဲများကိုကောက်ခံရာတွင် လုံခြုံသောမဲပုံးများဖြင့် စနစ်တကျကောက်ခံမှုမရှိခြင်းနှင့် မဲဆန္ဒရှင်များအနေဖြင့် လျှို့ဝှက်ဆန္ဒမဲပေးနိုင်မှုမရှိခြင်းများကို လေ့လာတွေ့ရှိခဲ့ပါသည်။

အထက်ပါ အကြောင်းအရာများဖြစ်ပေါ်လာရခြင်းမှာ COVID-19 ကပ်ရောဂါကာလတွင် အထူးကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရခြင်းကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် စီမံခန့်ခွဲရာတွင် အားနည်းနေခြင်း၊ ရပ်ကျေးအဆင့် ကော်မရှင်အဖွဲ့ဝင်များသည် ညွှန်ကြားချက်များနှင့် အမိန့်ကြေညာစာများကိုကောင်းစွာသိရှိနားလည်မှုမရှိခြင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် လုံလောက်သောရွေးကောက်ပွဲဆိုင်ရာသင်တန်းများကို မပြုလုပ်နိုင်ခဲ့ခြင်း၊ ကြိုတင်မဲပေးရမည့် မဲဆန္ဒရှင်များကိုလုံလောက်

သော မဲဆန္ဒရှင်အသိပညာပေးခြင်းများကိုသက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင်ဆင့်မှ ကျယ်ကျယ်ပြန့်ပြန့်မလုပ်နိုင်ခဲ့ခြင်းနှင့် နိုင်ငံရေးပါတီများကိုစည်းကမ်းလိုက်နာစေရန် ထိန်းကျောင်းနိုင်မှု အားနည်းခြင်းအစရှိသော အားနည်းချက်များကြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးခွင့်ရှိသည့် အချိန်ကာလတွင် ကြိုတင်မဲပေးရာ၌ အချို့သောနိုင်ငံရေးပါတီဝင်များနှင့် ၄င်းပါတီများကို ထောက်ခံအားပေးသောသူတစ်ချို့၏ဥပဒေနှင့်မညီသော မဲဆွယ်စည်းရုံးခြင်းဆန်သော အပြုအမူများကို လေ့လာတွေ့ရှိရပါသည်။

မဲဆန္ဒနယ်အတွင်း ကြိုတင်မဲပေးခြင်းဖြစ်စဉ်စတင်ပြီး (၂) ရက်မြောက် (၃၀.၁၀.၂၀၂၀) ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ Facebook စာမျက်နှာမှ ကြိုတင်မဲပေးကြသော မဲဆန္ဒရှင်များအတွက် ကြေညာချက်တစ်စောင်ထွက်ရှိခဲ့ပြီး ၄င်းကြေညာချက်အရ ကြိုတင်မဲပေးရာတွင်ဖြစ်ပေါ်ခဲ့သော အထက်ပါ အားနည်းချက်များကြောင့် မဲဆန္ဒရှင်များ၏ ကြိုတင်ဆန္ဒမဲများကို ပယ်မဲအဖြစ်သတ်မှတ်မည် မဟုတ်ဘဲ ခိုင်လုံမဲအဖြစ်သာသတ်မှတ်မည်ဟု ကြေညာခဲ့သည်ကိုလေ့လာတွေ့ရှိရပါသည်။

## ၈။ ရွေးကောက်ပွဲမတိုင်မီတစ်ရက် (Silent Day) မဲဆွယ်စည်းရုံးမှုအခြေအနေများမှ တွေ့ရှိချက်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် (၂၀၂၀) ခုနှစ်၊ နိုဝင်ဘာလ(၈)နေ့ကို အထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်မည့်နေ့အဖြစ် သတ်မှတ်ခဲ့သောကြောင့် (၂၀၂၀) ခုနှစ်၊ နိုဝင်ဘာလ(၇)နေ့သည့် နိုင်ငံပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံး မဲဆွယ်စည်းရုံးခွင့်မရှိသောနေ့ (Silent Day)ဖြစ်ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည့်ကာလအတွင်း လူမှုကွန်ရက်ဘက်ဘ်ဆိုက်များ (Facebook နှင့် Twitter စသည်)၊ အွန်လိုင်းဝက်ဘ်ဆိုက်များနှင့်မီဒီယာများမှ မဲဆွယ်စည်းရုံးရာရောက်သော Post များ၊ အကြောင်းအရာများလွှင့်တင်ခြင်းမပြုရန် အသိပေးကြေညာချက်အဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လူမှုကွန်ရက်စာမျက်နှာတွင်(၂.၁၁.၂၀၂၀)ရက်နေ့က ကြေညာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL)မှ တိုင်းဒေသကြီးနှင့် ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် ရွေးကောက်ပွဲကာလရှည် စောင့်ကြည့်လေ့လာသူ(၂၇) ဦးဖြင့် Silent Day ဖြစ်သည့်(၇.၁၁.၂၀၂၀)ရက်နေ့တွင် ရွေးကောက်ပွဲမတိုင်မီတစ်ရက် (Silent Day) မဲဆွယ်စည်းရုံးမှုအခြေအနေများကို စောင့်ကြည့်လေ့လာခဲ့ပါသည်။

### (၈.၁) ရွေးကောက်ပွဲမတိုင်မီတစ်ရက်အလို (Silent Day) တွင် မဲဆွယ်စည်းရုံးမှုရှိမရှိနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲမတိုင်မီတစ်ရက်အလက် (Silent Day)တွင် မဲဆွယ်စည်းရုံးမှု ရှိမရှိနှင့်ပတ်သက်၍ မြို့နယ်(၂၇)မြို့နယ်တွင် စောင့်ကြည့်လေ့လာရာတွင် မည်သည့်နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကိုမပြုလုပ်ခဲ့ကြောင်းကို လေ့လာတွေ့ရှိရပါသည်။

## (၈.၂) ရွေးကောက်ပွဲမတိုင်မီတစ်ရက်အလို(Silent Day)တွင်အွန်လိုင်းမှအမုန်းစကား၊ သတင်းတု၊ သတင်းမှားဖြန့်ဝေတိုက်ခိုက်မှုရှိမရှိနဲ့ပတ်သက်၍ လေ့လာတွေ့ရှိချက်

ရွေးကောက်ပွဲမတိုင်မီ တစ်ရက်အလို (Silent Day)တွင် အွန်လိုင်းမှ အမုန်းစကား၊ သတင်းတု၊ သတင်းမှား ဖြန့်ဝေတိုက်ခိုက်မှု ရှိ၊မရှိနဲ့ပတ်သက်၍ မြို့နယ်(၂၇)မြို့နယ်တွင် စောင့်ကြည့်လေ့လာရာတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ် အရှေ့ပိုင်းနှင့်မြောက်ပိုင်းတို့ရှိ မြို့နယ်ပေါင်း (၂၃) မြို့နယ်တွင် Silent Day ၌ အွန်လိုင်းမှ အမုန်းစကား၊ သတင်းတု၊ သတင်းမှား ဖြန့်ဝေတိုက်ခိုက်မှုတွေ မရှိဘဲ တနင်္သာရီတိုင်းဒေသကြီးရှိ မြို့နယ်(၄)မြို့နယ်တွင် Silent Day ၌ အွန်လိုင်းမှအမုန်းစကား၊ သတင်းတု၊ သတင်းမှားဖြန့်ဝေတိုက်ခိုက်မှုတွေ (၂) ကြိမ်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ရွေးကောက်ပွဲမတိုင်မီတစ်ရက် (Silent Day) မဲဆွယ်စည်းရုံးမှုအခြေအနေများမှ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်(၅)ခုမှ မြို့နယ်(၂၇) မြို့နယ်တွင် Silent Day ၌ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကိုမပြုလုပ်ခဲ့ကြဘဲ စည်းမျဉ်းစည်းကမ်းများအတိုင်း လေးစားလိုက်နာဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

## ၉။ COVID-19 အခြေအနေမှာ ကျင်းပရသောအထွေထွေရွေးကောက်ပွဲများတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသောအခက်အခဲများ

COVID-19 ကပ်ရောဂါအခြေအနေများကြားတွင် ရွေးကောက်ပွဲကျင်းပရသည်မှာ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သတ်သူများအားလုံးအတွက် အခက်အခဲများစွာကြုံတွေ့ခဲ့ရပါသည်။ ထို့ကြောင့် လွတ်လပ်မျှတသောရွေးကောက်ပွဲများပံ့ပိုးကူညီရေးအဖွဲ့ (MYNFREL)မှ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများကို COVID-19 နှင့်ပတ်သတ်၍ ရင်ဆိုင်ခဲ့ရသော အခက်အခဲများကို မြို့နယ်(၂၇) မြို့နယ်တွင် စက်တင်ဘာလမှစ၍ အောက်တိုဘာလအထိ (၂) လတာ ကာလအတွင်း တွေ့ဆုံမေးမြန်းလေ့လာနိုင်ခဲ့ပါသည်။

## မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသော COVID-19 ဆိုင်ရာအခက်အခဲများ

| ပါဝင်ပတ်သက်သူများ | Covid 19 ဆိုင်ရာအခက်အခဲများ |
|---|---|
| မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲများ | လူစုလူဝေးပြုလုပ်ရန်ခက်ခဲခြင်းကြောင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းများ မဆောင် ရွက်နိုင်ခြင်း။ |
| | လူဦးရေကန့်သတ်ချက်ကြောင့် ဆင့်ပွားသင်တန်းများကို အကြိမ်ကြိမ်ခွဲ၍ ပြုလုပ်ရခြင်း။ |
| | မဲရုံများ တိုးချဲ့စီစဉ်ရခြင်း။ |
| | သတင်းအချက်အလက်များ ဖြန့်ဝေရန်ခက်ခဲခြင်း။ |
| | အစီအစဉ်ရေးဆွဲထားသော လုပ်ငန်းများ ရွှေ့ဆိုင်းရခြင်းကြောင့် အခက်အခဲများ။ |
| | အထက်မှ ညွှန်ကြားချက်များ နှောင့်နှေးခြင်း။ |
| | ညွှန်ကြားချက်များမှာလည်း အမျိုးမျိုးဖြစ်နေ၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ခက်ခဲခြင်း။ |
| နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ | လူဦးရေကန့်သတ်ချက်နှင့် လူစုရန်ခက်ခဲခြင်း |
| | အချိန်ပိုယူရခြင်းနှင့် အချိန်မလုံလောက်ခြင်း |
| | သွားလာရခက်ခဲခြင်း။ |
| | ငွေပိုသုံးရခြင်း။ |
| | မဲဆွယ်စည်းရုံးရာတွင်အသုံးပြုရန် ကိုဗစ်-၁၉ အကာအကွယ် ပစ္စည်းများ ဝယ်ယူရန် ခက်ခဲခြင်း။ |
| | ကိုဗစ်-၁၉ နှင့်ပတ်သတ်ပြီး ထုတ်ပြန်ချက်များမှာ ဝေဝါးမှု ရှိနေခြင်း၊ ခွင့်ပြုချက်များ အဆင့်ဆင့်ယူရခြင်း၊ |
| | ထောက်ခံသူမဲဆန္ဒရှင်များ ကိုယ်တိုင် စည်းကမ်းများကို လိုက်နာမှုအားနည်းခြင်း။ |
| | မဲဆန္ဒရှင်များမှ လူစုလူဝေးကို ကြောက်ရွံ့သောကြောင့် ကျေးရွာသို့ဝင်ခွင့်မရခြင်း |
| | ကိုဗစ်အကာအကွယ်များကြောင့် ကိုယ်စားလှယ်လောင်း မည်သူမည်ဝါ ထုတ်ပြရန် ခက်ခဲခြင်း |
| | တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတွင် ဝင်ရောက် ယှဉ်ပြိုင်သော ကိုယ်စားလှယ် လောင်းများအတွက် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်တခုလုံးကို သွားရောက် မဲဆွယ်စည်းရုံးရေး လုပ်ရသောကြောင့် နယ်မြေဖြတ်ကျော်သွားလာရာတွင် အတား အဆီးများ၊ ကွာရန်တင်းဝင်ရခြင်းများ။ |

## COVID-19 အခြေအနေမှာကျင်းပရသော အထွေထွေရွေးကောက်ပွဲများတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ကြုံတွေ့ရသောအခက်အခဲများအပေါ် ခြုံငုံသုံးသပ်ချက်

COVID-19 အခြေအနေမှာကျင်းပရသော အထွေထွေရွေးကောက်ပွဲများတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် အထက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကနေ ညွှန်ကြားချက်များ နှောင့်နှေးခြင်းနှင့်သင်တန်းများကို လုံလုံလောက်လောက်မပေးနိုင်ခြင်းကြောင့် မြေပြင်တွင် စီမံခန့်ခွဲမှုများ အဆင်မပြေခြင်းနှင့်ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်များကို ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့်မဲဆန္ဒရှင်များသို့ ဖြန့်ဝေနိုင်မှုနည်းပါးခဲ့သည်များကို လေ့လာတွေ့ရှိရပါသည်။ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည်လည်း Covid 19 ဆိုင်ရာ ကန့်သတ်ချက်များကြောင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်ရာတွင် များစွာအခက်အခဲဖြစ်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးလွှတ်တော်နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်သောကိုယ်စားလှယ်လောင်းများအတွက် တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်တခုလုံးကို သွားရောက်မဲဆွယ်စည်းရုံးရေးလုပ်ရသောကြောင့် နယ်မြေဖြတ်ကျော်သွားလာရာတွင်အတားအဆီးများ၊ ကွာရန်တင်းဝင်ရခြင်းများ စသည့်အခက်အခဲများကိုလည်း ကြုံတွေ့ခဲ့ရပြီး လူအင်အား၊ ငွေအင်အားနည်းပါးသော တိုင်းရင်းသားပါတီများအနေနှင့်လဲ မဲဆန္ဒနယ်အတွင်းနေထိုင်ကြသော မဲဆန္ဒရှင်အားလုံးထံသို့သွားရောက်နိုင်ရန်အတွက် အခက်အခဲများစွာ ကြုံတွေ့ရကြောင်း လေ့လာတွေ့ရှိရပါသည်။

■




၂၀၂၀ ခုနှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအကြိုကာလအတွင်း ပါတီများ၏မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို မြန်ဖရယ်မှစောင့်ကြည့်လေ့လာသူတစ်ဦး ကွင်းဆင်းလေ့လာနေသည့် မှတ်တမ်း

# အပိုင်း(ခ)
# ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြိုကာလ တွေ့ရှိချက်များ

မြန်ဖရယ် (MYNFREL) အဖွဲ့သည် ရွေးကောက်ပွဲနေ့ဖြစ်စဉ်ကို ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး တို့မှ မြို့နယ်ပေါင်း(၃၅)မြို့နယ်တွင် ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦး၊ ရွေးကောက်ပွဲ ကာလတိုစောင့်ကြည့်လေ့လာသူ (၁၇၁)၊ စုစုပေါင်းရွေးကောက်ပွဲနေ့ စောင့်ကြည့်လေ့လာသူ စုစုပေါင်း (၁၉၈)ဦးတို့ဖြင့် မဲရုံပေါင်း(၄၁၆)ရုံခန့်ကိုစောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။

စောင့်ကြည့်လေ့လာမှုနည်းစနစ်သည် အခြေချစနစ်နှင့်ရွေ့လျားစနစ်တို့ကိုပေါင်းစပ်ထားပြီး အခြေချ စနစ်ဖြင့်စောင့်ကြည့်လေ့လာသည့် မဲရုံ(၁၇၁)ရုံ၊ ရွေ့လျားစနစ်ဖြင့်စောင့်ကြည့်လေ့လာသည့် မဲရုံ (၂၄၅)ရုံ နှင့်လူတွေ့မေးမြန်းမှုပေါင်း(၅၉၁)ဦးတို့ကို ရွေးကောက်ပွဲနေ့(နိုဝင်ဘာ(၈)ရက်)တွင် စောင့်ကြည့်လေ့လာခြင်းနှင့် လူတွေ့မေးမြန်းမှုများကို လုပ်ဆောင်ခဲ့ပါသည်။ မဲရုံအခြေချစောင့်ကြည့်လေ့လာသူများသည် မဲရုံမဖွင့်ခင် မဲရုံပတ်ဝန်းကျင်အခြေအနေမှစတင်၍ ဆန္ဒမဲပေးခြင်း၊ မဲရုံပိတ်ခြင်း၊ ဆန္ဒမဲရေတွက်ပြီးသည့်အချိန်ထိ ဖြစ်စဉ်တလျှောက်လုံးကိုစောင့်ကြည့်လေ့လာခဲ့ပါသည်။ မြန်ဖရယ်(MYNFREL)၏ စောင့်ကြည့်လေ့လာ သူများသည် မိမိတို့တာဝန်ကျရာမဲရုံများသို့ နံနက် (၅) နာရီခွဲခန့်တွင်ရောက်ရှိခဲ့ပြီး ရွေးကောက်ပွဲနေ့ တနေ့တာလုံး၏ဖြစ်စဉ်အားလုံးကို မဲရေတွက်ပြီးစီးသည်အထိ စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ပါသည်။ ထိုသို့စောင့်ကြည့်လေ့လာရာတွင် မဲရုံဝန်းကျင်အခြေအနေ၊ မဲရုံဖွင့်လှစ်ခြင်း၊ မဲပေးခြင်းဖြစ်စဉ်နှင့်မဲရုံ ပိတ်ခြင်းနှင့်မဲရေတွက်ခြင်းဟူ၍ အပိုင်း(၄) ပိုင်းခွဲပြီး စောင့်ကြည့်လေ့လာခဲ့သည့်အပြင် ရွေးကောက်ပွဲနေ့တွင် မဲရုံများသို့လာရောက်မဲပေးခဲ့ကြသော မဲဆန္ဒရှင်(၅၉၁)ဦးကိုအမေးအဖြေ ပြုလုပ်နိုင်ခဲ့ပါသည်။

## ရွေးကောက်ပွဲနေ့ဖြစ်စဉ်စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များ

### မဲရုံဝန်းကျင်အခြေအနေ

မဲရုံဝန်းကျင်အခြေအနေ ကိုစောင့်ကြည့်လေ့လာရာတွင် MYNFREL မှ စောင့်ကြည့်လေ့လာလျက်ရှိ သောတိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုရှိ မဲရုံစုစုပေါင်း (၄၃၅)ရုံ အခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာ သော မဲရုံ(၁၇၁)ရုံနှင့် ရွေ့လျားစနစ်ဖြင့် စောင့်ကြည့်လေ့လာသော မဲရုံ(၂၄၅)ရုံတွင် မဲရုံမဖွင့်မီ မိနစ်(၃၀) အလို၊ နံနက် ၅း၃၀ ခန့်မှစတင်၍ စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ပါသည်။

### ၁။ မဲရုံတည်နေရာအခြေအနေ

(၂၀၂၀)ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲရုံများဖွင့်လှစ်ထားရှိသောတည်နေရာများမှာ စာသင် ကျောင်းများတွင် ၈၂.၄၆ ရာခိုင်နှုန်း၊ ဘာသာရေးနှင့်သက်ဆိုင်သော အဆောက်အအုံများတွင် ၇.၆ ရာခိုင် နှုန်း၊ ကွင်းပြင်များတွင် ၃.၅၁ ရာခိုင်နှုန်းနှင့်အခြားနေရာများတွင် ၆.၄၃ ရာခိုင်နှုန်းဖွင့်လှစ်ထားရှိ ကြောင်း တွေ့ရှိခဲ့ရပါသည်။ မဲရုံတည်နေရာများ၏သမာသမတ်ကျမှုကို စောင့်ကြည့်လေ့လာခဲ့ရာတွင် ဘက်လိုက်သည်ဟုယူဆနိုင်သောနေရာများတွင် မဲရုံဖွင့်လှစ်ထားရှိမှု ၆.၀ ရာခိုင်နှုန်းရှိပြီး ဘက်မလိုက် သောနေရာများတွင် မဲရုံဖွင့်လှစ်ထားရှိမှု ၉၄.၂ ရာခိုင်နှုန်းရှိကြောင်းလေ့လာတွေ့ရှိခဲ့ရပါသည်။

အများအားဖြင့် ယခင်ရွေးကောက်ပွဲများတွင်မဲရုံများကို ဘာသာရေးနှင့်သက်ဆိုင်သော နေရာများတွင် ဖွင့်လှစ်ထားရှိခြင်းများ မရှိသလောက်နည်းပါးခဲ့သော်လည်း (၂၀၂၀) ခုနှစ်အထွေထွေရွေးကောက်ပွဲတွင်မူ ကိုဗစ် ၁၉ ရောဂါအခြေအနေများကြောင့် စာသင်ကျောင်းများကို ကွာရန်တင်းစင်တာများအဖြစ် ဖွင့်လှစ်ထားရှိလျက်ရှိရာ ဘာသာရေးအဆောက်အဦများကို မဲရုံများအဖြစ်အသုံးပြုခဲ့ရကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှမဲရုံအချို့သည် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပြန်ထားသောနေရာများတွင်မရှိဘဲ ပြောင်းရွှေ့ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရှိရပါသည်။

**■ အထက်ပါအချက်အလက်များသည် မိမိတို့လေ့လာစောင့်ကြည့်ခဲ့သော မဲရုံစုစုပေါင်း(၄၁၆) ရုံမှ တွေ့ရှိရသောအချက်အလက်များဖြစ်ပါသည်။**




## ၂။ မဲရုံသို့ မဲဆန္ဒရှင်များလာရောက်မဲပေးရန် အဆင်ပြေလွယ်ကူမှုအခြေအနေ

မဲဆန္ဒရှင်များအနေဖြင့် မဲရုံများသို့လာရောက်မဲပေးရန် အဆင်ပြေချောမွေ့မှုကို စောင့်ကြည့်လေ့လာခဲ့ရာ မဲဆန္ဒရှင်များလာရောက်မဲပေးရန် အဆင်ပြေလွယ်ကူသောမဲရုံများမှာ ၉၇.၃ ရာခိုင်နှုန်းရှိပြီး မဲဆန္ဒရှင်များလာရောက်မဲပေးရန် မလွယ်ကူဟုယူဆရသော မဲရုံများမှာ ၂.၆၄ ရာခိုင်နှုန်းရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

*မှတ်ချက် ။ ။ မဲဆန္ဒရှင်များလာရောက်မဲပေးရန်မလွယ်ကူဟုယူဆရသော မဲရုံများဆိုသည်မှာ ကျေးရွာများတွင် သက်ဆိုင်ရာအုပ်စုကျေးရွာသို့သွားရောက်မဲပေးရသောကြောင့် လမ်းခရီးဝေးခြင်း၊ မဲရုံအခင်းအကျဉ်းမှာ ကျဉ်းကျပ်နေခြင်း၊ မဲရုံသည် တောင်ပေါ်နေရာများတွင် တည်ရှိနေခြင်းနှင့် အချို့မဲရုံများတွင် မဲဆန္ဒရှင်များအနေဖြင့် တန်းစီစောင့်ဆိုင်းရန် နေရာအခက်အခဲရှိခြင်းတို့ကို ဆိုလိုခြင်းဖြစ်ပါသည်။*

မဲရုံသည် မဲဆန္ဒရှင်များ လာရောက်မဲပေးရန် အဆင်ပြေလွယ်ကူသည့်နေရာတွင်တည်ရှိပါသလား




## ၃။ မဲရုံသွားရာလမ်းကို ပိတ်ဆို့ထားမှုများအခြေအနေ

မဲရုံသို့သွားရောက်ရာလမ်းများကိုပိတ်ဆို့ထားရှိမှုနှင့်ပတ်သတ်၍ စောင့်ကြည့်လေ့လာခဲ့ရာ အခြေချ စနစ်ဖြင့်စောင့်ကြည့်လေ့လာခဲ့သောမဲရုံစုစုပေါင်း(၁၇၁)မှ အချက်အလက်များကို ရရှိခဲ့ပါသည်။ မဲရုံများ၏ ၉၁.၈၁ ရာခိုင်နှုန်းမှာ လမ်းပိတ်ဆို့မှုများမရှိပဲ မဲရုံ ၈.၁၉ ရာခိုင်နှုန်းတွင်မူမဲရုံသွားရာလမ်းတွင် အတားအဆီးများရှိနေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

မှတ်ချက်။ ။မဲရုံသွားရာလမ်းတွင်တွေ့ရှိရသော အတားအဆီးများဆိုသည်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျေးရွာအဝင်၊ အထွက်လမ်းများကိုပိတ်ဆို့ထားခြင်းဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် အနည်းငယ်အခက်အခဲရှိသည်မှအပ မဲရုံသို့သွားရောက်မဲပေးရန်အခွင့်အရေးဆုံးရှုံးခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ခြင်းမရှိပါ။

မဲရုံသွားရာလမ်းကို (မည်သည့်ပုံစံဖြင့်ဖြစ်စေ) ပိတ်ဆို့ထားသည်များ ရှိပါသလား



## ၄။ မဲရုံရှိ လမ်းညွှန်အမှတ်အသားများကို တိုင်းရင်းသားဘာသာစကားများဖြင့် ဖော်ပြထားခြင်းအခြေအနေ

မဲရုံများရှိ လမ်းညွှန်များနှင့်အမှတ်အသားများကို ၎င်းမဲရုံတွင် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်အများစု နားလည်နိုင်သောဘာသာစကားများဖြင့် ဖော်ပြထားမှုအခြေအနေမှာ MYNFREL မှ စောင့်ကြည့်လေ့လာခဲ့သော မဲရုံစုစုပေါင်း(၄၃၅)ရုံအနက် မဲရုံ ၄၈.၇၉ ရာခိုင်နှုန်းတွင် လမ်းညွှန်များနှင့်အမှတ်အသားများကို မဲဆန္ဒရှင်အများစုနားလည်နိုင်သောဘာသာစကားဖြင့်ဖော်ပြထားပြီး ကျန် ၅၁.၂၀ ရာခိုင်နှုန်းတွင်မူ မဲဆန္ဒရှင်အများစုနားလည်နိုင်သောဘာသာစကားဖြင့် ဖော်ပြထားခြင်းမရှိပါ။

MYNFREL မှစောင့်ကြည့်လေ့လာခဲ့သော မဲရုံများတွင် လမ်းညွှန်အမှတ်အသားများကို အများအားဖြင့် မြန်မာဘာသာစကားဖြင့်သာဖော်ပြထားပြီး အခြားတိုင်းရင်းသားဘာသာစကားများဖြင့် ဖော်ပြထားမှု နည်းပါးသောကြောင့် အထူးသဖြင့် တိုင်းရင်းသားအများစုနေထိုင်သော ဒေသများမှ မြန်မာဘာသာစကားကို နားမလည်သော တိုင်းရင်းသားလူမျိုးများအတွက် အခက်အခဲအနည်းငယ်ရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။



## မဲရုံဖွင့်လှစ်ခြင်း

မဲရုံဖွင့်လှစ်ခြင်းဖြစ်စဉ်ကို တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မဲရုံစုစုပေါင်း (၁၇၁)ရုံတွင် မဲရုံစတင်ဖွင့်လှစ်ချိန် နံနက် (၆) နာရီခန့်မှ (၇)နာရီခန့်အထိ စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ပါသည်။

### ၁။ မဲရုံဖွင့်လှစ်ချိန်အခြေအနေ

မိမိတို့စောင့်ကြည့်လေ့လာခဲ့သော မဲရုံစုစုပေါင်း(၄၃၅)ရုံ၏ ၈၀.၇ ရာခိုင်နှုန်းမှာ နံနက် (၆)နာရီတိတိတွင်ဖွင့်လှစ်ခဲ့ကြပြီး နံနက်(၆)နာရီမတိုင်မီဖွင့်လှစ်ခဲ့သောမဲရုံ ၁၂.၂၈ ရာခိုင်နှုန်းနှင့် နံနက်(၆)နှင့် (၇) နာရီကြား ဖွင့်လှစ်ခဲ့သောမဲရုံများမှာ ၇.၀၂ ရာခိုင်နှုန်းရှိခဲ့ကြောင်းလေ့လာတွေ့ရှိရပါသည်။




### ၂။ မဲရုံတွင်အသုံးပြုမည့်ပစ္စည်းများ ထားရှိမှုအခြေအနေ

မဲရုံတွင်ပြင်ဆင်ထားရှိရမည့်ပစ္စည်းများနှင့်ပတ်သက်၍ ယခုအတိုင်းအစဉ်လိုက်မေးမြန်းခဲ့ပါသည်။ မဲရုံနံပါတ်ကပ်ထားခြင်း၊ မဲစာရင်း၊ ပုံစံစာရွက်များ၊ မဲလက်မှတ်များ၊ မဲဆန္ဒပြုရန် တံဆိပ်တုံးများ၊ မင်ခံခွက်၊ လက်ဗွေနှိပ်ပြီးနောက် လက်သုတ်ရန်အဝတ်(သို့)အခြားတခုခု၊ ချိတ်တံဆိပ်နှင့်ချိတ်တောင့်၊ မဲပုံးများ၊ လျှို့ဝှက်မဲပေးခန်း၊ လက်သန့်ဆေးရည်၊ ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်၊ အပူချိန်တိုင်းကိရိယာ၊ ဖျက်ရန်မလွယ်သည့်မင်၊ အကုန်ရှိဟူ၍ မေးမြန်းခဲ့သည်။ ၉၅ ရာခိုင်နှုန်းက မဲရုံတွင်ထားရှိရမည့်ပစ္စည်းများ အားလုံးရှိကြောင်းလေ့လာတွေ့ရှိခဲ့ရပါသည်။ အခြားပစ္စည်းမရှိ (သို့) ပြတ်လပ်မှုအချို့သာ ရှိခဲ့ကြောင်းတွေ့ရပါသည်။

## ၃။ တံဆိပ်တုံးစစ်မှန်မှုအခြေအနေ

MYNFREL မှ အခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ (၁၇၁)ရုံတွင် မဲပေးရာတွင်အသုံးပြုသော တံဆိပ်တုံး ၁၀၀ ရာခိုင်နှုန်းမှာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင်ထုတ်ပေးထားသော တံဆိပ်တုံးမှန်ကန်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

## ၄။ မဲရုံများတွင် ကြိုတင်မဲပေးသူများစာရင်း ကပ်ထားကြေညာမှုအခြေအနေ

MYNFREL မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် ကြိုတင်မဲစာရင်း ကပ်ထားသော မဲရုံ ၈၀.၇ ရာခိုင်နှုန်းရှိပြီး ကျန် ၁၉.၃ ရာခိုင်နှုန်းတွင်မူ ကြိုတင်မဲစာရင်းများ ကပ်ထားခြင်းမရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။




## ၅။ မဲရုံတွင် မဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်အရေအတွက်နှင့် ထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်များအခြေအနေ

MYNFREL မှ အခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ (၁၇၁) ရုံတွင်စောင့်ကြည့်လေ့လာခဲ့သောရလဒ်များအရ မဲရုံများ၏ ၉၂.၉၈ ရာခိုင်နှုန်းတွင်ထုတ်ပေးထားသော မဲလက်မှတ်နှင့်မဲပေးခွင့်ရှိသော မဲဆန္ဒရှင်အရေအတွက်တို့မှာ ကိုက်ညီမှုရှိကြောင်းတွေ့ရှိရပြီး ကျန် ၇.၀၂ ရာခိုင်နှုန်းတွင်မူ လိုအပ်ချက်များရှိနေကြောင်း တွေ့ရှိခဲ့ရပါသည်။




## ၆။ မဲရုံများတွင်နိုင်ငံရေးပါတီများမှမဲရုံကိုကိုယ်စားလှယ်များ တွေ့ရှိရမှုအခြေအနေ

MYNFREL မှ အခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ (၁၇၁)ရုံတွင် နိုင်ငံရေးပါတီများမှ မဲရုံကိုယ်စားလှယ်များတွေ့ရှိရမှုမှာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှအများဆုံးဖြစ်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒုတိယအများဆုံး တိုင်းရင်းသားပါတီများမှ တတိယအများဆုံးနှင့် အခြားပါတီများနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များကိုမူ အနည်းငယ်သာ တွေ့ရှိရပါသည်။ မိမိတို့စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံ၏ ၁၉.၃ ရာခိုင်နှုန်းတွင် နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကိုလည်း တွေ့ရှိခဲ့ရပါသည်။

## ၇။ မဲရုံအတွင်း တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာ စီစဉ်ထားရှိမှုအခြေအနေ

MYNFREL မှ အခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင်မဲရုံအတွင်း မဲဆန္ဒရှင်များ တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာတွင်ရှိနေစေရန် စီစဉ်ထားရှိနိုင်မှုကို စောင့်ကြည့်လေ့လာခဲ့ရာတွင် မဲရုံများ၏ ၇၁.၉၃ ရာခိုင်နှုန်းမှာ (၆)ပေအကွာ စီစဉ်ထားရှိပြီး ၂၈.၀၇ ရာခိုင်နှုန်းမှာ စီစဉ်ထားခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

**မဲရုံအတွင်း၌ မဲရုံထဲသို့ဝင်ရောက်ခွင့်ရှိသူများအတွက် သတ်မှတ်နေရာများသည် တစ်ဦးနှင့်တစ်ဦးအနည်းဆုံး(၆)ပေအကွာဖြင့်စီစဉ်ထားမှု**




## ၈။ မဲဆန္ဒရှင်များကိုအဆိုင်းခွဲ၍ မဲပေးစေမှုအခြေအနေ

ရွေးကောက်ပွဲမတိုင်မီကာလများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ မဲဆန္ဒရှင်ဦးရေ (၁,၀၀၀) ကျော်မဲပေးခွင့်ရှိသောမဲရုံများအတွက် အဆိုင်း(၂)ဆိုင်း သို့မဟုတ်(၃)ဆိုင်းခွဲ၍ မဲပေးနိုင်ရန် စီစဉ်ထားမည်ဟုပြောဆိုခဲ့ပါသည်။ ထို့ကြောင့် MYNFREL အနေဖြင့် အထက်ပါအဆိုင်းခွဲထားခြင်း အခြေအနေကိုစောင့်ကြည့်လေ့လာခဲ့ရာ MYNFREL မှ အခြေချစနစ်ဖြင့်စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် ၅၂.၀၅ရာခိုင်နှုန်းမှာ လူကိုယ်စားလှယ်ရေ (၁,၀၀၀)မကျော်သဖြင့် အဆိုင်းခွဲရန်မလို အပ်ပဲ ၃၃.၉၂ ရာခိုင်နှုန်းတွင်အဆိုင်းခွဲ၍မဲပေးခြင်းဆောင်ရွက်သည်ကိုတွေ့ရှိခဲ့ရပြီး ကျန်၁၄.၀၄ရာခိုင်နှုန်း တွင်မူမဲဆန္ဒရှင်ဦးရေ (၁၀၀၀) ကျော်သော်လည်း အဆိုင်းခွဲခြင်းများမရှိခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

# မဲပေးခြင်းဖြစ်စဉ်

မဲပေးခြင်းဖြစ်စဉ်ကိုစောင့်ကြည့်လေ့လာရာတွင် မြန်ဖရယ်(MYNFREL) မှ စောင့်ကြည့်လေ့လာလျက်ရှိသောတိုင်းဒေသကြီးနှင့်ပြည်နယ် (၅) ခုရှိ အခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာသောမဲရုံ (၁၇၁) တွင် မဲရုံစတင်ဖွင့်လှစ်ချိန်မှစ၍ မဲရုံပိတ်ချိန်အထိစဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာခဲ့ခြင်း ဖြစ်ပါသည်။

## ၁။ မဲဆန္ဒပေးခြင်းမပြုမီ စစ်ဆေးခြင်းအခြေအနေ

မြန်ဖရယ်(MYNFREL)မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် ဆန္ဒမဲမပေးမီ မဲဆန္ဒရှင်များအား သေချာစွာစိစစ်ခြင်းရှိမရှိကို စောင့်ကြည့်လေ့လာခဲ့ရာ မဲရုံများ၏ ၉၅.၉၁ ရာခိုင်နှုန်းတွင် သေချာစွာစိစစ်သည်ကိုတွေ့ရှိရပြီး ၄.၀၉ရာခိုင်နှုန်းတွင်မူသေချာစွာစိစစ်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

## ၂။ မဲလက်မှတ်တွင် မဲရုံမှူး လက်မှတ်မှလွဲ၍ အခြားအမှတ်အသားများ တွေ့ရှိရမှုအခြေအနေ

မြန်ဖရယ် (MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံ၌ မဲလက်မှတ်ပေါ်တွင် မဲရုံမှူးလက်မှတ်မှလွဲ၍ အခြားအမှတ်အသားတခုခု (သို့မဟုတ်) အစွန်းအထင်းများ ရှိနေသည်ကို မဲရုံများ၏ ၉၄.၁၅ ရာခိုင်နှုန်းတွင်တွေ့ရှိရပြီး ကျန် ၅.၈၅ ရာခိုင်နှုန်းတွင် မတွေ့ရှိရပါ။

## ၃။ မဲဆန္ဒရှင်များ၏လွတ်လပ်စွာနှင့် လျှို့ဝှက်စွာမဲပေးနိုင်ခွင့်အခြေအနေ

မြန်ဖရယ် (MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် ၈၉.၄၇ ရာခိုင်နှုန်းမှာ မဲဆန္ဒရှင်များအတွက် လွတ်လပ်စွာနှင့်လျှို့ဝှက်စွာမဲပေးနိုင်သောအခင်းအကျင်းများရှိပြီး ၁၀.၅၃ ရာခိုင်နှုန်းတွင်မူမဲဆန္ဒရှင်များလွတ်လပ်စွာနှင့်လျှို့ဝှက်စွာမဲပေးနိုင်ရန် မလွယ်ကူသောအခင်းအကျင်း ဖြစ်နေသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။



## ၄။ မဲပေးပြီးသူများအား လက်ဝဲလက်သန်း မင်တို့ပေးမှုအခြေအနေ

မြန်ဖရယ်(MYNFREL)မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် မဲပေးပြီးသော မဲဆန္ဒရှင်များ၏ လက်ဝဲဘက်လက်သန်းကို မင်တို့ပေးမှုအခြေအနေအားစောင့်ကြည့်လေ့လာခဲ့ရာ မဲရုံများ၏ ၉၆.၄၉ ရာခိုင်နှုန်းတွင်မဲပေးပြီးသော မဲဆန္ဒရှင်အားလုံးကို မင်တို့ပေးပြီး ၃.၅၁ ရာခိုင်နှုန်းတွင်မူ မဲပေးပြီးသော မဲဆန္ဒရှင်အချို့ကိုမင်တို့ပေးရန်ပျက်ကွက်ခဲ့ခြင်းများကို လေ့လာတွေ့ရှိခဲ့ရပါသည်။

## ၅။ လက်ဝဲဘက်လက်သန်းတွင် မင်တို့ပြီးသူများ နောက်တကြိမ်ဆန္ဒမဲပေးမှုအခြေအနေ

မြန်ဖရယ်(MYNFREL)မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် လက်သန်းတွင်မင်တို့ထားပြီးသောမဲဆန္ဒရှင်များ နောက်တစ်ကြိမ်ထပ်မံမဲပေးခြင်းအခြေအနေကို စောင့်ကြည့်လေ့လာခဲ့ရာတွင် မဲရုံ ၉၆.၄၉ ရာခိုင်နှုန်းတွင် လက်သန်းတွင်မင်တို့ထားပြီးသောမဲဆန္ဒရှင်များ နောက်တစ်ကြိမ်ထပ်မံမဲပေးခြင်းဖြစ်စဉ်များကိုမတွေ့ရှိရဘဲ ၃.၅၁ ရာခိုင်နှုန်းတွင်မူအဆိုပါဖြစ်စဉ်မျိုး အနည်းငယ် တွေ့ရှိခဲ့ရပါသည်။



## ၆။ နိုင်ငံရေးပါတီများမှ မဲရုံကိုယ်စားလှယ်များ လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ရရှိမှုအခြေအနေ

မြန်ဖရယ်(MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံမှ မဲရုံအားလုံး နီးပါးတွင် သက်ဆိုင်ရာအထောက်အထား(ပုံစံ-၈)တင်ပြနိုင်သောမည်သည့်ပါတီမှ မဲရုံကိုယ်စားလှယ်မဆို လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ၇။ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်များ လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ရရှိမှုအခြေအနေ

မြန်ဖရယ် (MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံမှ မဲရုံအားလုံး နီးပါးတွင် သက်ဆိုင်ရာအထောက်အထား(ပုံစံ-၈)တင်ပြနိုင်သော မည်သည့်တစ်သီးပုဂ္ဂလကိုယ်စားလှယ် လောင်းများ၏ မဲရုံကိုယ်စားလှယ်မဆို လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ရရှိခဲ့ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

## ၈။ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ရရှိမှုအခြေအနေ

ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့်မဲရုံများတွင်လွတ်လပ်စွာလေ့လာစောင့်ကြည့်ခွင့် ရရှိမှုအခြေအနေမှာ (MYNFREL)မှ စောင့်ကြည့်လေ့လာခဲ့သော မဲရုံစုစုပေါင်း (၄၃၅)ရုံအနက် ၉၆.၈၇ ရာခိုင်နှုန်းတွင်လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ရရှိခဲ့ပြီး ၃.၁၂ ရာခိုင်နှုန်းတွင် လွတ်လပ်စွာစောင့်ကြည့် လေ့လာနိုင်ရန်အခက်အခဲများကြုံတွေ့ခဲ့ရပါသည်။

လွတ်လပ်စွာစောင့်ကြည့်လေ့လာခွင့်ကို အကန့်အသတ်ဖြစ်စေသောအတားအဆီးများမှာ မဲရုံမှူးများ အနေဖြင့်အရပ်ဘက်အဖွဲ့အစည်းများ၏ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးလုပ်ငန်းစဉ်များကို သေချာစွာ နားလည်သဘောပေါက်ခြင်းမရှိသောကြောင့် နိုင်ငံရေးပါတီများမှ မဲရုံကိုယ်စားလှယ်များနည်းတူ ပုံစံ(၈) တောင်းခံခြင်းများကိုတွေ့ကြုံခဲ့ရပါသည်။



## ၉။ သတင်းမီဒီယာများမှ လွတ်လပ်စွာသတင်းရယူခွင့်ရရှိမှုအခြေအနေ

မြန်ဖရယ် (MYNFREL)မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် သတင်းမီဒီယာများမှလွတ်လပ်စွာသတင်းရယူခွင့်ရရှိသောမဲရုံများမှာ ၇၇.၇၈ ရာခိုင်နှုန်းရှိပြီး မဲရုံများ၏ ၁၆.၃၇ ရာခိုင်နှုန်းတွင် သတင်းမီဒီယာများကိုမတွေ့ရှိရပဲ မဲရုံ ၅.၈၅ ရာခိုင်နှုန်းတွင်မှု လွတ်လပ်စွာသတင်းရယူခွင့် ကန့်သတ်ခံရခြင်းများရှိသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

*မှတ်ချက် ။ ။အထက်ပါတွေ့ရှိချက်သည် ဒေသခံသတင်းမီဒီယာများကိုပါ ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်ပါသည်။*

### သတင်းမီဒီယာများမှ လွတ်လပ်စွာ သတင်းရယူခွင့် ရရှိမှု အခြေအနေ




## ၁၀။ မဲရုံ လုံခြုံရေးအခြေအနေ

မဲရုံများ၏ လုံခြုံရေးအခြေအနေနှင့်ပတ်သက်ပြီး မြန်ဖရယ် (MYNFREL) မှ စောင့်ကြည့်လေ့လာခဲ့သောမဲရုံစုစုပေါင်း (၄၃၅)ရုံတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့်ရလဒ်များကို ထိခိုက်စေနိုင်သော အကြမ်းဖက်မှုနှင့် ခြိမ်းခြောက်မှုတစုံတရာ ကြုံတွေ့ခဲ့ရခြင်းမရှိပဲ မဲရုံတိုင်းတွင်လည်း လုံလောက်သော လုံခြုံရေးအင်အားများထားရှိသည်ကို တွေ့ရှိရပါသည်။ သို့သော် မြန်ဖရယ်(MYNFREL)မှ အခြေချစနစ်ဖြင့်စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁) ရုံအနက် မဲရုံ ၂၀ ရာခိုင်နှုန်းတွင်မှု မဲရုံလုံခြုံရေးဝန်ထမ်းများသည်အချိန်ပြည့်မဲရုံတွင်ရှိမနေပဲ မဲရုံပရဝုဏ်အတွင်းသွားလာနေခြင်း၊ စကားစမြည်ပြောနေခြင်း အစရှိသည်များကို တွေ့ရှိခဲ့ရပါသည်။

## ၁၁။ မဲရုံအတွင်းမဲဆန္ဒရှင်များ တစ်ဦးနှင့်တစ်ဦးအနည်းဆုံး (၆) ပေကွာတန်းစီနိုင်စေရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေ

မြန်ဖရယ်(MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် မဲရုံတွင်း မဲဆန္ဒရှင်တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ တန်းစီနိုင်ရန်စီစဉ်ထားရှိမှုမှာ မဲရုံများ၏ ၇၃.၆၈ ရာခိုင်နှုန်းတွင် မဲရုံတွင်း မဲဆန္ဒရှင်တစ်ဦးနှင့်တစ်ဦး(၆)ပေအကွာ တန်းစီနိုင်ရန်စီစဉ်ထားရှိနိုင်ပြီး ၂၆.၃၂ ရာခိုင်နှုန်းမှာ စီစဉ်ထားရှိနိုင်ခြင်းမရှိပါ။




## ၁၂။ မဲရုံပြင်ပဓမဲဆန္ဒရှင်များ တစ်ဦးနှင့်တစ်ဦးအနည်းဆုံး (၆)ပေကွာ တန်းစီနိုင်စေရန် စီစဉ်ဆောင်ရွက်ထားမှုအခြေအနေ

မြန်ဖရယ်(MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် မဲရုံပြင်ပ၌ မဲဆန္ဒရှင်တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ တန်းစီနိုင်ရန်စီစဉ်ထားရှိမှုမှာမဲရုံများ၏ ၆၆.၀၈ ရာခိုင်နှုန်းတွင် မဲရုံပြင်ပ၌ မဲဆန္ဒရှင်တစ်ဦးနှင့်တစ်ဦး (၆)ပေအကွာ တန်းစီနိုင်ရန်စီစဉ်ထားရှိနိုင်ပြီး ၃၃.၉၂ ရာခိုင်နှုန်းမှာ စီစဉ်ထားရှိနိုင်ခြင်းမရှိပါ။

**မဲရုံပြင်ပ မဲဆန္ဒရှင်များ တဦးနှင့်တဦး အနည်းဆုံး (၆) ပေကွာတန်းစီနိုင်စေရန် စီစဉ်ဆောင်ရွက်ထားမှု**




## ၁၃။ မဲရုံပရဝုဏ်အတွင်း တွေ့ရှိရသော ကျန်းမာရေးဆိုင်ရာပြဿနာများအခြေအနေ

မြန်ဖရယ်(MYNFREL)မှ အခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံအနက် ၉၂ ရာခိုင်နှုန်းခန့်တွင် ကျန်းမာရေးနှင့်ပတ်သက်သောပြဿနာတစ်စုံတစ်ရာကြုံတွေ့ရခြင်းမရှိခဲ့ပဲ ကျန်မဲရုံ ၈ ရာခိုင်နှုန်းတွင်မူ မူးလဲခြင်း၊ ဖျားနာနေသူများလာရောက်မဲပေးခြင်းစသော အသေးစားကျန်းမာရေး ပြဿနာများကို တွေ့ရှိခဲ့ရပါသည်။

## ၁၄။ မဲပေးနေစဉ်အတွင်း မဲရုံမှူး၏ဆုံးဖြတ်ချက်များကို အခြားသူတစ်ဦးဦးမှ လွှမ်းမိုးနေမှုအခြေအနေ

မြန်ဖရယ် (MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၁)ရုံတွင် မဲပေးနေစဉ်အချိန်အတွင်း မဲရုံမှူး၏ဆုံးဖြတ်ချက်များကို အခြားသူတစ်ဦးဦးမှလွှမ်းမိုးနေခြင်းမျိုးမရှိပဲ မဲရုံမှူးက ဆုံးဖြတ်ချက်များကိုလွတ်လပ်စွာချမှတ်နိုင်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

■

# မဲရုံပိတ်ခြင်းနှင့် မဲရေတွက်ခြင်း

မဲရုံပိတ်ခြင်းနှင့်မဲရေတွက်ခြင်းအခြေအနေကို စောင့်ကြည့်လေ့လာရာတွင် မြန်ဖရယ် (MYNFREL) မှ စောင့်ကြည့်လေ့လာလျှက်ရှိသော တိုင်းဒေသကြီးနှင့်ပြည်နယ် (၅) ခုရှိ အခြေချစနစ်ဖြင့်စောင့်ကြည့်လေ့လာသောမဲရုံ (၁၇၁) ရုံအား စောင့်ကြည့်လေ့လာရန်စီစဉ်ထားခဲ့သော်လည်း မိမိတို့၏ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူတစ်ဦးမှာ ကျန်းမာရေးအခြေအနေကြောင့် ဆက်လက်စောင့်ကြည့်လေ့လာနိုင်ခြင်းမရှိပဲ မဲရုံစုစုပေါင်း(၁၇၀)တွင်သာ စောင့်ကြည့်လေ့လာနိုင်ခဲ့ပါသည်။

## ၁။ မဲရုံပိတ်ချိန်အခြေအနေ

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ(၄၂) တွင်ဖော်ပြထားချက်အရ မဲရုံကိုညနေ(၄)နာရီတွင်ပိတ်သိမ်းရမည်ဖြစ်ပြီး ၄င်းမဲရုံတွင်မဲပေးခွင့်ရှိသူအားလုံးမဲပေးပြီးပါက (၄)နာရီထက်စော၍ ပိတ်သိမ်းနိုင်သည်။ ထိုသို့ပိတ်သိမ်းရာတွင် မဲရုံပရဝုဏ်အတွင်း၌မဲပေးမည့်သူများကျန်ရှိနေသေးပါက ထိုသူများကိုလည်း မဲပေးခွင့်ပြုရမည်ဟု ပြဋ္ဌာန်းထားသည်။ မြန်ဖရယ်(MYNFREL)အနေဖြင့် ရွေးကောက်ပွဲနေ့တွင် စောင့်ကြည့်ခဲ့သောမဲရုံများအား အထက်ပါဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်မှုရှိမရှိ စောင့်ကြည့်ခဲ့ရာ မဲရုံ(၁၇၀)ရုံ၏ ၄၇.၀၆ ရာခိုင်နှုန်းမှာ ညနေ(၄)နာရီထက် စောပိတ်သည်ကိုတွေ့ရှိခဲ့ရပြီး ၅၂.၉၄ ရာခိုင်နှုန်းမှာ ညနေ(၄)နာရီနှင့် နောက်ပိုင်းတွင်ပိတ်သိမ်းခဲ့သော မဲရုံများဖြစ်ပါသည်။ ညနေ (၄) နာရီထက်နောက်ကျပြီး ပိတ်သိမ်းသောမဲရုံများတွင်မဲပေးရန်စောင့်ဆိုင်းနေသော မဲဆန္ဒရှင်များကို သတ်မှတ်ချက်များနှင့်ကိုက်ညီပါက မဲပေးခွင့်ပြုခဲ့ကြောင်းကိုလည်း တွေ့ရှိရပါသည်။

မဲရုံပိတ်ချိန်အား လေ့လာခြင်း



## ၂။ မဲရုံမှူးသည်မဲရေတွက်ခြင်းကို တရားဝင်ကြည့်ရှုခွင့်ရှိသည့်သူများရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဆောင်ရွက်ခြင်းအခြေအနေ

မဲရေတွက်ခြင်းနှင့်ပတ်သက်ပြီး မြန်ဖရယ် (MYNFREL)မှ စောင့်ကြည့်လေ့လာခဲ့သော မဲရုံစုစုပေါင်း (၄၃၄)ရုံတွင် မဲရုံအားလုံးမှမဲရုံမှူးများသည် မဲရေတွက်ခြင်းကို တရားဝင်ကြည့်ရှုခွင့်ရှိသည့်သူများ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာဆောင်ရွက်ခဲ့ပါသည်။

## ၃။ မဲဆန္ဒရှင်များအား ထုတ်ပေးခြင်းမပြုရသေးသော မဲရုံမှူးလက်မှတ်ရေးထိုးထားသည့် ဆန္ဒမဲလက်မှတ်အပိုများကို ပယ်ဖျက်ခြင်းအခြေအနေ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေထားသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်စာအုပ်မှ အခန်း(၃)၊ မဲရုံမှူး၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အပိုဒ် (၂၅)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ်(၂)တွင်ဖော်ပြထားချက်အရမဲဆန္ဒရှင်များအား ထုတ်ပေးခြင်းမပြုရသေးသော မဲရုံမှူးလက်မှတ်ရေးထိုးထားသည့် ဆန္ဒမဲလက်မှတ်အပိုများကိုထိပ်မှအောက်ဆုံးအထိ ကြက်ခြေခတ်၍ပယ်ဖျက်ထားရမည်ဟုပါရှိရာ မိမိတို့စောင့်ကြည့်ခဲ့သော မဲရုံ (၁၇၀) တွင် မဲရုံများ၏ ၈၁.၁၈ ရာခိုင်နှုန်းမှာ အထက်ပါလမ်းညွှန်ချက်အတိုင်းဆောင်ရွက်ကြပြီး ကျန် ၁၈.၈၂ ရာခိုင်နှုန်းတွင် အထက်ပါလမ်းညွှန်ချက်အတိုင်း မဆောင်ရွက်သည်ကိုလေ့လာတွေ့ရှိခဲ့ရပါသည်။



## ၄။ ထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်အရေအတွက် ကိုက်ညီမှုစစ်ဆေးခြင်းအခြေအနေ

မဲလက်မှတ်ထုတ်ပေးသူမှထုတ်ပေးထားသော မဲလက်မှတ်အရေအတွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်အရေအတွက်တို့ ကိုက်ညီမှုရှိမရှိကို တိုက်ဆိုင်စစ်ဆေးမှုအခြေအနေမှာမြန်ဖရယ်(MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ (၁၇၀) ၏ ၉၆.၄၇ ရာခိုင်နှုန်းတွင် တိုက်ဆိုင်စစ်ဆေးမှုရှိပြီး ၃.၅၃ ရာခိုင်နှုန်းတွင် သေချာစွာစစ်ဆေးခြင်းမရှိသည်ကို တွေ့ရှိရပါသည်။

## ၅။ ကြိုတင်မဲပေးထားသောစာရင်းနှင့် ကြိုတင်မဲလက်မှတ် အရေအတွက်ကိုက်ညီမှုအခြေအနေ

မဲရုံမဖွင့်မီရရှိထားသော ကြိုတင်မဲပေးခဲ့ကြသူများစာရင်းနှင့်ကြိုတင်မဲလက်မှတ်အရေအတွက် ကိုက်ညီမှုရှိမရှိကို တိုက်ဆိုင်စစ်ဆေးသောအခြေအနေကို စောင့်ကြည့်လေ့လာခဲ့ရာတွင် မြန်ဖရယ်(MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၀)၏ ၉၉.၅ ရာခိုင်နှုန်းတွင် သေချာစွာတိုက်ဆိုင်စစ်ဆေးသည်ကိုတွေ့ရှိရပြီး ၀.၅ ရာခိုင်နှုန်းတွင်သာ သေချာစွာတိုက်ဆိုင်စစ်ဆေးခြင်းမရှိသည်ကို လေ့လာတွေ့ရှိခဲ့ရပါသည်။

ကြိုတင်မဲပေးထားသောစာရင်းနှင့် ကြိုတင်မဲလက်မှတ် အရေအတွက် ကိုက်ညီမှု






Photo credit Xinhua/U Aung

## ၆။ မဲရေတွက်ချိန်တွင် အလင်းရောင်ကောင်းစွာရရှိမှုအခြေအနေ

မြန်ဖရယ်(MYNFREL) မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၀)တွင် မဲရေတွက်ချိန် အလင်းရောင်ကောင်းစွာရရှိသောမဲရုံများမှာ ၉၅ ရာခိုင်နှုန်း ခန့်ရှိပြီး မဲရုံ ၅ ရာခိုင်နှုန်းခန့်တွင် မဲရေတွက် ချိန်အလင်းရောင် ကောင်းစွာရရှိခြင်းမရှိပါ။




## ၇။ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီရရှိသော ဆန္ဒမဲလက်မှတ်များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကို သေချာစွာချိတ်ပိတ်ခြင်းအခြေအနေ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေထားသော မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်စာအုပ်မှ အခန်း(၃)၊ မဲရုံမှူး၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အပိုဒ် (၂၅)၊ အပိုဒ်ခွဲ (ဃ)၊ အပိုဒ်ခွဲငယ်(၁၈)တွင်ဖော်ပြထားချက်အရ ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီရရှိသော ဆန္ဒမဲလက်မှတ် များနှင့် ကြိုတင်ဆန္ဒမဲလက်မှတ်များကိုအိတ်များတွင်ထည့်ကာလုံခြုံအောင်ပိတ်ပြီး ချိပ်တံဆိပ်ရိုက်နှိပ် ရမည်ဟုပါရှိပါသည်။ ထိုအကြောင်းအရာနှင့်ပတ်သတ်ပြီး မြန်ဖရယ် (MYNFREL)မှ စောင့်ကြည့်လေ့လာ ခဲ့သော မဲရုံ (၁၇၀)တွင် တွေ့ရှိရသည့်အခြေအနေမှာ မဲရုံများ၏ ၉၉ ရာခိုင်နှုန်းခန့်တွင် အထက်ပါညွှန်ကြားချက် အတိုင်းတိကျစွာဆောင်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ကိုယ်စားလှယ်လောင်းတစ်ဦးချင်းစီ ရရှိသည့် ကြိုတင်မဲများနှင့် မဲပုံးမှ ဆန္ဒမဲအိတ်များကို
သေချာစွာ ချိတ်ပိတ်မှုအခြေအနေ

**၉၉ %**

**သေချာစွာ ချိတ်ပိတ်ခဲ့ကြောင်း လေ့လာတွေ့ရှိခဲ့ပါသည်**






## ၈။ မဲရေတွက်ရာတွင် မဲရုံမှူး၏ ဆုံးဖြတ်ချက်ကို အခြားသူတစ်ဦးဦးမှ လွှမ်းမိုးနေမှုအခြေအနေ

မြန်ဖရယ်(MYNFREL)မှအခြေချစနစ်ဖြင့် စောင့်ကြည့်လေ့လာခဲ့သော မဲရုံ(၁၇၀)ရုံတွင် မဲရေတွက်နေစဉ်အချိန်အတွင်း မဲရုံမှူး၏ဆုံးဖြတ်ချက်များကို အခြားသူတစ်ဦးဦးမှလွှမ်းမိုးနေခြင်းကို မဲရုံအားလုံး၏ ၉၂.၃၅ ရာခိုင်နှုန်းတွင်မတွေ့ရှိရပဲ မဲရုံများ၏ ၇.၆၅ ရာခိုင်နှုန်းတွင်မှု မဲရုံမှူး၏ဆုံးဖြတ်ချက်ကို လွှမ်းမိုးနေမှုများရှိနေသည်ကိုတွေ့ရှိခဲ့ရပါသည်။

အဆိုပါလွှမ်းမိုးမှုများမှာ အများအားဖြင့် ပယ်မဲ၊ခိုင်လုံမဲနှင့်ပတ်သက်ပြီး မဲရုံမှူး၏ဆုံးဖြတ်ချက်ကို လွှမ်းမိုးသူအများစုမှာ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများဖြစ်ကြပါသည်။

မဲရေတွက်ရာတွင် မဲရုံမှူး၏ ဆုံးဖြတ်ချက်များကို လွှမ်းမိုးနေမှု့အား လေ့လာခြင်း



# ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းအတွေ့အကြုံနှင့်ပတ်သတ်၍ မဲဆန္ဒရှင်များကိုမေးမြန်းခြင်းမှ လေ့လာတွေ့ရှိချက်များ

မြန်ဖရယ် (MYNFREL) မှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများသည် ရွေးကောက်ပွဲနေ့အတွင်း မိမိတို့စောင့်ကြည့်လေ့လာသော တိုင်းဒေသကြီးနှင့်ပြည်နယ်(၅)ခုမှ မဲဆန္ဒရှင်စုစုပေါင်း (၅၉၁)ဦးကို မဲပေးခြင်းအတွေ့အကြုံများနှင့်ပတ်သက်၍ အမေးအဖြေများဆောင်ရွက်နိုင်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မဲပေးရန်မဲရုံသို့လာရောက်သောမဲဆန္ဒရှင်များကိုမေးမြန်းခြင်းမဟုတ်ပဲ မဲပေးပြီးမဲရုံမှပြန်ထွက်လာသောမဲဆန္ဒရှင်များကိုသာ ၎င်းတို့၏မဲပေးခဲ့သောအတွေ့အကြုံများကို မေးမြန်းစစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

မဲဆန္ဒရှင် (၅၉၁)ဦးကိုမေးမြန်းခဲ့သော မဲပေးခြင်းအတွေ့အကြုံဆိုင်ရာစစ်တမ်းမှ တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| ဆန္ဒမဲပေးခြင်းအတွေ့အကြုံနှင့်ပတ်သတ်၍ မဲဆန္ဒရှင်များနှင့် အမေးအဖြေ | |
|---|---|
| လျှို့ဝှက်စွာမဲပေးနိုင်မှု | ၈၉.၆ ရာခိုင်နှုန်း |
| မဲရုံမှူးများ၏ အပြုသဘောမဆောင်သော ပြောဆိုဆက်ဆံမှုများ | ၅၁.၂ ရာခိုင်နှုန်း |
| မဲဆန္ဒရှင်၏ မိသားစုဝင်များ အားလုံးမဲပေးခဲ့ခြင်း | ၉၀ ရာခိုင်နှုန်း |
| မဲဆန္ဒရှင်ပညာပေး အစီအစဉ်များ ရရှိခဲ့မှု | ၆၇.၂ရာခိုင်နှုန်း |
| အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ မဲဆန္ဒရှင်အသိပညာပေးသင်တန်း ရရှိမှု | ၁၀.၇ရာခိုင်နှုန်း |
| လက်ကမ်းစာစောင်များမှ မဲဆန္ဒရှင်အသိပညာပေးရရှိမှု | ၄.၆ရာခိုင်နှုန်း |
| ဗီနိုင်း၊ ပိုစတာများမှ မဲဆန္ဒရှင်အသိပညာပေးရရှိမှု | ၁၇ရာခိုင်နှုန်း |
| တီဗီ၊ ရေဒီယိုများမှ မဲဆန္ဒရှင်အသိပညာပေးရရှိမှု | ၄.၈ရာခိုင်နှုန်း |
| သတင်းမီဒီယာများမှ မဲဆန္ဒရှင်အသိပညာပေးရရှိမှု | ၁၃ရာခိုင်နှုန်း |
| နိုင်ငံရေးပါတီများမှ မဲဆန္ဒရှင်အသိပညာပေးရရှိမှု | ၁၃.၁ရာခိုင်နှုန်း |
| ဆိုရှယ်မီဒီယာ(Facebook)များမှ မဲဆန္ဒရှင်အသိပညာပေးရရှိမှု | ၅၅.၇ရာခိုင်နှုန်း |

# ရွေးကောက်ပွဲနေ့တွင် မဲရုံများအား အဆင့်သတ်မှတ်ခြင်း

မြန်ဖရယ် (MYNFREL) မှ ရွေးကောက်ပွဲဖြစ်စဉ်များအားစောင့်ကြည့်လေ့လာရာတွင် မိမိတို့၏ သတ်မှတ်နေရာဒေသများဖြစ်သော တိုင်းဒေသကြီးနှင့်ပြည်နယ်(၄)ခုမှ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့် လေ့လာသူ (၂၇)ဦးဖြင့် အချိန်(၃)လခန့်စောင့်ကြည့်လေ့လာခဲ့ခြင်းဖြစ်ပြီး၊ ရွေးကောက်ပွဲကာလရှည်စောင့်ကြည့် လေ့လာသူများကိုလည်း ရွေးကောက်ပွဲနှင့်ပတ်သက်သော သင်တန်းများနှင့်သတင်းအချက်အလက်များ စဉ်ဆက်မပြတ်ပံ့ပိုးပေးခဲ့ပါသည်။ ရွေးကောက်ပွဲနေ့တွင် ကာလရှည်စောင့်ကြည့်လေ့လာသူများကို မိမိတို့ ရောက်ရှိခဲ့သောမဲရုံများအား အဆင့်သတ်မှတ်ပေးရန်ပြောကြားခဲ့ရာ ကာလရှည်ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများ သွားရောက်စောင့်ကြည့်လေ့လာခဲ့သည့် မဲရုံစုစုပေါင်း (၂၆၄)ရုံတွင် ကောင်းမွန်သည်ဟု အဆင့်သတ်မှတ်ခြင်းခံရသော မဲရုံ ၆၃.၂၅ ရာခိုင်နှုန်း အသင့်အတင့်ကောင်းမွန်သည်ဟု အဆင့်သတ် မှတ်ခြင်းခံရသော မဲရုံ ၃၄.၂၈ ရာခိုင်နှုန်းနှင့် လိုအပ်ချက်ရှိနေသောမဲရုံများဟု အဆင့်သတ်မှတ်ခြင်းခံရသော မဲရုံ ၂.၄၄ ရာခိုင်နှုန်းအသီးသီးရှိခဲ့ပါသည်။

ထို့ပြင်ရွေးကောက်ပွဲနေ့ မဲပေးခြင်းအတွေ့အကြုံနှင့်ပတ်သတ်၍ အမေးအဖြေပြုလုပ်ခဲ့သော မဲဆန္ဒရှင် (၅၉၁)ဦးကလည်း၎င်းတို့မဲပေးခဲ့ကြသည့်မဲရုံများကို အဆင့်သတ်မှတ်ခြင်းများဆောင်ရွက်ခဲ့ကြပြီး ရလဒ်မှာ အောက်ပါအတိုင်းဖြစ်သည်။

| ကောင်း | သင့် | ညံ့ |
|---|---|---|
| ၆၄. ၄၆ ရာခိုင်နှုန်း | ၃၃.၁၆ ရာခိုင်နှုန်း | ၂.၃၆ ရာခိုင်နှုန်း |

## ရွေးကောက်ပွဲနေ့ဖြစ်စဉ် စောင့်ကြည့်လေ့လာခြင်းမှ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

၂၀၂၀ ခုနှစ် နိုဝင်ဘာလ (၈)ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကြီးကို ကိုဗစ်-၁၉ အခြေအနေများ အောက်မှကန့်သတ်ချက်များစွာဖြင့်ကျင်းပခဲ့ရရာ ရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူအားလုံးအတွက် စိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်ကို တွေ့ရှိခဲ့ရပါသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ကျင်းပရာတွင် အားနည်းချက်အချို့ရှိနေသည်မှာမှန်သော်လည်း ယေဘုယျအားဖြင့် ပြဿနာကြီးကြီးမားမား တစုံတရာကြုံတွေ့ခဲ့ရခြင်းမရှိပဲ ငြိမ်းချမ်းစွာကျင်းပနိုင်ခဲ့ခြင်းအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏စွမ်းဆောင်မှုများကို အသိအမှတ်ပြုရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲဖြစ်စဉ်များကို အဓိက အကောင်အထည်ဖော်ဆောင်ရွက်ရသော မြို့နယ်နှင့်ရပ်ကျေးအဆင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးနှင့် ရွေးကောက်ပွဲနေ့တွင်မဲရုံများ၌ အဓိကအကျဆုံးဖြစ်သော မဲရုံဝန်ထမ်းများသည်လည်းအများ အားဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ညွှန်ကြားထားသော လုပ်ထုံးလုပ်နည်းများနှင့် အမိန့်လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ကြသော်လည်း အချို့သောရွေးကောက်ပွဲကော်မရှင်အဖွဲ့ ခွဲများနှင့်မဲရုံဝန်ထမ်းတို့မှာ ရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အမိန့် ညွှန်ကြားချက်များကို ကောင်းစွာနားလည်သဘောပေါက်ခြင်းမရှိသည်များကိုလည်း တွေ့ရှိခဲ့ရပါသည်။ အဓိကအားဖြင့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ နားလည်သိရှိမှုမှာ ၂၀၁၅ ရွေးကောက်ပွဲထက်ပိုမိုတိုးတက်လာသော်လည်း အားနည်းချက်များရှိနေဆဲဖြစ်ပါသည်။

## ကြိုတင်မဲနှင့်ရွေးကောက်ပွဲနေ့ မဲပေးခြင်းဖြစ်စဉ်နှစ်ရပ်အား နှိုင်းယှဉ်လေ့လာခြင်းမှ လေ့လာတွေ့ရှိချက်များ

ရွေးကောက်ပွဲကာလရှည်စောင့်ကြည့်လေ့လာသူ(၂၇)ဦးမှ စောင့်ကြည့်လေ့လာခဲ့သည့် ကြိုတင်မဲပေးရသည့်မဲရုံများထဲမှ (၁၇၁)ရုံနှင့်ရွေးကောက်ပွဲကာလတိုစောင့်ကြည့်လေ့လာသူ (၁၇၁)ဦးမှ စောင့်ကြည့်လေ့လာခဲ့သည့်ရွေးကောက်ပွဲနေ့ မဲရုံ(၁၇၁)ရုံတို့မှ လေ့လာတွေ့ရှိချက်များအပေါ်အခြေခံ၍ ကြိုတင်မဲပေးခြင်းဖြစ်နှင့် ရွေးကောက်ပွဲနေ့မဲပေးခြင်းဖြစ်စဉ်နှစ်ရပ်အား နှိုင်းယှဉ်လေ့လာထားခြင်း ဖြစ်ပါသည်။



မြန်ဗရယ်

## အထွေထွေရွေးကောက်ပွဲနေ့တွင် စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်(အရှေ့/မြောက်) ပိုင်း၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ကာလတိုစောင့်ကြည့်လေ့လာသူများကို အွန်လိုင်းမှသင်တန်းပေးနေပုံ



# အပိုင်း(၈)
# ၂၀၂၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှောင်းပိုင်းကာလတွေ့ရှိချက်များ

မြန်ဖရယ် (MYNFREL) အနေဖြင့် ရွေးကောက်ပွဲအလွန်တိုင်တန်းမှုများနှင့် အငြင်းပွားမှုများနှင့် ပတ်သက်ပြီး တိုင်းနှင့်ပြည်နယ် (၄) ခုမှ မြို့နယ် (၂၇) မြို့နယ်တွင် ရွေးကောက်ပွဲကာလရှည်စောင့်ကြည့် လေ့လာသူ (၂၇) ဦးဖြင့် နိုဝင်ဘာလ (၃၀)ရက်နေ့အထိ စောင့်ကြည့်လေ့လာခဲ့ပါသည်။

ထိုသို့စောင့်ကြည့်လေ့လာရာတွင် တွေ့ရှိရသောတွေ့ရှိချက်များမှာ မိမိတို့စောင့်ကြည့်လေ့လာခဲ့သော မြို့နယ်ပေါင်း (၂၇)မြို့နယ်တွင် ရွေးကောက်ပွဲနေ့ဖြစ်စဉ်များနှင့်ပတ်သတ်ပြီး တိုင်ကြားမှုစုစုပေါင်း (၉) ခုရှိခဲ့ပြီး ၄င်းတိုင်တန်းမှုအားလုံးကိုလည်း သက်ဆိုင်ရာဌာနများမှဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် ကျိုင်းတုံမြို့နယ်နှင့်ကော့သောင်းမြို့နယ်များတွင် ရွေးကောက်ပွဲရလဒ်နှင့်ပတ်သတ်ပြီး တိုင်ကြားမှု(၁)ခုစီတွေ့ရှိခဲ့ရပြီး တိုင်ကြားမှု(၂)ခုလုံးမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှသာ တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ထို့နောက်တရားဝင်တိုင်ကြားခြင်းမဟုတ်ပဲ ရွေးကောက်ပွဲရလဒ်အပေါ် ဖောင်ပုံစံ(၁၉)တွင် လက်မှတ် ရေးထိုးရန် ငြင်းပယ်ခြင်း၊ လူကိုယ်တိုင်ဖြစ်စေ(သို့မဟုတ်) ဖုန်းဖြင့်ဖြစ်စေ ရွေးကောက်ပွဲရလဒ်များကို ပြန်လည်စီစစ်ပေးရန် နိုင်ငံရေးပါတီအချို့မှမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ တောင်းဆိုခြင်း များကိုလည်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်ပြီး မဲဆန္ဒရှင်များနှင့် နိုင်ငံရေးပါတီများ၏ အမြင်သဘောထားများကို စောင့်ကြည့်လေ့လာခဲ့ရာ မဲဆန္ဒရှင်အများစုမှာ ရွေးကောက်ပွဲရလဒ်အပေါ်ကျေနပ်မှုရှိကြပြီး အချို့နိုင်ငံရေး ပါတီများမှာရွေးကောက်ပွဲတွင် တရားမဲ့ပြုကျင့်မှုများနှင့်မသမာမှုများရှိခဲ့သည်ဟုဆိုကာ ကျေနပ်မှုမရှိကြ သော်လည်းတရားဝင်တိုင်တန်းမှုများ မပြုလုပ်ကြပါ။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှောင်းပိုင်းကာလ တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ချက်

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် မဲရလဒ်နှင့်ပတ်သက်ပြီး မကျေနပ်မှုများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် စောဒကတက်မှုများကို ယခင်ရွေးကောက်ပွဲများထက် ပိုမိုများပြားစွာ တွေ့ရှိရပါသည်။ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာကန့်ကွက်လွှာအမှု စုစုပေါင်း (၂၉) မှုရှိခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်လွှာအမှု စုစုပေါင်း (၄၅)မှု ရှိခဲ့ပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်မူ ရွေးကောက်ပွဲဆိုင်ရာကန့်ကွက်လွှာအမှု မည်မျှရှိသည်ကို ရွေးကောက်ပွဲကော်မရှင်မှ တရားဝင်ထုတ်ပြန်ကြေညာခြင်းမရှိသေးသောကြောင့် အချက်အလက် နှိုင်း ယှဉ်ပြသနိုင်ခြင်းမရှိပါ။ ရွေးကောက်ပွဲဆိုင်ရာ ကန့်ကွက်လွှာအမှု စုစုပေါင်းမည်မျှရှိသည်ကို မသိရှိရသော် လည်း နိုင်ငံရေးပါတီအချို့၏ရွေးကောက်ပွဲရလဒ်အပေါ် မကျေနပ်မှုများကို သတင်းမီဒီယာများမှ တစ်ဆင့် များစွာကြားသိရပြီး မကျေနပ်မှုနှင့်စောတကတက်မှုအများဆုံးနိုင်ငံရေးပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ရွေးကောက်ပွဲရလဒ်အပေါ် ကျေနပ်မှုမရှိကြောင်း တရားဝင်ထုတ်ဖော်ပြောကြားမှုကြောင်း(၁၈)ကြိမ်ခန့် ဆိုရှယ်မီဒီယာတွင်ဖော်ပြခဲ့ပြီး ၄င်းတို့တွင် သဘောထားထုတ်ပြန်ချက်များ၊ အိတ်ဖွင့်ပေးစာများနှင့်သတင်းစာရှင်းလင်းပွဲများအပြင် အခြားနိုင်ငံရေးပါတီများနှင့် ပူးပေါင်း၍ ပူးတွဲသဘောထားထုတ်ပြန်ချက်များလည်း ပါဝင်ပါသည်။ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ တပ်မတော်မှလည်းထုတ်ဖော်ပြောကြားချက်များနှင့် သဘောထားထုတ်ပြန်ချက်များကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

***ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၏ ရွေးကောက်ပွဲနှင့်ပတ်သက်သော ထုတ်ပြန်ကြေညာချက်များ***

| စဉ် | ရက်စွဲ | အကြောင်းအရာ | ကန့်ကွက်သည့်ပုံစံ |
|---|---|---|---|
| ၁ | နိုဝင်ဘာ ၇ | ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ(၆)ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်ပြည်သူများသို့အသိပေးနှိုးဆော်ခြင်း ကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်ခြင်း | ရွေးကောက်ပွဲကော်မရှင်သို့ အိတ်ဖွင့်ပေးစာ မှ |
| ၂ | နိုဝင်ဘာ ၁၀ | ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်မညီသည့် UEC၏ လုပ်ရပ်များအပေါ် ထောက်ပြကန့်ကွက်ခြင်း | ဥက္ကဌ ဦးသန်းဌေး မိန့်ခွန်း မှ |
| ၃ | နိုဝင်ဘာ ၁၁ | နိုင်ငံရေးပါတီ(၁၆)ပါတီ၏၂၀၂၀ ပြည့်နှစ် ပါတီစုံအထွေထွေ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် ဖြစ်ပွားခဲ့သည့် ဆန္ဒမဲရလဒ်စာရင်းများနှင့် ပတ်သက်၍ ပူးတွဲသဘောထား ထုတ်ပြန်ကြေညာချက် | အခြား ၁၆ပါတီနှင့် ပူးတွဲ ထုတ်ပြန်ကြေညာချက် မှ |
| ၄ | နိုဝင်ဘာ ၁၃ | နိုင်ငံရေးပါတီ (၁၆)ပါတီလက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့ သော ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်နှင့် ပတ်သက်ပြီး ပြည်သူများအား ရှင်းလင်းတင်ပြခြင်း | ဗဟိုအလုပ်အမှုဆောင် ဦးဝဏ္ဏမောင်လွင် မိန့်ခွန်း မှ |
| ၅ | နိုဝင်ဘာ ၁၄ | ဒုတိယဥက္ကဌ ဦးခင်ရီ၏ ၂၀၂၀ အထွေထွေရွေးကောက်ပွဲဖြစ်စဉ်တစ်ရပ်လုံးအပေါ်ခြုံငုံသုံးသပ်ပြီးပြည်သူသို့ပန်ကြားချက် | ဒုဥက္ကဌ ဦးခင်ရီ မိန့်ခွန်းမှ |
| ၆ | နိုဝင်ဘာ ၁၆ | ဗဟိုအလုပ်အမှုဆောင် ဦးဝေလွင်၏ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အိတ်ဖွင့်ကန့်ကွက်ခြင်း | ဦးဝေလွင်၏ မိန့်ခွန်းမှ |
| ၇ | နိုဝင်ဘာ ၁၉ | ဥက္ကဌ ဦးသန်းဌေး၏ ပြည်သူများသို့ ပန်ကြားခြင်း | ဥက္ကဌ ဦးသန်းဌေးမိန့်ခွန်းမှ |
| ၈ | နိုဝင်ဘာ ၂၄ | "ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ကျော်လွန်လုပ်ဆောင်ကာ ဥပဒေမှပေးအပ်ထားသော တာဝန်များ ပျက်ကွက်နေသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား အရေး ယူပေးပါရန်" နိုင်ငံတော်သမ္မတထံသို့ အိတ်ဖွင့်စာ ပေးပို့ခြင်း | နိုင်ငံတော်သမ္မတထံသို့ အိတ်ဖွင့်စာ ပေးပို့ခြင်းမှ |
| ၉ | နိုဝင်ဘာ ၂၆ | ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများမှ ရှင်းလင်းပွဲ | သတင်းစာရှင်းလင်းပွဲမှ |
| ၁၀ | ဒီဇင်ဘာ ၆ | မဲစာရင်းကြေညာချက်အလွဲများနှင့် မဲလက်မှတ်ဖောင်းပွမှုများအတွက် ပွင့်လင်းမြင်သာမှုရှိစေရန် ရှင်းလင်းသင့်ကြောင်း အိတ်ဖွင့်ပေးစာပေးပို့ခြင် | အိတ်ဖွင့်ပေးစာမှ |
| ၁၁ | ဒီဇင်ဘာ ၁၁ | ရွေးကောက်ပွဲဆိုင်ရာ ရှင်းလင်းပွဲ ဖိတ်ကြားခြင်း | သတင်းစာရှင်းလင်းပွဲမှ |

SOURCE: Union Solidarity and Development Party Facebook Page

# ရွေးကောက်ပွဲအလွန်ကာလ နောက်ပိုင်းဖြစ်ပွားခဲ့သည့် အရေးကြီးဖြစ်စဉ်အချို့အား အကျဉ်းချုပ်စုစည်းဖော်ပြထားသည့်အချိန်ပြဇယား

## ရွေးကောက်ပွဲအလွန် အငြင်းပွားမှုများမှ အရေးကြီးဖြစ်စဉ်များ

ရွေးကောက်ပွဲနှောင်းပိုင်း ဖြစ်စဉ်လေ့လာချက်

**နိုဝင်ဘာ ၈**

### ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ

ပြည်ထောင်စုကြံ့ခိုင်ရေး
နှင့်ဖွံ့ဖြိုးရေးပါတီမှ
ပြည်ထောင်စု
ရွေးကောက်ပွဲ ကော်မရှင်
သို့ အိတ်ဖွင့်ပေးစာ ပေးပို့

**နိုဝင်ဘာ ၁၁**

### ကြံ့ခိုင်ရေး + ၁၆ ပါတီ

ပြည်ထောင်စုကြံ့ခိုင်ရေး
နှင့်ဖွံ့ဖြိုးရေးပါတီနှင့်
အခြား ၁၆ ပါတီပူးတွဲ၍
ရွေးကောက်ပွဲအသစ်တခု
ကျင်းပပေးရန်ထုတ်ပြန်

**နိုဝင်ဘာ ၁၂**

### တပ်မတော်

ကြံ့ခိုင်ရေးပါတီ၏
ရွေးကောက်ပွဲ
ပြန်ကျင်းပရန် တောင်းဆိုမှု
တပ်သဘောထားမပါဟုဆို

**နိုဝင်ဘာ ၁၈**

### ရွေးကောက်ပွဲ ကော်မရှင်

၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုက
ရေစီအထွေထွေ
ရွေးကောက်ပွဲ ရလဒ်များ
ထုတ်ပြန်ပြီးစီးကြောင်း
အသိပေးကြေညာ

**နိုဝင်ဘာ ၂၀**

### တပ်မတော်

တပ်မဲဆန္ဒနယ်များ
အတွင်း ပြန်လည်စိစစ်
သုံးသပ်နိုင်ရေး
ရွေးကောက်ပွဲ
စာရွက်စာတမ်းများ ကူး
ယူခွင့်ရရှိရန်တောင်းဆို

**ဒီဇင်ဘာ ၇**

### ရွေးကောက်ပွဲ ကော်မရှင်

ရွေးကောက်ပွဲ
စာရွက်စာတမ်းများ
တပ်မတော် တောင်းဆိုချက်
UEC ငြင်းပယ်

**ဒီဇင်ဘာ ၂၃**

### တပ်မတော်

မြို့နယ်အလိုက် မဲစာရင်း
ကွာဟချက်
စီစစ်တွေ့ရှိမှု ထုတ်ပြန်

**ဒီဇင်ဘာနှောင်းပိုင်း**

*မှတ်ချက်၊ ၊ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့အထိသာ*

# ရွေးကောက်ပွဲနှင့်ပတ်သက်ဆက်စပ်သူများသို့ တိုက်တွန်းအကြံပြုချက်များ

## လွှတ်တော်သို့ တိုက်တွန်းအကြံပြုချက်များ

- မြန်မာနိုင်ငံကလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာစာချုပ်တွေဖြစ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ အမျိုးသမီးများအပေါ်နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားပပျောက်ရေးဆိုင်ရာအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CEDAW)နှင့် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်(CRPD) ပါပြဋ္ဌာန်းချက်တွေနှင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်တွေကိုက်ညီမှုရှိလာအောင် ပြန်လည်သုံးသပ်ပြင်ဆင်ပြဋ္ဌာန်းပေးရန်၊
- ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့်ပုဒ်မများဖြစ်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း ပုဒ်မ(၃၉၈)ပါ အချက်အလက်များကို ပြင်ဆင်ပေးရန်။

  မြန်မာနိုင်ငံ၏ လက်ရှိအနေအထားအရ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန်ခက်ခဲမှုများစွာရှိနိုင်သည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေကိုမပြင်ဆင်နိုင်သေးခင်ကာလများ၌လည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏အမှီအခိုကင်းမှုနှင့်သမာသမတ်ကျမှုကို အာမခံပေးနိုင်မည့်ဖွဲ့စည်းမှုပုံစံပေါ်ပေါက်လာစေရန် ပြည်ထောင်စုလွှတ်တော်မှကြိုးစားအားထုတ်သင့်ပါသည်။ (ဥပမာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်ခြင်း)
- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ စွမ်းဆောင်ရည်ပိုမိုတိုးတက်လာစေရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုများမြင့်မားလာစေရန် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များနှင့် အမြဲတမ်းဝန်ထမ်းများ ခန့်အပ်ထားရှိနိုင်ရန်နှင့် လစာငွေချီးမြှင့်နိုင်စေရန် ပြည်ထောင်စုလွှတ်တော်မှဘတ်ဂျက်ငွေများ တိုးမြှင့်ချထားပေးရန်။
- ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၃၉၆-က)နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ (၁၀ - ည) ပါ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဥပဒေကို ပြဋ္ဌာန်းအကောင်အထည်ဖော်ပေးရန်။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တိုက်တွန်းအကြံပြုချက်များ –

နောက်လာမည့်ရွေးကောက်ပွဲများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ အများယုံကြည်မှုတို့ ပိုမိုတိုးတက်လာစေရန်နှင့် ရွေးကောက်ပွဲဖြစ်စဉ်များတွင် အားလုံးအကျုံးဝင်ပါဝင်နိုင်မှုကို ပိုမိုမြင့်မားလာစေရန်အကြံပြုချက်များ-

- မြန်မာနိုင်ငံကလက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာစာချုပ်တွေဖြစ်သည့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားပပျောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ် (CEDAW)နှင့် မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာသဘောတူစာချုပ်(CRPD) ပါပြဋ္ဌာန်းချက်တွေနှင့် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်တွေကိုက်ညီမှုရှိလာအောင် ပြန်လည်သုံးသပ်ပြင်ဆင်ပြဋ္ဌာန်းပေးရန်၊
- ရွေးကောက်ပွဲဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှဦးဆောင်ပြီး အခြားရွေးကောက်ပွဲနှင့်ဆက်စပ်ပတ်သက်သူများဖြစ်သော နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အခြားဌာနများနှင့်ပူးပေါင်း၍ ပုံမှန်ဆွေးနွေးသုံးသပ်ပြီး

ပြင်ဆင်ရန်လိုအပ်သည်များကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြရန်။

- ရွေးကောက်ပွဲ ပြက္ခဒိန်နှင့်ရွေးကောက်ပွဲဖြစ်စဉ် အချိန်ဇယားတို့ကို ရွေးကောက်ပွဲဆိုင်ရာဥပဒေများတွင်ထည့်သွင်းပြဋ္ဌာန်းပေးရန်( ဥပမာ-ရွေးကောက်ပွဲနေ့၊ မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်စာရင်းသွင်းခြင်း၊ ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ခြင်း၊ မဲဆွယ်စည်းရုံးခြင်း အစရှိသည်များ)
- ပြည်ထောင်စုရွေးကောက်ပွဲဥပဒေတွင်ပါဝင်သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်တွင်ပါဝင်သော အဖွဲ့ဝင်များ၏ အရည်အချင်းကန့်သတ်ချက်များတွင် အသက်အရွယ်ကန့်သတ်ချက်ကို လျှော့ပေါ့ပြင်ဆင်ပေးရန်။
- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုနှင့် အများပြည်သူများသိရှိပြီး ပိုမိုပါဝင်လာနိုင်မည့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ အခြားရွေးကောက်ပွဲတွင်ပါဝင်ပတ်သတ်သူများ(နိုင်ငံရေးပါတီ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အခြားဌာနများ၊ စသဖြင့်)နှင့် ပုံမှန်တွေ့ဆုံဆွေးနွေးရန်။
- ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၏စွမ်းဆောင်ရည်ပိုမိုတိုးတက်လာစေရန် ဒီမိုကရေစီယဉ်ကျေးမှုဆိုင်ရာသင်တန်းများ၊ ရုံးလုပ်ငန်းဆိုင်ရာသင်တန်းများ၊ နည်းပညာဆိုင်ရာသင်တန်းများနှင့်အလုပ်ရုံဆွေးနွေးပွဲများ ပုံမှန်ချမှတ်အကောင်အထည်ဖော်ရန်။
- မဲရုံတွင်တာဝန်ထမ်းဆောင်မည့်မဲရုံအဖွဲ့ဝင်များအား ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းဆိုင်ရာသင်တန်းများကို ထိရောက်မှုရှိသော သင်တန်းအစီအစဉ်များဖြင့် စွမ်းရည်မြှင့်တင်ပေးရန်။
- မဲစာရင်းပြုစုခြင်းလုပ်ငန်းစဉ်ကို ပိုမိုမှန်ကန်လာစေရန် သက်ဆိုင်ရာဌာနများနှင့် စနစ်တကျပူးပေါင်းဆောင်ရွက်ပြီး မဲဆန္ဒရှင်စာရင်းများကို အချိန်နှင့်တပြေးညီပုံမှန် ဆောင်ရွက်ရန်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အမိန့်ညွှန်ကြားချက်များကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ထံသို့ မြန်ဆန်စွာနှင့် မှန်ကန်တိကျစွာရောက်ရှိစေရန် ဆောင်ရွက်ပေးရန်။
- မဲဆန္ဒရှင်စာရင်းသွင်းရာတွင် မဲဆန္ဒရှင်များ၏မဲပေးပိုင်ခွင့်အခွင့်အရေးများ မဆုံးရှုံးစေရန် ရွေးကောက်ပွဲနည်းဥပဒေ ပုဒ်မ(၁၂) ပါပြဋ္ဌာန်းချက်များကို တိတိကျကျ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- မဲစာရင်းကပ်ထားကြေညာခြင်းနှင့်ပတ်သက်ပြီး ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ကြေညာခြင်းလုပ်ငန်းစဉ်များကို အများပြည်သူ(အထူးသဖြင့် - တိုင်းရင်းသားဒေသများနှင့်ကျေးလက်ဒေသများ)သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်။
- နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်နေသည်များကို စဉ်ဆက်မပြတ်စောင့်ကြည့်ပြီး တိကျစွာအရေးယူဆောင်ရွက်ရန်။
- နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်လောင်းများ လူမှုကွန်ရက်မှ မဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် လမ်းညွှန်ချက်၊ စည်းမျဉ်း စည်းကမ်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိကျစွာပြဋ္ဌာန်းပေးထားရန်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှဦးဆောင်ပြီး အရပ်ဘက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရွေးကောက်ပွဲအသိပညာပေးလုပ်ငန်းစဉ်များကို တပ်မတော်တပ်ရင်း၊ တပ်ဖွဲ့ဝင်များနှင့် အတူနေအိမ်ထောင်စုဝင်များအား ရွေးကောက်ပွဲအသိပညာပေးခြင်းလုပ်ငန်းစဉ်များကို ပိုမိုကျယ်ပြန့်စွာဆောင်ရွက်ရန်။
- ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များတွင်လုပ်ထုံးလုပ်နည်းများ တသမတ်တည်းဖြစ်စေရန်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်ရန်။
- မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ ကြိုတင်မဲပေးခြင်းလုပ်ငန်းစဉ်များကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်ဆောင်ရွက်ရန်။
- မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအတွက် မဲပေးခွင့်မဆုံးရှုံးစေရန် ပုံစံ(၁၅)ဖြင့်၊ ၄င်းတို့မူရင်း မဲဆန္ဒနယ်များအတွက် ကြိုတင်မဲပေးပိုင်ခွင့်ကို ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲတွင် ကိုဗစ်-၁၉ အခြေအနေများကြောင့် အထူးအခွင့်အရေး ပေးသကဲ့သို့ နောင်လာမည့်ရွေးကောက်ပွဲများတွင်လည်း သက်ဆိုင်ရာမဲဆန္ဒနယ်ပြင်ပရောက်နေသူအားလုံးကို ပုံစံ(၁၅)ဖြင့် ၄င်းတို့မူရင်း မဲဆန္ဒနယ်များအတွက်မဲပေးနိုင်စေရန် ဥပဒေပြင်ဆင်ရန်။
- မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များအနက်မှ အနည်းဆုံး ရက်ပေါင်း(၉၀)ပြည့်ပြီးသူများ အနေဖြင့် ပုံစံ(၃-က)ဖြင့် ၄င်းတို့လက်ရှိရောက်ရှိနေသောမဲဆန္ဒနယ်အတွက် မဲပေးပိုင်ခွင့် (သို့မဟုတ်) ပုံစံ(၁၅)ဖြင့် ၄င်းတို့မူရင်းမဲဆန္ဒနယ်များအတွက် မဲပေးပိုင်ခွင့်ကို ရွေးချယ်ခွင့်ရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နည်းဥပဒေပြင်ဆင်ဆောင်ရွက်ပေးရန်။
- ရွေးကောက်ပွဲနေ့တွင် မဲရုံများ၏အကျယ်အဝန်းနှင့် အခင်းအကျင်းသည် ၄င်းမဲရုံတွင် မဲပေးပိုင်ခွင့်ရှိသောမဲဆန္ဒရှင်အရေအတွက်နှင့်ကိုက်ညီမှုရှိစေရန် ကြီးကြပ်ဆောင်ရွက်ပေးရန်။
- ကိုယ်စားလှယ်လောင်းများ၏ရွေးကောက်ပွဲအသုံးစရိတ် (ပုံစံ-၂၀) နှင့် ပတ်သတ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှသေချာစွာ ကြီးကြပ်နိုင်မည့်လုပ်ထုံးလုပ်နည်းများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်။
- ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများနှင့်ပတ်သတ်ပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်နှင့် ရွေးကောက်ပွဲနေ့တွင် မဲရုံ၌တာဝန်ထမ်းဆောင်မည့် တာဝန်ရှိသူများနှင့်မဲရုံအဖွဲ့ဝင်များ သေချာစွာနားလည်သဘောပေါက်စေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စီစဉ်ဆောင်ရွက်ပေးရန်။

## နိုင်ငံရေးပါတီများသို့ တိုက်တွန်းအကြံပြုချက်များ

မြန်မာနိုင်ငံတွင် ဒီမိုကရေစီစံနှုန်းများနှင့် ဒီမိုကရက်တစ်ယဉ်ကျေးမှုများ ပိုမိုအားကောင်းလာစေရန် အတွက် မြန်မာ့နိုင်ငံရေးကိုရှေ့ဆုံးမှ ဦးဆောင်မောင်းနှင်မည့်နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးပါသည်။ ထို့ကြောင့် နိုင်ငံရေးပါတီများသည်ဒီမိုကရေစီစံနှုန်းများကိုလိုက်နာပြီး ပြည်သူလူထုကို အမှန်တကယ်ကိုယ်စားပြုနိုင်သောနိုင်ငံရေးပါတီများအတွက် အကြံပြုချက်များ

- ဒီမိုကရေစီစံနှုန်းများနှင့်ကိုက်ညီသော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ပေါ်ပေါက်လာစေရန်အတွက် နိုင်ငံရေးပါတီများမှ ယခင်ရွေးကောက်ပွဲအတွေ့အကြုံများကို အခြေခံပြီး ဥပဒေမူဘောင်များကိုပြင်ဆင်၊ ပယ်ဖျက်၊ ဖြည့်စွက်နိုင်ရေး အစဉ်တစိုက်ကြိုးစားအားထုတ်ရန်။

- နိုင်ငံရေးပါတီများအနေဖြင့်နိုင်ငံတော်၏ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်လိုက်နာစောင့်ထိန်းရန်ကျင့်ဝတ်များကို တိကျစွာလေးစားလိုက်နာရန်။
- နိုင်ငံရေးပါတီများအနေဖြင့် မိမိတို့ပါတီမှဝင်ရောက်ယှဉ်ပြိုင်သော ကိုယ်စားလှယ်လောင်းများနှင့်ပါတီဝင်များအား ဒီမိုကရေစီစံချိန်စံနှုန်းများနှင့် ရွေးကောက်ပွဲလုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်သောသင်တန်းများပို့ချပေးရန်။
- လူမျိုးရေး၊ ဘာသာရေးနှင့် ထိရှလွယ်သောအကြောင်းအရာများကို အသုံးပြု၍ မဲဆွယ်စည်းရုံးခြင်းများကို ရှောင်ကျဉ်ရန်။
- နိုင်ငံရေးပါတီများ၏ ပါတီရံပုံငွေများနှင့်ရွေးကောက်ပွဲဆိုင်ရာအသုံးစရိတ်များသည် ပြည်သူလူထုထံမှသာဆင်းသက်လာသည်ဖြစ်ရာ ယင်းရံပုံငွေနှင့်အသုံးစရိတ်များကို အများပြည်သူ သိရှိနိုင်စေရန် ပွင့်လင်းမြင်သာစွာဖြင့် စာရင်းရှင်းတမ်းများပြုလုပ်ဆောင်ရွက်ရန်။
- နိုင်ငံရေးဖြစ်စဉ်တွင် အားလုံးအကျုံးဝင်ပါဝင်နိုင်မှု မြင့်တက်လာစေရန်အတွက် နိုင်ငံရေးပါတီများ၏ ဆုံးဖြတ်ချက်ချမှတ်နေသောနေရာများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များနှင့်မဲဆွယ်စည်းရုံးရေးလုပ်ငန်းစဉ်များကို ဦးဆောင်မည့်သူများကို ရွေးချယ်ရာတွင် တိုင်းရင်းသားလူနည်းစုများနှင့်လူငယ်များကို ပိုမိုထည့်သွင်းစဉ်းစားပေးရန်။
- မဲဆန္ဒရှင်များ၏ မဲပေးခွင့်မဆုံးရှုံးစေရန် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ကပ်ထားကြေညာခြင်းလုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများမှသက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများနှင့်ပတ်သတ်ပြီး ပါတီခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့်ပါတီဝင်များ သေချာစွာနားလည်သဘောပေါက်စေရန်နိုင်ငံရေးပါတီများမှစီစဉ်ဆောင်ရွက်ပေးရန်။
- မိမိတို့ပါတီများမှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြသော လွှတ်တော်ကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအနိုင်မရရှိပါကလည်း ရွေးကောက်ပွဲအသုံးစရိတ်(ပုံစံ-၂၀)ကို သက်ဆိုင်ရာခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ မပျက်မကွက်တင်သွင်းရေးကိုတိုက်တွန်းရန်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့ တိုက်တွန်းအကြံပြုချက်များ

မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ပိုမိုအားကောင်းလာစေရန်နှင့် ရွေးကောက်ပွဲများပိုမိုအဆင့်အတန်းမြင့်မားလာစေရန် အရပ်ဘက်လူမှုအဖွဲ့အစည်းများတွင်လည်း တာဝန်ရှိသည်ဖြစ်ရာ ပြည်သူလူထုနှင့်နိုင်ငံတော်ကို အမှန်တကယ်အကျိုးပြုနိုင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပိုမိုအားကောင်း လာစေရန် အကြံပြုချက်များ

- အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ(မဲဆန္ဒရှင်အသိပညာပေး၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း)ဆောင်ရွက်ရာတွင် ကျင့်ဝတ်စည်းမျဉ်း စည်းကမ်းများနှင့် အညီဘက်လိုက်မှုမရှိဘဲ အများယုံကြည်မှုပိုမိုမြင့်တက်လာအောင်ဆောင်ရွက်ရန်။
- အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ(မဲဆန္ဒရှင်အသိပညာပေး၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း)ဆောင်ရွက်ရာတွင်အားလုံးအကျုံးဝင်ပါဝင်မှုကို မြှင့်တင်နိုင်ရန်အတွက် လူငယ်များ၊ အမျိုးသမီးများ၊ တိုင်းရင်းသားလူနည်းစုများ၊ မသန်စွမ်းများ၊ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားခြားနားသူများနှင့် အခြားဖယ်ကျဉ်ခံအုပ်စုများကို ပိုမိုထည့်

သွင်းစဉ်းစားပေးရန်။

- အရပ်ဘက်အဖွဲ့အစည်းများ၏ မတူညီသောရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများကိုအခြေခံပြီး ပိုမိုကောင်းမွန်သော ရွေးကောက်ပွဲဆိုင်ရာဥပဒေမူဘောင်များ ပေါ်ပေါက်လာစေရန် အရပ်ဘက်အဖွဲ့အစည်းများအချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုက်တွန်းနိုးဆော်ခြင်းလုပ်ငန်းစဉ်များ ပူးပေါင်းဆောင်ရွက်ကြရန်။

## အခြားအစိုးရဝန်ကြီးဌာနများသို့ တိုက်တွန်းအကြံပြုချက်

မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဖြစ်စဉ်ပိုမိုအားကောင်းလာစေရန်နှင့် ဒီမိုကရေစီပိုမိုရင့်သန်လာစေရန်အတွက် ရွေးကောက်ပွဲနှင့် ပတ်သက်ဆက်စပ်သော အစိုးရဌာနများအချင်းချင်း၏ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးပါပါသည်။ ထို့ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့ လွယ်ကူစေရန်နှင့် မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများမဆုံးရှုံးစေရန် အစိုးရဌာနများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လိုအပ်သည့်နေရာများတွင် ယခုထက်ပို၍ စိတ်အားထက်သန်စွာ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါသည်။

■

# မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၂၀ ခုနှစ်ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးသည် မြန်မာနိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်တွင် အရေးပါသောမှတ်တိုင်တစ်ခုဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကလည်း ၂၀၂၀ ခုနှစ်အထွေထွေရွေးကောက်ပွဲကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စံ(၅)ချက်ဖြစ်သော လွတ်လပ်သောရွေးကောက်ပွဲဖြစ်ရန်၊ တရားမျှတမှုရှိစေရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ အများယုံကြည်လက်ခံသောရွေးကောက်ပွဲဖြစ်ရန်နှင့် ပြည်သူ့ဆန္ဒနှင့်ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရန်ဟူသည့် စံနှုန်းများနှင့်အညီကျင်းပပေးမည်ဟု ကတိပြုထားခဲ့ပါသည်။

၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပချိန်ဖြစ်သော နိုဝင်ဘာလ(၈)ရက်နေ့သည် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယလှိုင်းကိုဖြတ်ကျော်နေရချိန်ဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ကာလရှည်အကျပ်အတည်းဖြစ်သော လက်နက်ကိုင်ပဋိပက္ခအခြေအနေများကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအပေါ် စိုးရိမ်ပူပန်မှုများရှိခဲ့ကြသော်လည်း ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့ရှိ တစ်ချို့မြို့နယ်များတွင် ရွေးကောက်ပွဲများကိုမကျင်းပနိုင်ခဲ့သည်မှအပ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကိုယေဘုယျအားဖြင့် ငြိမ်းချမ်းစွာနှင့် အထိအခိုက်နည်းစွာ ကျော်ဖြတ်နိုင်ခဲ့သည်ကိုတွေ့ရှိခဲ့ရပါသည်။

၂၀၂၀ ခုနှစ်ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒနယ်မြေအများစုအနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီနှင့်အခြားအနိုင်ရ နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်များအားလုံးအတွက် မိမိတို့ MYNFREL မှ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မိမိတို့အားရွေးကောက်တင်မြှောက်ပေးခဲ့ကြသောသက်ဆိုင်ရာမဲဆန္ဒရှင်များကို အမှန်တကယ်ကိုယ်စားပြုပြီး နိုင်ငံတော်၏ ငြိမ်းချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကိုဦးဆောင်နိုင်ကြစေရန် ဆန္ဒပြုပါသည်။

ထိုကဲ့သို့ ၂၀၂၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန် အဓိကဦးဆောင်စီမံခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်

ကာလရှည်ပူးပေါင်းဆောင်ရွက်ခဲ့ကြသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ နိုင်ငံရပ်ခြားမှမြန်မာနိုင်ငံသားများ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရန်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်ပူးပေါင်းဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာရှိမြန်မာနိုင်ငံဆိုင်ရာသံရုံးများ၊ အမြဲတမ်းကိုယ်စားလှယ်ရုံးများနှင့်ကောင်စစ်ဝန်ရုံးများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရန် ကိုဗစ်-၁၉ အခြေအနေများကြားမှ ပံ့ပိုးကူညီပေးခဲ့ကြသော ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ မဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် အခြားစေတနာ့ဝန်ထမ်းများ၊ ကြိုတင်မဲပေးခြင်းဖြစ်စဉ်တလျှောက်နှင့် ရွေးကောက်ပွဲနေ့တွင် မဲရုံနှင့် မဲဆန္ဒရှင်များကို လုံခြုံရေးစီမံပေးခဲ့ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရွေးကောက်ပွဲအထူးရဲများနှင့် အခြားစေတနာ့ဝန်ထမ်းများ၊ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လျက်ရှိသော တိုင်းရင်းသားဒေသများတွင် ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရန်နှင့် မဲဆန္ဒရှင်များ၏လွတ်လပ်စွာမဲပေးပိုင်ခွင့်အတွက် အာမခံပေးခဲ့ကြသော မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ မဲဆန္ဒရှင်များအတွက် မဲဆန္ဒပေးခြင်းဆိုင်ရာ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများနှင့် အခြားအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံတွင် ပိုမိုကောင်းမွန်သောရွေးကောက်ပွဲဖြစ်စဉ်များနှင့် ဥပဒေမူဘောင်များ ပေါ်ပေါက်လာစေရန်ရည်ရွယ်၍ စောင့်ကြည့်လေ့လာခဲ့ကြသော ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲဖြစ်စဉ်များ အဆင်ပြေချောမွေ့စေရန် နည်းပညာ၊ ရုံပုံငွေနှင့် လိုအပ်သောပစ္စည်းကိရိယာများ ပံ့ပိုးကူညီပေးခဲ့ကြသော မိတ်ဆွေနိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကိုဗစ်-၁၉ ကပ်ရောဂါကိုအန်တုရ၍ နိုင်ငံသားတယောက်၏တာဝန်ဝတ္တရားများကို လေးစားလိုက်နာပြီး ဆန္ဒမဲပေးခဲ့ကြသော မြန်မာနိုင်ငံမှမဲဆန္ဒရှင်များအားလုံးကို အလေးအနက်မှတ်တမ်းတင်ဂုဏ်ပြုလိုက်ရပါသည်။

■

## ရွေးကောက်တင်မြှောက်ပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်စာရင်းချုပ် (၂၀၂၀ ခုနှစ်)

| စဉ် | ပါတီ/တသီးပုဂ္ဂလ | ပြည်သူ့ လွှတ်တော် | အမျိုးသား လွှတ်တော် | တိုင်း/ပြည်နယ် လွှတ်တော် | တိုင်းရင်းသား လူမျိုး လွှတ်တော် | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | ၂၅၈ | ၁၃၈ | ၅၀၁ | ၂၃ | ၉၂၀ |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၂၆ | ၇ | ၃၈ | - | ၇၁ |
| ၃။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁၃ | ၂ | ၂၇ | - | ၄၂ |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၄ | ၄ | ၇ | – | ၁၅ |
| ၅။ | တအောင်း(ပလောင်) အမျိုးသားပါတီ | ၃ | ၂ | ၇ | – | ၁၂ |
| ၆။ | မွန်ညီညွတ်ရေးပါတီ | ၂ | ၃ | ၆ | ၁ | ၁၂ |
| ၇။ | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ | ၃ | ၁ | ၇ | – | ၁၁ |
| ၈။ | ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ | ၂ | ၃ | ၃ | – | ၈ |
| ၉။ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁ | – | ၃ | – | ၄ |
| ၁၀။ | ရခိုင့်ဦးဆောင်ပါတီ | ၁ | – | ၂ | – | ၃ |
| ၁၁။ | 'ဝ' အမျိုးသားပါတီ | ၁ | – | ၂ | – | ၃ |
| ၁၂။ | လားဟူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | – | – | ၁ | ၁ | ၂ |
| ၁၃။ | ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၁ | – | ၁ | – | ၂ |
| ၁၄။ | လီဆူအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | – | – | ၁ | ၁ | ၂ |
| ၁၅။ | ဒီမိုကရေစီ ပါတီသစ်(ကချင်) | – | ၁ | ၁ | – | ၂ |
| ၁၆။ | ကယန်းအမျိုးသားပါတီ | – | – | – | ၁ | ၁ |
| ၁၇။ | ကရင်ပြည်သူ့ပါတီ | – | – | – | ၁ | ၁ |
| ၁၈။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ | – | – | ၁ | – | ၁ |
| ၁၉။ | ချင်းအမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ | – | – | ၁ | – | ၁ |
| ၂၀။ | တစ်သီးပုဂ္ဂလ | – | – | ၂ | ၂ | ၄ |
| | **စုစုပေါင်း** | ၃၁၅ | ၁၆၁ | ၆၁၂ | ၂၉ | ၁၁၁၇ |

# မြန်ဖရယ်နှင့်အတူ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအား ကာလရှည်စောင့်ကြည့်လေ့လာခဲ့သည့် အနယ်နယ်အရပ်ရပ်မှ ပါဝင်အားဖြည့်ဆောင်ရွက်ခဲ့ကြသူများ

## ကချင်ပြည်နယ်



## ကယားပြည်နယ်



## ရှမ်းပြည်နယ် အရှေ့ပိုင်း



## ရှမ်းပြည်နယ် မြောက်ပိုင်း



## တနင်္သာရီတိုင်းဒေသကြီး



## Myanmar Network Organization for Free and Fair Elections

## MYNFREL

## မြန်ဖရယ် အကြောင်း

ကျွန်ုပ်တို့အဖွဲ့အစည်းသည် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စတင်ဖော်ဆောင်သည့် ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာရန်အတွက် အထူးအရေးပေါ်ကွန်ယက်အဖြစ် မြန်ဖရယ် (MYNFREL) ကို ၂၀၁၀ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

မြန်ဖရယ် (MYNFREL) အဖွဲ့အစည်းသည် အကျိုးအမြတ်မယူသောအဖွဲ့အစည်းတစ်ခုဖြစ်ပြီး လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများ သေချာစေမှုကို အားဖြည့်ပေးကာ ဒီမိုကရေစီကျကျ ကိုယ်စားပြုမှုဖြစ်ပေါ်လာစေရန်ဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် ပညာဗဟုသုတပြည့်ဝသော နိုင်ငံသားများပါဝင်ဆောင်ရွက်မှုကို အားပေးခြင်းဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် ဒီမိုကရေစီထွန်းကားစေလိုသည့်မျှော်မှန်းချက်ဖြင့် ဖွဲ့စည်းထားသည့်အဖွဲ့ ဖြစ်ပါသည်။